# မြန်မာ့အလင်း

အတွဲ (၅၃)
အမှတ် (၁၀၈)

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**

၁၃၇၅ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁ ရက် ၂၀၁၄ ခုနှစ်၊ ဇန်နဝါရီ ၁၆ ရက်၊ ကြာသပတေးနေ့။


**ပြည်သူ့စွမ်းအားဖြင့် နိုင်ငံတော်ကို တည်ဆောက်အံ့**

ပြည်ထောင်စုလွှတ်တော်အစည်းအဝေး

# Analogue မှ Digital စနစ်သို့ ပြောင်းလဲထုတ်လွှင့်မည့်နယ်မြေများရှိ အခြေခံလူမှုအဖွဲ့အစည်းများနှင့်မိသားစုများ Digital TV အစီအစဉ်များ ဖမ်းယူကြည့်ရှုနိုင်ရန်အတွက် Set-top Box များဝယ်ယူ၍ အခမဲ့ဖြန့်ဝေပေး

နေပြည်တော် ဇန်နဝါရီ ၁၅

ယနေ့ ပြည်ထောင်စုလွှတ်တော်အစည်းအဝေး တတိယနေ့ကို အစီအစဉ်(၆)ခုဖြင့် ဆောင်ရွက်ခဲ့ပြီး ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းဥပဒေကြမ်းနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာကဏ္ဍအလိုက် ပါဝင်သော ပြည်ထောင်စုအဆင့် ဌာန/အဖွဲ့အစည်းများ၏ မူဝါဒ၊ ရည်မှန်းချက်၊ လုပ်ငန်းစဉ်များ၊ နိုင်ငံပိုင်အခန်း ရင်းနှီးမြှုပ်နှံမှု လျာထားချက်များကို သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ရှင်းလင်းတင်ပြကြသည်။

ထိုသို့ ရှင်းလင်းတင်ပြရာတွင် **ပြန်ကြားရေးဝန်ကြီးဌာန** ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည်က Analogue Switch Off လုပ်ငန်းစဉ်အတွက် ရုပ်မြင်သံကြားထပ်ဆင့်လွှင့်စက်ရုံ ၅၆ ရုံတွင် Digital လွှင့်စက်များ ပြောင်းလဲတပ်ဆင်ခြင်း၊ မြန်မာပိုင်းအစီအစဉ်နှင့် တိုင်းရင်းသားအစီအစဉ်များကို လိုင်းတိုဖြင့် ကောင်းစွာဖမ်းယူမရနိုင်သော တိုင်းရင်းသားဒေသများအတွက် အရည်အသွေးကောင်းမွန်စွာဖြင့် ထုတ်လွှင့်ပေးနိုင်ရန် ရုပ်မြင်သံကြားထပ်ဆင့်လွှင့်စက်ရုံ ၂၅ ရုံတွင် FM Radio Transmitter များ တိုးချဲ့တပ်ဆင်ခြင်း၊

*စာမျက်နှာ ၇ ကော်လံ ၁* ◆

သံလုံးပစ်ပြိုင်ပွဲ၌ ရွှေတံဆိပ်ဆုရရှိခဲ့သူ ကိုသန်းလှိုင်။

# ရွှေတံဆိပ်၊ ငွေတံဆိပ်များဆွတ်ခူးခဲ့သော မြန်မာမသန်စွမ်းအားကစားမောင်မယ်များရဲ့ ဖွင့်ဟစကား

သတင်း-မောင်မောင်မြင့်ဆွေ၊ ဓာတ်ပုံ- တင်စိုး(မြန်မာ့အလင်း)



နေပြည်တော် ဇန်နဝါရီ ၁၅

**နေပြည်တော်တွင် ကျင်းပလျက်ရှိသော (၇)ကြိမ်မြောက် အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲတွင် မြန်မာနိုင်ငံကိုယ်စားပြု အားကစားမောင်မယ်များ ပါဝင်ဆင်နွှဲလျက်ရှိရာ ဇန်နဝါရီ ၁၅ ရက်က ကျင်းပခဲ့သည့် ပြေးခုန်ပစ်ပြိုင်ပွဲအချို့မှ ရွှေနှင့်ငွေတံဆိပ် ဆွတ်ခူးရရှိခဲ့သူ မြန်မာအားကစားမောင်မယ်တို့၏ ဖွင့်ဟသံအချို့ကို ဖော်ပြလိုက်ပါသည်။**

**ကိုသန်းလှိုင်(ရွှေတံဆိပ်၊ သံလုံးပစ်)**

"အခုလို ရွှေတံဆိပ်ဆုကို နိုင်ငံတော်အတွက် ဆွတ်ခူးပေးနိုင်တာ ဂုဏ်ယူပီတိဖြစ်ရပါတယ်။ အခုစံချိန်က ၉ ဒသမ ၉၅ မီတာဖြစ်ပြီး ဒီလိုရွှေတံဆိပ်ရအောင် အချိန်အကြာကြီး လေ့ကျင့်ခဲ့ရတာပါ။ ကျွန်တော်က သံလုံးပစ်အားကစားနဲ့ သံပြားပစ်အားကစားပြိုင်ပွဲတွေမှာ ပါဝင်ယှဉ်ပြိုင်ခဲ့ပြီး နိုင်ငံတကာပြိုင်ပွဲတွေမှာ ရွှေတံဆိပ်စုစုပေါင်း ၁၆ ခု ဆွတ်ခူးနိုင်ခဲ့ပါပြီ။ ပထမအကြိမ် အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲကနေ အခု (၇)ကြိမ်မြောက် အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲအထိ ရွှေတံဆိပ်ကို သံလုံးပစ်၊ သံပြားပစ်ပြိုင်ပွဲတွေမှာ ရွှေဆုတွေ ဆက်တိုက်ရယူနိုင်ခဲ့တာပါ။ ကျန်းမာရေးကောင်းနေသမျှ နိုင်ငံတော်အတွက် အားကစားပြိုင်ပွဲတွေ ဆက်တိုက်ကစားပေးသွားမှာဖြစ်ပါတယ်။"

**မထက်ထက်အေး(ရွှေတံဆိပ်၊အမျိုးသမီး သံပြားပစ်)**

"ဒီပြိုင်ပွဲမှာ သမီးက ၁၆ ဒသမ ၁၀ မီတာ ပစ်နိုင်ခဲ့ပြီး ရွှေတံဆိပ်ဆု ဆွတ်ခူးခဲ့ခြင်း ဖြစ်ပါတယ်။ ၂၀၀၅ ခုနှစ် ဖိလစ်ပိုင် ဖိတ်ခေါ်ပြိုင်ပွဲမှာ ၁၅ မီတာ ပစ်နိုင်ခဲ့ပြီး ရွှေတံဆိပ်ရရှိခဲ့ပါတယ်။ ၂၀၀၆ ခုနှစ် ပစိဖိတ်ဂိမ်းမှာလည်း ငွေတံဆိပ်နှစ်ခုနဲ့ကြေးတံဆိပ်တစ်ခု

*စာမျက်နှာ ၃ ကော်လံ ၆* ○

# ပါရာဂိမ်းပြိုင်ပွဲ ဂိုးဘောပြိုင်ပွဲ ပထမနေ့ပွဲစဉ်များကျင်းပ

နေပြည်တော် ဇန်နဝါရီ ၁၅

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် ပထမဦးဆုံးအကြိမ် ကျင်းပသော (၇)ကြိမ်မြောက် အရှေ့တောင်အာရှ မသန်စွမ်းအားကစားပြိုင်ပွဲ ဂိုးဘောအားကစားပြိုင်ပွဲကို နေပြည်တော် ဝဏ္ဏသိဒ္ဓိ ၃၀၀၀ စီးရုံတွင် ဒီဇင်ဘာ ၁၅ ရက် နံနက် ၉ နာရီတွင် စတင်ကျင်းပကြောင်း သိရသည်။

အဆိုပါပြိုင်ပွဲတွင် အမျိုးသမီးပွဲစဉ်၌ မြန်မာ၊ လာအိုနှင့် ထိုင်းနိုင်ငံတို့

*စာမျက်နှာ ၅ ကော်လံ ၄* ●

# မသန်စွမ်းအမျိုးသားအလျားခုန်၌ ဗီယက်နမ်ရွှေတံဆိပ်ရ

နေပြည်တော် ဇန်နဝါရီ ၁၅

(၇)ကြိမ်မြောက် အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲ၏ အမျိုးသား အလျားခုန်ပြိုင်ပွဲကို နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိအားကစားကွင်းနှင့် ဝဏ္ဏသိဒ္ဓိလေ့ကျင့်ရေးကွင်း(၁)၌ ဇန်နဝါရီ ၁၅ ရက် နံနက်က ကျင်းပရာ ဗီယက်နမ်မှ အလျားခုန်ကစားသမား NGOC HIGP က ရွှေတံဆိပ်ဆွတ်ခူးခဲ့သည်။

ဒုတိယ ငွေတံဆိပ်ဆုကို ထိုင်းကစားသမား JAKKIT က ရရှိခဲ့ပြီး အင်ဒိုနီးရှားမှ ABDUL HALIM က ကြေးတံဆိပ် ဆွတ်ခူးရရှိခဲ့သည်။ အဆိုပါ ဆုရရှိသော အားကစားသမားများအား ဝဏ္ဏသိဒ္ဓိအားကစားပြိုင်ကွင်းအတွင်း ဆုများ ချီးမြှင့်ခဲ့သည်။

(၇)ကြိမ်မြောက် အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲ၏ အမျိုးသား အလျားခုန်ပြိုင်ပွဲဗိုလ်လုပွဲတွင် ထိုင်း၊ ဗီယက်နမ်၊ မြန်မာနှင့် အင်ဒိုနီးရှားတို့မှ အားကစားသမား စုစုပေါင်း ခြောက်ဦး ပါဝင်ဆင်နွှဲခဲ့ကြသည်။

ဗိုလ်လုပွဲပြိုင်ပွဲဝင် အလျားခုန်ကစားသမားများမှာ ထိုင်းမှ JAKKIT၊ ဗီယက်နမ်မှ NGOC HIEP၊ DUC HUNG နှင့် ANH TUAN၊ မြန်မာမှ အောင်သန်းဦး၊ အင်ဒိုနီးရှားမှ ABDUL HALIM တို့ ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။

သတင်း-မောင်သစ္စာ

ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

**အမျိုးသား အလျားခုန်ပြိုင်ပွဲတွင် ရွှေတံဆိပ်ဆွတ်ခူးသွားသော ဗီယက်နမ်မှ NGOC HIGP။**

## ယနေ့ မာတိကာ


သြစတြေးလျ အရှေ့တောင်ပိုင်းအပူလှိုင်းကျရောက်၊ နေရာအချို့ တောမီးသတိပေးချက်များ ထုတ်ပြန်ထား — စာ - ၄

ပုဂံခေတ် အနော်ရထာမင်း တူးဖော်ခဲ့သည့် ၉၉ ဧက ကျယ်ဝန်းသည့် ကန်မြဲကန် — စာ - ၁၀

ဖုန်းကာဗာများ ရွှေဖြင့် ပြုလုပ်သုံးစွဲလာကြ — စာ - ၁၂

အိမ်ကွင်းမှာ အမှတ်ပြည့်ယူဖို့ အားထုတ်ရမယ့် မန်စီးတီး — စာ - ၁၄


**ကြော်ငြာအချုပ်ပိုလေးမျက်နှာပါရှိ**

ယနေ့ထုတ် မြန်မာ့အလင်း သတင်းစာတွင် ကြော်ငြာ အချုပ်ပို လေးမျက်နှာ ပါရှိပါသည်။




## မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

# ဝိုင်းဝန်းအားပေးကြရမည့် တာဝန်

လူတို့အနေဖြင့် ကိုယ်အင်္ဂါအစိတ်အပိုင်းတစ်ခုခု ချို့ယွင်းသွားပြီဆိုလျှင် မသန်မစွမ်းဖြစ်သွားပြီဟု မှတ်ယူတတ်ကြပါသည်။ အမှန်စင်စစ် ထိုသို့မဟုတ်ပါ၊ ချို့ယွင်းသွားသည့် အစိတ်အပိုင်းသာလျှင် အစွမ်းနည်းသွားခြင်းဖြစ်ပါသည်။ ကျန်အင်္ဂါအစိတ်အပိုင်းတို့၏အစွမ်းမှာ ရှိမြဲဖြစ်ပါသည်။ တစ်ခါတစ်ရံ ကိုယ်အင်္ဂါအစိတ်အပိုင်းတစ်ရပ် ချွတ်ယွင်းခြင်းကြောင့် ကျန်အစိတ်အပိုင်းများ ပိုမိုထက်မြက် စွမ်းအားတက်လာသည်ကိုလည်း တွေ့ရပါသည်။ ထိုကျန်ရှိအစိတ်အပိုင်းများဖြင့်ပင်လျှင် လူ့လောကကြီးတွင် အစွမ်းအစရှိသော လူသားတစ်ယောက် အဖြစ် ဆက်လက်ရပ်တည်နိုင်စွမ်းရှိပါသည်။

မိမိတို့နိုင်ငံတွင် ယခုကျင်းပနေသည့် အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲကြီးသည် လူသားတစ်ယောက်အနေဖြင့် ကိုယ်အင်္ဂါတစ်စုံတစ်ခု ချို့ယွင်းအားနည်းချက် ရှိပင်ရှိငြားသော်လည်း အစွမ်းအစရှိနေဆဲဖြစ်ကြောင်း သက်သေထူလိုက်ခြင်းဖြစ်ပါသည်။ မှန်ပါသည်၊ ယခုဝင်ရောက်ယှဉ်ပြိုင်နေကြသော အာဆီယံနိုင်ငံအသီးသီးမှ မသန်စွမ်းအားကစားသမားများမှာ အစွမ်းကိုယ်စီရှိကြသူများပင်ဖြစ်ပါသည်။ ထို့ထက်ပို၍ဆိုရလျှင် သူတို့အားလုံးသည် မသန်မစွမ်းပုဂ္ဂိုလ်များမဟုတ်ကြပါ။ မသန်သော်လည်း အစွမ်းအစရှိသော လူသားများဖြစ်ကြပါသည်။ တစ်နည်းအားဖြင့် မိမိနိုင်ငံ မိမိလူမျိုးအတွက် ကိုယ်အင်္ဂါချို့ယွင်းနေလင့်ကစား မလျှော့သောဇွဲစိတ်ဓာတ်ကိုအရင်းပြုပြီး အောင်ဆုများဆွတ်ခူးပေးဖို့ ကြိုးစားနေသည့် အားကစားသူရဲကောင်းများပင်ဖြစ်ပါသည်။ ဇွဲအားမာန်ကိုတံခွန်ထူထားကြသူများ လေ့ခွက်ချည်းကျန် အလံမလှဲစတမ်းစိတ်ဓာတ်ကို အရင်းတည်ထားကြသူများပင်ဖြစ်ပါသည်။ လောကကိုဘယ်သောအခါမှ အရှုံးမပေးဘူးဟု ဆိုသူများဖြစ်ပါသည်။ ငါ့နိုင်ငံ ငါ့လူမျိုးအတွက် ငါ၏ကြိုးစားအားထုတ်မှုဖြင့် နိုင်ငံ့ဂုဏ်ဆောင်ရမည်ဟူသော သူရဲကောင်းတို့စိတ်မျိုးဖြစ်ပါသည်။ ဤသည်မှာ ချီးကျူးဂုဏ်ယူစရာကောင်းသော စိတ်ဓာတ်ဖြစ်ပါသည်။

ထို့ကြောင့် ယခုကျင်းပနေဆဲ အာဆီယံမသန်စွမ်း အားကစားပြိုင်ပွဲကြီးတွင် ဝင်ရောက်ယှဉ်ပြိုင်နေကြသော မိမိတို့မြန်မာအားကစားသမားများ အောင်ဆုအောင်ပန်းများ အသီးသီးဆွတ်ခူးနိုင်စေရေးအတွက် မြန်မာပြည်သူတစ်ရပ်လုံးက ဝိုင်းဝန်းအားပေးကြရမည်ဖြစ်ပါသည်။ ဂုဏ်ယူကြရမည်ဖြစ်ပါသည်။ လူတိုင်းမလုပ်နိုင်သောအရာကို ဤမသန်စွမ်း မြန်မာအားကစားသမားများက ကြိုးစားအားထုတ်နေကြခြင်းဖြစ်ပါသည်။ မြန်မာ့ရေ၊ မြန်မာ့မြေပေါ်တွင် အောင်ပန်းအလီလီဆွတ်ခူးနိုင်ရေး အားပေးကြရန်မှာ မြန်မာပြည်သူတစ်ရပ်လုံး၏ တာဝန်ပင်ဖြစ်ပါသည်။ မြန်မာအားကစားသမားများက မြန်မာ့ဂုဏ်ကို ဆောင်ကြရမည်ဖြစ်ပါသည်။ မသန်သော်လည်း စွမ်းကြောင်းကို ပြသကြပါလိမ့်မည်။ ကိုယ်လက်အင်္ဂါတစ်စုံတစ်ရာ ချို့ယွင်းနေကြသော်လည်း အစွမ်းအစမရှိကြသူများမဟုတ်ကြပါ။ အစွမ်းကိုယ်စီရှိကြသူများသာ ဖြစ်ပါသည်။ ။

## ပြည်တွင်းသတင်း

# သတ္တမအကြိမ်မြောက် မြန်မာ-ဘင်္ဂလားဒေ့ရှ် ကုန်သွယ်ရေး ပူးတွဲကော်မရှင်စည်းဝေး

**နေပြည်တော် ဇန်နဝါရီ ၁၅**

သတ္တမအကြိမ် မြန်မာ-ဘင်္ဂလားဒေ့ရှ် ကုန်သွယ်ရေးပူးတွဲကော်မရှင် အစည်းအဝေးကို ဇန်နဝါရီ ၁၄ ရက် နံနက် ၁၀ နာရီက နေပြည်တော်ရှိ တံ့ဂပူရိဟိုတယ်၌ကျင်းပရာ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာပွင့်ဆန်းက အမှာစကားပြောကြားရာတွင် မြန်မာနိုင်ငံသည် နိုင်ငံတကာနှင့် တံခါးဖွင့် ဆောင်ရွက်နေသည့် အချိန်အခါဖြစ်၍ မိမိတို့ကုန်သွယ်ဖက်နိုင်ငံများနှင့် ကုန်သွယ်ဆက်ဆံမှုပိုမိုကောင်းမွန်လာအောင် ကြိုးပမ်းဆောင်ရွက်နေကြောင်း၊ နှစ်နိုင်ငံကုန်သွယ်မှု ပိုမိုပူးပေါင်းဆောင်ရွက်နိုင်ရန် သက်ဆိုင်ရာပုဂ္ဂလိကကဏ္ဍမှ ပုဂ္ဂိုလ်များကလည်း ဆွေးနွေးသွားကြမှာဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ရေထွက်ကုန်၊ ဆားကြမ်းနှင့် လယ်ယာထွက်ကုန်အချို့ကို ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ တင်ပို့လိုကြောင်း၊ နှစ်နိုင်ငံကုန်သွယ်မှုကို နှစ်စဉ်ဒေါ်လာသန်း ၅၀၀ ရရှိအောင် နှစ်ဖက်စလုံးမှ ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် ကုန်သွယ်မှုလျင်မြန်ချောမွေ့တိုးတက်ပြီး စီးပွားရေးလုပ်ငန်းများ လုပ်သာကိုင်သာရှိစေရန် ကုန်သွယ်ရေးဖြေလျှော့မှုများကို ဆောင်ရွက်ပေးနေကြောင်း၊ သက်ဆိုင်ရာဌာနများ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် အကြိုဆွေးနွေးညှိနှိုင်းခဲ့သည့် ကုန်သွယ်မှုကိစ္စရပ်များကို နှစ်နိုင်ငံအကျိုးရှိမည့် ရလဒ်များရရှိအောင် ဆွေးနွေးညှိနှိုင်းမည်ဟု မျှော်လင့်ကြောင်း ပြောကြားသည်။

ယင်းနောက် ဘင်္ဂလားဒေ့ရှ်နိုင်ငံ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအတွင်းဝန် H.E.Mr. Mahbub Ahmed က မြန်မာနိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့သည် ကာလကြာရှည်စွာ ချစ်ကြည်ရင်းနှီးမှုရှိခဲ့ကြောင်း၊ မြန်မာနိုင်ငံသည် ဘင်္ဂလားဒေ့ရှ်နိုင်ငံအား ၁၉၇၁ ခုနှစ်ကပင် ပထမဦးဆုံး အသိအမှတ်ပြုသည့်နိုင်ငံဖြစ်ကြောင်း၊ ဒေသတွင်းနှင့် ဒေသခွဲ အဖွဲ့အစည်းများကြားတွင် မိမိတို့နှစ်နိုင်ငံသည် တက်ကြွစွာပါဝင်ခဲ့ကြကြောင်း၊ မိမိတို့နှစ်နိုင်ငံသည် ပြည်တွင်းနှင့် ဒေသတွင်းကုန်သွယ်မှု ဖွံ့ဖြိုးတိုးတက်ရေး ရရှိရန်အတွက် အလားအလာရှိသော ကုန်စည်များကို ချဲ့ထွင်လိုကြောင်း၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန်အတွက် နှစ်နိုင်ငံလုံးသည် ပို့ကုန်အခြေခံသည့် ကုန်သွယ်မှုကို ဆောင်ရွက်နေကြကြောင်း၊ နှစ်နိုင်ငံဆက်နွှယ်မှုများကို ပြန်လည်သုံးသပ်၍ နှစ်နိုင်ငံအကျိုးရှိမည့် ကုန်သွယ်မှု၊ ရင်းနှီးမြှုပ်နှံမှု နည်းလမ်းများ ရှာဖွေဆောင်ရွက်သင့်ကြောင်း ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# ပဲခူးတွင် လူကုန်ကူးမှုတိုက်ဖျက်ရေး အသိပညာပေးဆိုင်းဘုတ်စိုက်ထူ

**ပဲခူး ဇန်နဝါရီ ၁၅**

ပဲခူးတိုင်းဒေသကြီး လူကုန်ကူးမှုတားဆီးကာကွယ်ရေးအဖွဲ့မှ ကြီးမှူးကျင်းပသော လူကုန်ကူးမှုတိုက်ဖျက်ရေး အသိပညာပေး လှုံ့ဆော်ပိုစတာဆိုင်းဘုတ်စိုက်ထူပွဲကို ဇန်နဝါရီ ၁၄ ရက် နံနက် ၇ နာရီခွဲက ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံးထောင့် (ကြက်လျှာစွန်းအနီး)၌ကျင်းပရာ ပဲခူးတိုင်းဒေသကြီး လူကုန်ကူးမှုတားဆီးကာကွယ်ရေးအဖွဲ့ဥက္ကဋ္ဌ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့အတွင်းရေးမှူး ဦးမောင်မောင်သန့်၊ ပဲခူးတိုင်းဒေသကြီး လူကုန်ကူးမှုတားဆီးကာကွယ်ရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး မြဝင်း၊ ပဲခူးတိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်မေသူနှင့် ပဲခူးတိုင်းဒေသကြီး မိခင်နှင့် ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ ဘဏ္ဍာရေးမှူး ဒေါ်ရင်ရင်မြင့်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ)** အဆိုပါအခမ်းအနားသို့ ပဲခူးတိုင်းဒေသကြီး လူကုန်ကူးမှု တားဆီးကာကွယ်ရေးအဖွဲ့စုမှူး ရဲမှူး ရဲဝင်းအောင်နှင့်တပ်ဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့ဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးများ စုစုပေါင်း အင်အား ၂၀၀ ခန့်တက်ရောက်ခဲ့ကြောင်း သိရသည်။

**သန့်စင်**

## အခွန်ထမ်းပြည်သူများသို့ ကျသင့်ကုန်သွယ်လုပ်ငန်းခွန်များ လစဉ်ပေးဆောင်ကြပါရန် အသိပေးနှိုးဆော်ခြင်း

ကုန်သွယ် လုပ်ငန်းခွန် ဥပဒေပုဒ်မ ၁၂ နှင့် ကုန်သွယ်လုပ်ငန်းခွန်စည်းမျဉ်း ၉ ပါ ပြဋ္ဌာန်းချက်တို့နှင့်အညီ လစဉ်ပေးဆောင်ရမည့် ကုန်သွယ်လုပ်ငန်းခွန် အချိန်မီထမ်းဆောင်နိုင်ရန်အတွက် လိုအပ်သည့် ငွေသွင်းချလံပုံစံများကို မြို့နယ်အခွန်ဦးစီးဌာနမှူးရုံး သို့မဟုတ် ကုမ္ပဏီဆိုင်ရာ အခွန်ရုံးတို့တွင် ကြိုတင်ရယူထားကြပါရန်နှင့် ဆိုင်ရာလကုန်ဆုံးပြီး ၁၀ ရက်အတွင်း မပျက်မကွက် ပေးသွင်းကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

## အခွန်ထမ်းပြည်သူများသို့ သုံးလပတ်ကြေညာလွှာများ တင်သွင်းကြပါရန် အသိပေးနှိုးဆော်ခြင်း

ကုန်သွယ်လုပ်ငန်းခွန် ဥပဒေပုဒ်မ ၁၂ နှင့် ကုန်သွယ်လုပ်ငန်းခွန်စည်းမျဉ်းတို့ပါ ပြဋ္ဌာန်းချက်တို့နှင့်အညီ သုံးလတစ်ကြိမ် ကြေညာလွှာတင်သွင်းခြင်းကို အချိန်မီတင်သွင်းနိုင်ရန်အတွက် လိုအပ်သည့်ကြေညာလွှာပုံစံများကို မြို့နယ်အခွန်ဦးစီးဌာနမှူးရုံး သို့မဟုတ် ကုမ္ပဏီများဆိုင်ရာ အခွန်ရုံးတို့တွင် ကြိုတင်ရယူထားကြပါရန်နှင့် ဆိုင်ရာသုံးလပတ်ကုန်ဆုံးပြီး တစ်လအတွင်း မပျက်မကွက် တင်သွင်းကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

ပြည်တွင်းသတင်း

# ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း နော်ဝေနိုင်ငံသံအမတ်ကြီး H.E.Ms.Ann Ollestad အား လက်ခံတွေ့ဆုံ

**နေပြည်တော် ဇန်နဝါရီ ၁၅**

ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် မြန်မာနိုင်ငံတော်ဆိုင်ရာ နော်ဝေနိုင်ငံသံအမတ်ကြီး H.E.Ms. Ann Ollestad အား ယနေ့နံနက် ၉ နာရီ ၁၅ မိနစ်တွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ဇမ္ဗူသီရိဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

အဆိုပါတွေ့ဆုံပွဲသို့ ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့်အတူ ပြည်သူ့လွှတ်တော် နိုင်ငံတကာဆက်ဆံရေးကော်မတီဥက္ကဋ္ဌ ဦးလှမြင့်ဦး၊ ကော်မရှင်အဖွဲ့ဝင် ဒေါ်အေးအေးမူနှင့် လွှတ်တော်ရုံးမှ တာဝန်ရှိသူများတက်ရောက်ကြသည်။ **(သတင်းစဉ်)**

ပြည်ထောင်စု လွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့် မြန်မာနိုင်ငံတော်ဆိုင်ရာ နော်ဝေနိုင်ငံသံအမတ်ကြီး H.E.Ms. Ann Ollestad တို့ နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ဇမ္ဗူသီရိဧည့်ခန်းမဆောင်၌ ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (သတင်းစဉ်)

## မိုးလေဝသအခြေအနေ

**ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ** ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။

**မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ** လှိုင်းအသင့်အတင့်ရှိမည်။

**နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ** တစ်ပြည်လုံးတွင် အများအားဖြင့် သာယာမည်။

○ **ရွှေဖုံးမှ**

ရရှိခဲ့ပါသေးတယ်။ (၄)ကြိမ်မြောက် အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲမှာလည်းကြေးတံဆိပ်ရရှိခဲ့ပြီး နောက်ထပ်ပြိုင်ပွဲတွေမှာလည်း ဆုတွေရယူနိုင်အောင်ကြိုးစားသွားမှာပါ။ သမီးက လုံတံပစ်ရော၊ သံလုံးပစ်အားကစားပြိုင်ပွဲတွေမှာ ဝင်ရောက်ယှဉ်ပြိုင်သွားမှာဖြစ်ပြီးနောင်နှစ် နိုင်ငံတကာပြိုင်ပွဲတွေမှာလည်း နိုင်ငံ့ဂုဏ်ကိုဆောင်နိုင်ဖို့ကြိုးစားသွားမယ်လို့ ဆုံးဖြတ်ထားပါတယ်”။

**မကေသွယ်မိုး(ငွေတံဆိပ်၊အမျိုးသမီးသံပြားပစ်)**

“ဒီဆုက သမီးဘဝအတွက် ပထမဆုံးဆုတံဆိပ် ဖြစ်ပါတယ်။ ပြည်တွင်းပြိုင်ပွဲတွေမှာ ကစားခဲ့ဖူးပေမယ့် နိုင်ငံတကာပြိုင်ပွဲတွေမှာ အခု ပထမဆုံးအကြိမ် စတင်ယှဉ်ပြိုင်တာဖြစ်ပါတယ်။ ပြီးခဲ့တဲ့နှစ် ဇူလိုင်လကတည်းက အောင်ဆန်းကွင်းမှာ စခန်းသွင်းလေ့ကျင့်ခဲ့တာဖြစ်ပြီး အခုလိုဆုရယူနိုင်ခဲ့တာဖြစ်ပါတယ်”

# သန်းခေါင်စာရင်း၏အနှစ်သာရသည် မေးခွန်းများအား မှန်မှန်ကန်ကန်ဖြေကြားခြင်းပင်ဖြစ်

**နေပြည်တော် ဇန်နဝါရီ ၁၅**

ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်အတွင်းရှိ တိုင်းရင်းသားငြိမ်းချမ်းရေးအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များအား ၂၀၁၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်းဆိုင်ရာ ရှင်းလင်းဆွေးနွေးပွဲကို ဇန်နဝါရီ ၁၄ ရက် နံနက် ၇ နာရီခွဲက ကရင်ပြည်နယ် ဘားအံမြို့ရှိ ပြည်နယ်အစိုးရအဖွဲ့အစည်းအဝေးခန်းမ၌ ကျင်းပရာ အခမ်းအနားသို့ ဗဟိုသန်းခေါင်စာရင်းကော်မရှင်ဥက္ကဋ္ဌ ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီအဖွဲ့ဝင်၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးခင်ရီ၊ ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မင်းနှင့် ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ကရင်ပြည်နယ် သန်းခေါင်စာရင်းကြီးကြပ်မှုကော်မတီဝင်များ၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်အတွင်းရှိ တိုင်းရင်းသားငြိမ်းချမ်းရေးအဖွဲ့အစည်းများဖြစ်ကြသည့် KNU ကရင်အမျိုးသားအစည်းအရုံးနှင့် တပ်မတော်အသီးသီးမှကိုယ်စားလှယ်များ၊ BGF (KPF) အဖွဲ့၊ BGF တပ်နယ်ကွပ်ကဲရေးအဖွဲ့၊ KNU ငြိမ်းချမ်းရေးကောင်စီ၊ DKBA (ကလိုထူးဘော) အဖွဲ့၊ မွန်ပြည်နယ်သစ်ပါတီနှင့် ဖိုးတခေတ်အဖွဲ့တို့မှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

ရှေးဦးစွာ ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မင်းက ကရင်ပြည်နယ်အတွင်း ပြည်လုံးကျွတ်သန်းခေါင်စာရင်းကောက်ယူရေးအတွက် စီစဉ်ဆောင်ရွက်ထားမှုများနှင့် တိုင်းရင်းသားငြိမ်းချမ်းရေးအဖွဲ့အစည်းများ၏ နယ်မြေများအတွင်း ကောက်ယူနိုင်ရေးအတွက် ကူညီဆောင်ရွက်ပေးနိုင်ရေး အခြေအနေများကိုရှင်းလင်းပြောကြားသည်။

ထို့နောက် ဗဟိုသန်းခေါင်စာရင်းကော်မရှင်ဥက္ကဋ္ဌ ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီအဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီး ဦးခင်ရီ **(အပေါ်ပုံ)**က မြန်မာနိုင်ငံအတွင်း ယခုနှစ်၌ဆောင်ရွက်မည့် ပြည်လုံးကျွတ် သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်းကို အားလုံးပူးပေါင်းပါဝင်ရေးဆိုသည့် ရည်မှန်းချက်ဖြင့် မြန်မာတစ်နိုင်ငံလုံးကောက်ယူနိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းစဉ်များ၏ ထိရောက်အောင်မြင်မှုများကြောင့် တိုင်းရင်းသားညီအစ်ကိုများနှင့် အတူတကွလက်တွဲကာ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကကျသည့် သန်းခေါင်စာရင်း ကောက်ယူရေးလုပ်ငန်းကို အောင်မြင်စွာဆောင်ရွက်နိုင်လိမ့်မည်ဟု ယုံကြည်ပါကြောင်း။

ငြိမ်းချမ်းရေး အဖွဲ့အစည်းများအနေဖြင့် မိမိတို့နယ်မြေအတွင်းရှိ အိမ်ထောင်စုနှင့်လူဦးရေ အရေအတွက် အကြမ်းဖျင်းတို့ကို ပြုစုပေးရန်လိုအပ်ပါကြောင်း၊ သို့မှသာနယ်မြေအလိုက် ကောက်ကွက်များခွဲ၍ စာရင်းစစ်စာရင်းကောက်များခန့်ထားခြင်း၊ သင်တန်းများဖွင့်လှစ်ပို့ချခြင်းတို့ဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း၊ သန်းခေါင်စာရင်း ဥပဒေကိုလည်း ပြဋ္ဌာန်းထားပြီးဖြစ်၍ သန်းခေါင်စာရင်းဆိုင်ရာ အချက်အလက်များအပေါ် သန်းခေါင်စာရင်းဥပဒေက အကာအကွယ် ပေးထားပါကြောင်း၊ သန်းခေါင်စာရင်း၏ အနှစ်သာရသည် သန်းခေါင်စာရင်း မေးခွန်းများကို မှန်မှန်ကန်ကန်ဖြေကြားခြင်းပင်ဖြစ်၍ ပြည်သူအားလုံးက မှန်မှန်ကန်ကန် ပြောကြားကြရန် အရေးကြီးပါကြောင်း၊ မထပ်မကျန် စာရင်းအမှန်ဖြစ်စေရေးအတွက် သန်းခေါင်စာရင်းမေးခွန်းများကို မှန်မှန်ကန်ကန်ပြောကြားခြင်းဖြင့် အားလုံးပူးပေါင်းကူညီကြရန် တိုက်တွန်းပါကြောင်းဖြင့် အကျယ်တဝင့် ရှင်းလင်းဆွေးနွေးပြောကြားသည်။

ဆက်လက်၍ ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့ (UNFPA)ဌာနေကိုယ်စားလှယ် Ms.Jacknet E. Jackson က သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းစဉ်အား နိုင်ငံတကာစံချိန်စံညွှန်းနှင့်အညီ ဖြစ်စေရေးအတွက် ပံ့ပိုးကူညီဆောင်ရွက်မှုများနှင့် ငြိမ်းချမ်းရေး အဖွဲ့အစည်းများက အားတက်သရော ပူးပေါင်းပါဝင်မှုအပေါ် ဝမ်းမြောက်ဂုဏ်ယူပါကြောင်းဖြင့် ရှင်းလင်းပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသည့် ငြိမ်းချမ်းရေးအဖွဲ့အစည်းအသီးသီးမှ ကိုယ်စားလှယ်များက သိရှိလိုသည်များနှင့် သန်းခေါင်စာရင်းကောက်ယူရေးအတွက် လိုအပ်ချက်များ၊ လက်တွဲပူးပေါင်းဆောင်ရွက်သွားမည့် အစီအစဉ်များကို အသီးသီးမေးမြန်းရှင်းလင်းဆွေးနွေးကြရာ ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားကြပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်းစဉ်သည် လူတိုင်းပါဝင်ခွင့်ရရှိသည့် တစ်ခုတည်းသောလုပ်ငန်းစဉ်ဖြစ်ပြီး နိုင်ငံ၏လက်ရှိနှင့် အနာဂတ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးပါသည့် အမျိုးသားရေးလုပ်ငန်းစဉ်တစ်ရပ်ဖြစ်၍ အားလုံးလက်တွဲပူးပေါင်းကြိုးပမ်းဆောင်ရွက်သွားရန်လိုအပ်သည်။ **(သတင်းစဉ်)**

# ဆလိုဗက်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ခန့်အပ်လွှာပေးအပ်ပြီးဖြစ်

**နေပြည်တော် ဇန်နဝါရီ ၁၆**

ဆလိုဗက်သမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သံအမတ်ကြီး ဦးဇော်ထွန်းသည် ၎င်း၏ခန့်အပ်လွှာကို ၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာ ၁၆ ရက်တွင် ဘရာတစ်ဆလာဗာမြို့၌ ဆလိုဗက်သမ္မတနိုင်ငံ သမ္မတ မစ္စတာ အိုင်ဗင်ဂက်စ်ပါရိုဗစ်(စ်) ထံပေးအပ်ခဲ့ပြီးဖြစ်သည်။

**(သတင်းစဉ်)**

# မြန်မာနိုင်ငံကြက်ခြေနီအသင်း(၇၂)ကြိမ်မြောက် ဗဟိုကောင်စီအစည်းအဝေးကျင်းပမည်

**နေပြည်တော် ဇန်နဝါရီ ၁၅**

မြန်မာနိုင်ငံကြက်ခြေနီအသင်း၏ (၇၂)ကြိမ်မြောက် ဗဟိုကောင်စီအစည်းအဝေးကို ဇန်နဝါရီ ၂၃ ရက်မှ ၂၄ ရက်အထိ နေပြည်တော်ရှိ မြန်မာနိုင်ငံကြက်ခြေနီအသင်းဌာနချုပ် စုဝေးခန်းမ၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါအစည်းအဝေးသို့ ကျန်းမာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံကြက်ခြေနီအသင်း ဗဟိုကောင်စီဝင်များနှင့်ဖိတ်ကြားထားသူများ တက်ရောက်မည်ဖြစ်ကြောင်း သိရှိရသည်။

**(သတင်းစဉ်)**

**ဥပဒေဘောင်အတွင်း**

**နေထိုင်ခြင်း**

**ဘေးကင်းရန်ကွာ**

**စိတ်ချမ်းသာ**

## တရုတ်နိုင်ငံအရှေ့ပိုင်း ရှူးဖိနပ်စက်ရုံ မီးလောင် အနည်းဆုံး ၁၆ ဦးသေဆုံး

**ပေကျင်း ဇန်နဝါရီ ၁၅**

တရုတ်နိုင်ငံအရှေ့ပိုင်း၌ ရှူးဖိနပ်စက်ရုံ မီးလောင်မှုဖြစ်ပွားရာ အနည်းဆုံး ၁၆ ဦး သေဆုံးသွားကြောင်း နိုင်ငံပိုင်မီဒီယာက သတင်းဖော်ပြသည်။

အဆိုပါ မီးလောင်မှုကြောင့် အခြားလူ ၂၀ ကို ဇီကျန်းပြည်နယ် ဝမ်လင်းမြို့ ဒါဒွန်းစက်ရုံအတွင်းမှ ကယ်ထုတ်နိုင်ခဲ့ကြောင်း တရုတ် စီစီတီဗွီရုပ်မြင်သံကြားမှ သတင်းထုတ်လွှင့်ခဲ့သည်။

ယင်းမီးလောင်မှုကို သုံးနာရီကြာငြိမ်းသတ်ခဲ့ရသည်ဟု ဆိုသည်။ မီးလောင်ရခြင်းအကြောင်းကို စုံစမ်းနေဆဲဖြစ်သည်။ တရုတ်နိုင်ငံတွင် မကြာသေးသည့်နှစ်များက လုပ်ငန်းခွင်လုံခြုံမှုများ တိုးတက်လာခဲ့သည်။ သို့သော် မတော်တဆမှုများ ဆက်လက်ဖြစ်ပွားနေဆဲဖြစ်သည်။ ဒီဇင်ဘာလက တရုတ်တောင်ပိုင်း သစ်သီးဈေးမီးလောင်ရာ ၁၆ ဦး သေဆုံးခဲ့ရသည်။ ဇွန်လကလည်း နိုင်ငံအရှေ့မြောက်ပိုင်း၌ ကြက်၊ဘဲခြံမီးလောင်ရာ ၁၂၀ ဦး သေဆုံးခဲ့ရသည်။ ယင်းမီးလောင်မှုမှာ ၂၀၀၀ ပြည့်နှစ်နောက်ပိုင်းအဆိုးရွားဆုံးဖြစ်သည်။**(ဆင်ဟွာ)**

## အီဂျစ်ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ထောက်ခံပွဲ အကြမ်းဖက်မှုကြောင့် ကိုးဦးသေဆုံး

**ကိုင်ရို ဇန်နဝါရီ ၁၅**

အီဂျစ်နိုင်ငံတွင် အကြမ်းဖက်မှုများဖြစ်ပွားနေသည့်ကြားက ဖွဲ့စည်းပုံအခြေခံဥပဒေကြမ်းထောက်ခံပွဲကို နှစ်ရက်မြောက်နေ့အဖြစ် ကျင်းပလျက်ရှိကြောင်း ဇန်နဝါရီ ၁၅ ရက်က သတင်းဖော်ပြသည်။

လုံခြုံရေးတင်းကျပ်ထားသည့်ကြားမှ အင်္ဂါနေ့က အဆိုပါဖွဲ့စည်းပုံအခြေခံဥပဒေသစ်မူကြမ်းထောက်ခံပွဲကျင်းပခဲ့သည်။ သို့သော်လည်း ဖြုတ်ချခံရသော မိုဟာမက်မော်စီထောက်ခံသူများအပါအဝင် ကိုးဦး အကြမ်းဖက်မှုကြောင့် သေဆုံးခဲ့ရသည်။

မစ္စတာမော်စီ၏ မွတ်စလင်ညီနောင်များပါတီက အဆိုပါဖွဲ့စည်းပုံအခြေခံဥပဒေထောက်ခံပွဲကို သပိတ်မှောက်ခဲ့သည်။

ယင်းဖွဲ့စည်းပုံအခြေခံဥပဒေသစ်သည် မစ္စတာမော်စီလက်ထက်ပြဋ္ဌာန်းအတည်ပြုခဲ့သော ဖွဲ့စည်းပုံအခြေခံဥပဒေကို အစားထိုးမည်ဟု ဆိုသည်။ အဆိုပါဖွဲ့စည်းပုံအခြေခံဥပဒေသစ်ထောက်ခံပွဲမဲရုံများကို ဂရင်းနစ်စံတော်ချိန် ၁၉း၀၀ နာရီတွင် ပိတ်မည်ဟု ဆိုသည်။ **(ဘီဘီစီ)**

## ဩစတြေးလျအရှေ့တောင်ပိုင်းအပူလှိုင်းကျရောက် နေရာအချို့တောမီးသတိပေးချက်များထုတ်ပြန်ထား

**ဗစ်တိုးရီးယား ဇန်နဝါရီ ၁၅**

ဩစတြေးလျနိုင်ငံအရှေ့တောင်ပိုင်း၌ အပူလှိုင်းကျရောက်လျက်ရှိရာ အချို့သောနေရာများတွင် အပူချိန် ၄၀ စင်တီဂရိတ်အထိမြင့်တက်လျက်ရှိကြောင်း ဇန်နဝါရီ ၁၅ ရက် ဘီဘီစီသတင်းတွင် ဖော်ပြသည်။

အဆိုပါ အပူလှိုင်းကျရောက်ခြင်းကြောင့် အချို့နေရာများတွင် တောမီးလောင်မှုသတိပေးချက်များထုတ်ပြန်ထားသည်။

ဗစ်တိုးရီးယားပြည်နယ်၌ အင်္ဂါနေ့ညပိုင်းက မိုးကြိုးပစ်မှုကြောင့် မီးပွားများကျရာနေရာ ၂၅၀ကျော် ဖြစ်ပွားခဲ့ကြောင်း၊ ယင်းပြည်နယ်၌ မီးသုံးစွဲမှုပိတ်ပင်တားမြစ်ချက် ထုတ်ပြန်ထားကြောင်း မီးသတ်တာဝန်ရှိသူများက ပြောကြားသည်။

မဲလ်ဘုန်း၌ ဩစတြေးလျအိုးပင်းတင်းနစ်ပြိုင်ပွဲတွင် အပူလှိုင်းအားကြီး၍ တင်းနစ်ကစားသမားတစ်ဦးနှင့် တင်းနစ်ဘောလုံးကောက်သူ အမျိုးသားတစ်ဦးလဲကျသွားခဲ့သည်။ အဆိုပါမြို့၏ အပူချိန်သည် ၃၀ ဒီဂရီစင်တီဂရိတ်အထိ မြင့်တက်နေဆဲဖြစ်သည်။

**ကြေညာချက်**

“ဗစ်တိုးရီးယားပြည်နယ်ရဲ့ အပူချိန်ကတော့ နောက်ထပ်သုံးရက်လောက်အထိ ပူနိုင်သေးတယ်။ သောကြာနေ့ မတိုင်မီ စိုးရိမ်ရတဲ့ အပူချိန်ပါပဲ”ဟု မီးသတ်တပ်ဖွဲ့အရာရှိချုပ်၏ ကြေညာချက်တွင် ဖော်ပြသည်။

ထိုအတောအတွင်း ဩစတြေးလျတောင်ပိုင်း၏ မြို့တော်အဒဲလိတ်တွင် အပူချိန် ၄၅ ဒသမ ၁ စင်တီဂရိတ်အထိ မြင့်တက်ခဲ့ပြီး လေးရက်မြောက်အထိ ပူပြင်းလျက်ရှိသည်။ **(ဘီဘီစီ)**

## ထိုင်းရွေးကောက်ပွဲ ဖေဖော်ဝါရီ ၂ ရက်တွင်ကျင်းပမည်

**ဗန်ကောက် ဇန်နဝါရီ ၁၅**

ထိုင်းရွေးကောက်ပွဲကို ဖေဖော်ဝါရီ ၂ ရက်တွင် ကျင်းပသွားမည်ဖြစ်ကြောင်း မြို့တော်ဗန်ကောက်၌ ဆန္ဒပြမှုများဖြစ်နေသည့်ကြားမှ ထိုင်းအစိုးရကပြောသည်။ ဆန္ဒပြသူများက အဆိုပါအစည်းအဝေးကို သပိတ်မှောက်ခဲ့ပြီးနောက် ယင်းသတင်းထွက်ပေါ်လာခြင်းဖြစ်သည်။ တနင်္လာနေ့ကစတင်ပြီး သပိတ်မှောက်မှုကို ပြုလုပ်ခဲ့သည့် ဆန္ဒပြသူများက ထိုင်းဝန်ကြီးချုပ်ကိုနုတ်ထွက်စေပြီး ရွေးကောက်တင်မြှောက်ခြင်းမရှိသည့် ပြည်သူ့ကောင်စီနှင့်အစားထိုးရန်လိုလားလျက်ရှိသည်။

အဆိုပါဆန္ဒပြသူများက ဗန်ကောက်မြို့ အဓိကလမ်းမကြီးများကို ပိတ်ဆို့ထားပြီး နေရာအချို့တွင် စခန်းချဆန္ဒပြမှုများပြုလုပ်လျက်ရှိသည်။

ထိုင်းနိုင်ငံသည် ၂၀၁၀ ခုနှစ်နောက်ပိုင်း အဆိုးရွားဆုံး နိုင်ငံရေးအခြေအနေနှင့်ရင်ဆိုင်နေရသည်။ ၂၀၁၀ ခုနှစ်က လူပေါင်း ၉၀ သေဆုံးခဲ့ရသည်။

ဝန်ကြီးချုပ်ရင်လတ်ရှင်နာဝပ်၏အစိုးရသည် ဖြုတ်ချခံရသော အစ်ကိုဖြစ်သူ ဝန်ကြီးချုပ်ဟောင်း သက်ဆင်ရှင်နာဝပ်၏ လွှမ်းမိုးချုပ်ကိုင်ခြင်းခံနေရကြောင်း ဆန္ဒပြသူများက ပြောသည်။ ဆန္ဒပြမှုများ ရပ်ဆိုင်းသွားရန် ကြိုးပမ်းသည့်အနေဖြင့် ရွေးကောက်တင်မြှောက်ခံရသော ဝန်ကြီးချုပ် မစ္စရင်လတ်ရှင်နာဝပ်က ဖေဖော်ဝါရီ ၂ ရက်တွင် ရွေးကောက်ပွဲကျင်းပရန် ဆော်ဩတိုက်တွန်းထားသည်။ သို့သော်လည်း အတိုက်အခံက အဆိုပါရွေးကောက်ပွဲကို သပိတ်မှောက်ရန် ဆုံးဖြတ်ထားသည်ဟု ဆိုသည်။ **(ဘီဘီစီ)**

## ဝန်ကြီးချုပ်တာဝန်ထမ်းဆောင်လိုကြောင်း ရာဟူးလ်ဂန္ဒီအရိပ်အမြွက်ထုတ်ဖော်ပြောကြား

**နယူးဒေလီ ဇန်နဝါရီ ၁၅**

အိန္ဒိယနိုင်ငံ၏ နိုင်ငံရေးလောကကိုကြီးစိုးသည့် နေရူး-ဂန္ဒီမျိုးဆက် ရာဟူးလ်ဂန္ဒီက လာမည့်ရွေးကောက်ပွဲတွင် ကွန်ဂရက်ပါတီအနိုင်ရရှိပါက ဝန်ကြီးချုပ်တာဝန်ထမ်းဆောင်ရန် အဆင်သင့်ရှိပါကြောင်း၊ တွေ့ဆုံမေးမြန်းခန်းတစ်ခုတွင် ပြောကြားလိုက်သည်။ ယင်းမှာ ရာဟူးလ်ဂန္ဒီ အနေဖြင့် ဝန်ကြီးချုပ်တာဝန်ထမ်းဆောင်လိုကြောင်း ပထမဆုံးအကြိမ် အရိပ်အမြွက်ပြောကြားခြင်းဖြစ်သည်ဟု သိရသည်။

ကွန်ဂရက်ပါတီသည် အိန္ဒိယနိုင်ငံကို ဆယ်စုနှစ်တစ်ခုကြာ အုပ်ချုပ်လျက်ရှိသည့် ညွန့်ပေါင်းအစိုးရကို ဦးဆောင်ထားသည်။ သို့ရာတွင် ကွန်ဂရက်ပါတီသည်အကျင့်ပျက်ခြစားမှု၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု နှေးကွေးခြင်းနှင့် ငွေကြေးဖောင်းပွမှုမြင့်တက်ခြင်းတို့၏ ဖိစီးမှုများကြောင့် လာမည့်မေလတွင် ကျင်းပမည့် အထွေထွေရွေးကောက်ပွဲအတွက် ပြင်းထန်သောစိန်ခေါ်မှုများနှင့် ရင်ဆိုင်နေရသည်။

မိမိသည် ကွန်ဂရက်ပါတီ၏ ရဲဘော်ရဲဘက်တစ်ဦးဖြစ်ကြောင်း၊ မိမိအား မည်သည့်ညွှန်ကြားချက်ကို ပေးသည်ဖြစ်စေ လိုက်နာမည်ဖြစ်ကြောင်း၊ ကွန်ဂရက်ပါတီ၏စေခိုင်းသမျှကို လိုက်နာမည်ဖြစ်ကြောင်း ဟိန္ဒူဘာသာဖြင့် ထုတ်ဝေသည့် Dainik Bhaskar ၏ နေ့စဉ်သတင်းစာနှင့် အင်တာဗျူးတွင် ရာဟူးလ်ဂန္ဒီက ပြောကြားသည်။ **(ရိုက်တာ)**

## စစ်ဘေးကြောင့်ထွက်ပြေးသူတောင်ဆူဒန်များ နိုင်းမြစ်အတွင်းကူးတို့နစ်မြုပ်၍ ၂၀၀ကျော်သေဆုံး

**ဂျိုနီဗာ ဇန်နဝါရီ ၁၅**

တောင်ဆူဒန်နိုင်ငံ မာလကယ်မြို့၌ အကြမ်းဖက်တိုက်ခိုက်မှုကြောင့် ထွက်ပြေးလာသော ဒုက္ခသည်များ နိုင်းမြစ်အတွင်း ကူးတို့ရေယာဉ် နစ်မြုပ်သွားခဲ့၍ လူ ၂၀၀ ကျော်သေဆုံးသွားကြောင်း စစ်ဘက်ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားသည်။

အဆိုပါကူးတို့ယာဉ်နစ်မြုပ်မှုတွင် အမျိုးသမီးများနှင့်ကလေးများလည်း ပါဝင်ကြောင်း ဇန်နဝါရီ ၁၄ ရက် ဘီဘီစီသတင်းတွင် ဖော်ပြသည်။ တောင်ဆူဒန်အစိုးရတပ်များနှင့် သူပုန်တပ်ဖွဲ့ဝင်များအကြား တိုက်ပွဲဖြစ်ပွားခဲ့မှုကြောင့် လူပေါင်း ၃၅၀၀၀၀ ကျော် နေအိမ်များကိုစွန့်ခွာထွက်ပြေးကြရသည်ဟု ကုလသမဂ္ဂက ပြောကြားသည်။

သူပုန်တို့က နိုင်းမြစ်ညာရှိ ရေနံတွင်းများရှိရာ အဝင်လမ်းကြောင်းမြို့ဖြစ်သည့် မာလကယ်မြို့ကို သိမ်းထားသည်ဟု ဆိုသည်။

သို့သော်လည်း အစိုးရဘက်က သူပုန်များကို တိုက်ထုတ်နိုင်ခဲ့ကြောင်း ပြောဆိုလျက်ရှိသည်။ **(အေအက်ဖ်ပီ)**

ပြည်တွင်းသတင်း

# လူစုလူဝေးဖြင့် ကျူးကျော်တဲများ ဆောက်လုပ်မှုမှာ ရပ်တန့်မှုမရှိဘဲ ဆက်လက်ဆောင်ရွက်လာ ဥပဒေမဲ့ဆက်လက်ဆောင်ရွက်ခြင်းမျိုး ဆက်လက်မဖြစ်ပေါ်စေရေး ကျူးကျော်တဲများ ဖယ်ရှား

**ရန်ကုန် ဇန်နဝါရီ ၁၅**

ရန်ကုန်တောင်ပိုင်းခရိုင် တွံတေးမြို့နယ် ပန်းလှိုင်တံတားအောက်ဝန်းကျင် ပန်းလှိုင်မြစ်ကမ်းဘေး လှိုင်သာယာ -တွံတေး ကားလမ်းဘေးဝဲယာများတွင် အခြားဒေသမှလာရောက်ပြီး လူအင်အားအစုအဖွဲ့များဖြင့် ၂၀၁၃ ခုနှစ် ဒီဇင်ဘာ ၂ ရက်မှစ၍ တရားမဝင်ကျူးကျော်တဲအဆောက်အအုံများ ဆောက်လုပ်လျက်ရှိရာ ၂၀၁၄ ခုနှစ် ဇန်နဝါရီ ၁၃ ရက်နေ့အထိ ပန်းလှိုင်တံတားအောက်ဝန်းကျင် ပန်းလှိုင်မြစ်ကမ်းဘေးနှင့် ကားလမ်းဘေးဝဲယာတို့တွင် ဆောက်လုပ်ပြီး တဲ ၈၂ လုံး၊ ဆောက်လုပ်ဆဲတဲ ၄၉၃ လုံး၊ တိုင်စိုက်ထူပြီးဆောက်လုပ်ဆဲတဲ အလုံး ၁၄၉၀ စုစုပေါင်း ၂၈၀၄ လုံးထိရှိခဲ့ပြီး အချို့မှာ နေရာဦးထားကာ တစ်ဆင့်ထပ်မံရောင်းချမှုများ ပြုလုပ်နေကြောင်း သိရှိရသည်။

လူစုလူဝေးဖြင့် တရားမဝင် လာရောက်၍ ကျူးကျော်တဲဆောက်လုပ်နေမှုများအား သက်ဆိုင်ရာ မြို့နယ်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးအဖွဲ့များ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ အရန်မီးသတ်တပ်ဖွဲ့နှင့်ဒေသခံပြည်သူများက ၂၀၁၃ ခုနှစ် ဒီဇင်ဘာလအတွင်း ကိုးကြိမ်၊ ဇန်နဝါရီလအတွင်း တစ်ကြိမ် ဖယ်ရှားရှင်းလင်းခြင်း၊ ကျူးကျော်ဆောက်လုပ်မှုများအား ဖယ်ရှားရေး၊ ဆက်လက်ကျူးကျော်ခြင်းမပြုရေးတို့အတွက် အသိပေးတားမြစ်ခြင်းကို နေ့စဉ်အသံချဲ့စက်ဖြင့်ဆော်ဩခြင်း၊ နို့တစ်စာကပ်ခြင်း၊ လမ်းမကြီးများ၊ နယ်မြေမကျူးကျော်ရ ဆိုင်းဘုတ်များစိုက်ထူခြင်းများကို ဆောင်ရွက်ခဲ့သော်လည်း လိုက်နာမှုမရှိဘဲ ဆက်လက်ကျူးကျော်ဆောက်လုပ်ခဲ့ကြသည်။

ထိုကဲ့သို့ တွံတေးမြို့နယ်အတွင်းရှိ အစိုးရပိုင်မြေ၊ လမ်းနယ်၊ ခလောက်ချိုင်ကျေးရွာ၊ ပဒါန်ရေကျော်ကျေးရွာနှင့် တမာတကောကျေးရွာများတွင် အခြားဒေသမှ လာရောက်ကျူးကျော်ဆောက်လုပ်မှုများကို ဒေသခံများက ကျေနပ်မှုမရှိသဖြင့် ဒေသခံပြည်သူလူထု လုံခြုံရေး၊ အေးချမ်းစွာနေထိုင်နိုင်ရေး၊ အသက်အိုးအိမ်စည်းစိမ်ကို စောင့်ရှောက်ရေးနှင့် ဥပဒေမဲ့ ကျူးကျော်သူများ ဖယ်ရှားပေးရေးအတွက် တမာတကောကျေးရွာနေ ဦးကျော်စိုး (အဖ) ဦးကျော်လှက အင်အား ၁၀၀ ဖြင့် ဇန်နဝါရီလ ၃ ရက် နံနက် ၇ နာရီမှ ၈ နာရီအထိ ပန်းလှိုင်တံတားအနီးတွင် ဥပဒေနှင့်အညီ ငြိမ်းချမ်းစွာ စုဝေးဆန္ဒဖော်ထုတ်ခဲ့သည်။

လူစုလူဝေးဖြင့် ကျူးကျော်တဲများ ဆောက်လုပ်မှုမှာ ရပ်တန့်မှုမရှိဘဲ ဆက်လက်ဆောင်ရွက်လာသဖြင့် ဒေသခံပြည်သူများနှင့် ပဋိပက္ခအသွင်ရန်စောင်မှုများဖြစ်ပေါ်လာခြင်း၊ ခိုက်ရန်ဖြစ်ပွားခြင်း၊ ဒေသခံများအနေဖြင့် ညအချိန်တွင်ပြင်ပသို့ သွားလာရာတွင် လုံခြုံမှုမရှိခြင်း စသည့်အခြေအနေများဖြစ်ပေါ်လာသည့်အတွက် ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး၊ ဥပဒေမဲ့ ဆက်လက်ဆောင်ရွက်ခြင်းမျိုး ဆက်လက်မဖြစ်ပေါ်စေရေး ၊ ခရိုင်/မြို့နယ် အုပ်ချုပ်ရေးအဖွဲ့များ၊ ဌာနဆိုင်ရာများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ဒေသခံပြည်သူများ ပူးပေါင်းအဖွဲ့သည် ၂၀၁၄ ခုနှစ် ဇန်နဝါရီ ၁၄ ရက် နံနက်စောစောတွင် ကျူးကျော်တဲများအား စတင်ဖယ်ရှားရာ ကျူးကျော်တဲ ၂၃၇၈ လုံး ဖျက်သိမ်းပြီးစီးခဲ့ပြီး ၂၀၁၄ ခုနှစ် ဇန်နဝါရီလ ၁၅ ရက်တွင် ကျန်ရှိနေသည့် ကျူးကျော်တဲ ၄၂၆ လုံးအား ဆက်လက်ရှင်းလင်းဖျက်သိမ်းလျက် ရှိသည်။

တရားမဝင် ကျူးကျော်တဲများအား ဖယ်ရှားရှင်းလင်းစဉ် တာဝန်ရှိအဖွဲ့အစည်းများနှင့် ဒေသခံများအား ခဲများ၊ လေးခွများနှင့် ပစ်ပေါက်ခဲ့သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များမှ ကျူးကျော်နေထိုင်သူ ၁၆ ဦးအား လှိုင်သာယာမြို့နယ်ရဲစခန်းနှင့် အင်းစိန်မြို့မရဲစခန်းများသို့ ခေါ်ဆောင်ပြီး တည်ဆဲဥပဒေများနှင့်အညီ စစ်ဆေးအရေးယူလျက်ရှိကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# မြန်မာနိုင်ငံအမျိုးသားအဆင့် အရည်အသွေးသတ်မှတ်ချက်မူဘောင် ရေးဆွဲရေးအတွက် ညှိနှိုင်းဆွေးနွေး

**ရန်ကုန် ဇန်နဝါရီ ၁၅**

မြန်မာနိုင်ငံ အမျိုးသားအဆင့် အရည်အသွေးသတ်မှတ်ချက်မူဘောင် (Myanmar National Qualification Framework) ရေးဆွဲရေးအတွက် ညှိနှိုင်းအစည်းအဝေးကို ဇန်နဝါရီ ၁၅ ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၉ နာရီတွင် တက္ကသိုလ်စိန်ရတုခန်းမ အခန်း(၂၀၂) ၌ ကျင်းပရာ ပညာရေးဝန်ကြီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာန၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ ယဉ်ကျေးမှုဝန်ကြီးဌာန၊ သမဝါယမဝန်ကြီး ဌာန၊ စက်မှုဝန်ကြီးဌာန၊ ပို့ဆောင်ရေးဝန်ကြီးဌာန၊ အလုပ်သမား အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန၊ ကာကွယ်ရေးဝန်ကြီးဌာန၊ နယ်စပ်ရေးရာဝန်ကြီးဌာန၊ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများဖြစ်သော မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း၊ မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်း၊ Centre for Vocational Training (Myanmar), GIZ တို့မှ တာဝန်ရှိသူများ တက်ရောက်၍ ညှိနှိုင်းဆွေးနွေးကြသည်။

အမျိုးသားအဆင့် အရည်အသွေးသတ်မှတ်ချက်မူဘောင်(NQF)ရေးဆွဲခြင်းဖြင့် အာဆီယံဒေသတွင်း ကျောင်းသားများ၊ ကျွမ်းကျင်လုပ်သားများ အပြန်အလှန်ကူးပြောင်း ပညာသင်ယူနိုင်ရေး၊ ကူးပြောင်းအလုပ်လုပ်ကိုင်နိုင်ရေးအတွက် မြန်မာနိုင်ငံတွင် ပို့ချလျက်ရှိသော သင်ကြားမှုအစီအစဉ်အလိုက်၊ သင်တန်းအလိုက်၊ အလုပ်အကိုင်အလိုက်၊ တတ်မြောက်မှု၊ ကျွမ်းကျင်မှု၊ စွမ်းဆောင်ရည်တို့အတွက် စံနှုန်းအဆင့်သတ်မှတ်ရန်ဖြစ်ကြောင်း သိရှိရသည်။

မြန်မာနိုင်ငံ၏ အမျိုးသားအဆင့် အရည်အသွေးသတ်မှတ်ချက်မူဘောင် ရေးဆွဲရာတွင် အာဆီယံဒေသတွင်း အရည်အသွေးသတ်မှတ်ချက်မူဘောင် Regional Qualification Framework (RQF) နှင့် လိုက်လျောညီထွေရှိစေရန်အတွက် မြန်မာနိုင်ငံအတွင်းရှိ ဝန်ကြီးဌာန အသီးသီး၊ လုပ်ငန်းနယ်ပယ်အသီးသီး၊ ဌာနဆိုင်ရာ၊ ပုဂ္ဂလိက လုပ်ငန်းအသီးသီးက သင်ကြားလျက်ရှိသော သင်ကြားရေးအစီအစဉ် (Academic Programme) များ၊ သင်တန်းအစီအစဉ် (Training Programme) များအားလုံးပါဝင်ပြီး သင်တန်းအစီအစဉ်တစ်ခုချင်း၏ အဆင့် Level နှင့်တစ်ခုချင်းမှ ရရှိသည့် တတ်မြောက်မှုအဆင့်၊ ရရှိမည့်ပညာ knowledge၊ ကျွမ်းကျင်မှု Skill၊ စွမ်းဆောင်ရည် Competency တို့ကို ဦးစွာသတ်မှတ်ကြရန်နှင့် အမျိုးသားအဆင့် သတ်မှတ်မည့် အရည်အသွေး မူဘောင်အဆင့် ချိတ်ဆက်မှုကို ညှိနှိုင်းသတ်မှတ်ရန် ဖြစ်ကြောင်း သိရှိရသည်။

ဤလုပ်ငန်းများ အဆင့်ဆင့် ဆောင်ရွက်ရာတွင် ဌာနဆိုင်ရာမှ တာဝန်ရှိသူများအပါအဝင် အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ ပညာရပ်အဖွဲ့အစည်းများ၊ လုပ်ငန်းအဖွဲ့အစည်းများအားလုံး ကျယ်ကျယ်ပြန့်ပြန့်ပါဝင်နိုင်ရေး ဆက်လက်စီစဉ်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ဘုန်းကြီးကျောင်းဆောက်လုပ်ရန် မြေတူးရာမှရှေးဟောင်းပစ္စည်းများတွေ့ရှိ

**ကြံခင်း ဇန်နဝါရီ ၁၅**

ဧရာဝတီတိုင်းဒေသကြီး ကြံခင်းမြို့ မြို့မရပ်ကွက်ရှိ အင်းဝဘုန်းတော်ကြီးကျောင်းဝင်းအတွင်း ကျောင်းဆောင်သစ်ဆောက်လုပ်ရန် မြေရှင်းလင်းရာမှ သရက်ပင်တစ်ပင်၏

အမြစ်များကို တူးဖော်စဉ် ရှေးဟောင်းငွေထည်ပစ္စည်းများ **(အောက်ပုံ)** တွေ့ရှိသဖြင့် ကျောင်းထိုင်ဆရာတော် ဦးအာစာရမှ ထိန်းသိမ်းစောင့်ရှောက်ထားပြီး မြို့နယ်မှတာဝန်ရှိသူများထံ အသိပေး အကြောင်းကြားထားကြောင်း သိရသည်။

ဇန်နဝါရီ ၉ ရက် ညနေ ၃ နာရီခန့်က တူးဖော်တွေ့ရှိရသည့် ငွေထည်ပစ္စည်းများမှာ အလေးချိန် ရှစ်ကျပ်ခုနစ်ပဲသားနှင့် ရှစ်ကျပ် ၁၀ ပဲသားရှိ လက်ရာ ပုံတူငွေကွင်း နှစ်ကွင်း၊ တစ်ကျပ် ၁၁ ပဲ ခြောက်ရွေးသားရှိ နားဆွဲကွင်းတစ်ရန်တို့ဖြစ်ပြီး ဇန်နဝါရီ ၁၁ ရက် နံနက် ၁၀ နာရီခွဲက ထပ်မံတူးဖော်တွေ့ရှိရသော ငွေထည်ပစ္စည်းများမှာ အလေးချိန် ခြောက်ကျပ်တစ်ပဲသားခန့်ရှိ ငွေလက်ကောက်တစ်ကွင်း၊ နှစ်ကျပ် ၁၂ပဲခန့်ရှိ နားဆွဲကွင်း နှစ်ရန်၊ နှစ်ကျပ် သုံးပဲနှစ်ရွေးခန့်ရှိ ငွေဆွဲပြားတစ်ခု စုစုပေါင်း ငွေထည်ပစ္စည်း ခုနစ်မျိုး၊ အလေးချိန် စုစုပေါင်း ၃၂ ကျပ် ၁၀ ပဲဖြစ်ကြောင်း သိရသည်။ **(ဝဇိရ)**

# ကျိုက္ခမီအသင်းသက်ကြီးပူဇော်

**ရန်ကုန် ဇန်နဝါရီ ၁၅**

ကျိုက္ခမီအသင်းရန်ကုန်၏ (၂၂) ကြိမ်မြောက် သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဇန်နဝါရီ ၁၂ ရက် နံနက် ၉ နာရီက ရန်ကုန်တိုင်းဒေသကြီးလမ်းမတော်မြို့နယ် ကျိုက္ခမီကျောင်းတိုက်၌ ကျင်းပရာ အသင်း နာယကဒုတိယဗိုလ်ချုပ်ကြီး မဟာသရေစည်သူကျော်ဝင်း(ငြိမ်း) ကအမှာစကားပြောကြားသည်။ ဆက်လက်၍ ဒေါ်ခင်ကြွယ်(ကုဋေကြွယ်အထည်ဆိုင်)က ပညာရေးငွေပဒေသာပင်ကျပ်သိန်း ၁၀၀လှူဒါန်းပြီး ထူးချွန်ကျောင်းသားများအား ဆုချီးမြှင့်ကြသည်။ ထို့နောက် ကျိုက္ခမီမြို့မ အုပ်ချုပ်ရေးမှူးနှင့်အဖွဲ့က မီးသဂြိုဟ်စက် တည်ဆောက်ရေး ကိစ္စနှင့်ပတ်သက်၍ ဆွေးနွေးတင်ပြခဲ့ကြောင်း သိရသည်။ **မီးမီး(လှိုင်)**

▲ *ကျောဖုံးမှ*

မော်လိုက်ကနေ ဖောင်းပြင်၊ ပြီးရင် ဟုမ္မလင်း၊ ခန္တီးမြို့များအထိ ရောက်အောင် ဘဏ္ဍာနှစ်အလိုက် ပြည်ထောင်စုဝန်ကြီးဌာနနှင့် တိုင်းဒေသကြီးအစိုးရတို့က ပေါင်းစပ်ညှိနှိုင်းပြီး ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသာအေးက ပြောကြားသည်။

ကလေးမြို့သည် နိုင်ငံတော်က အသိအမှတ်ပြုထားသည့် စက်မှုဇုန်ရှိသော်လည်း လျှပ်စစ်မီးအခက်အခဲများရှိနေကြောင်း သိရသည်။

**သျှင်နေမင်း**

# အမှတ်(၁)သစ်စက် အခြေခံမီးသတ်သင်တန်းဆင်း

**ရန်ကုန် ဇန်နဝါရီ ၁၅**

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန မြန်မာ့သစ်လုပ်ငန်းပြည်ပရောင်းဝယ်ရေးနှင့် သစ်စက်ဌာနအမှတ်(၁) သစ်စက် (ကြည့်မြင်တိုင်) အကြိုအခြေခံမီးသတ်သင်တန်း (၃/၂၀၁၃)ဆင်းပွဲကို ဇန်နဝါရီ ၁၀ ရက် နံနက်က ယင်းသစ်စက် စုဝေးခန်းမ၌ ကျင်းပခဲ့သည်။

ဒုတိယအထွေထွေမန်နေဂျာ ဦးလွင်ဦးမောင်(သစ်စက်)က သင်တန်းဆင်းအမှာစကားပြောကြားပြီး မြို့နယ်မီးသတ်ဦးစီးမှူး ဦးသန်းထက်အောင်က သင်တန်းဆင်းလက်မှတ်ပေးအပ်ကာ စက်ရုံဝင်းကွက်လပ်၌ မီးငြိမ်းသတ်ရေးလက်တွေ့သရုပ်ပြသခဲ့ကြသည်။ **(အပေါ်ပုံ)** **ကိုကြီးတင်**

# စမ်းချောင်းတာရုတ်ကျောင်းလမ်း၌ မီးလောင်

**စမ်းချောင်း ဇန်နဝါရီ ၁၅**

ဇန်နဝါရီ ၁၅ ရက် ည ၇ နာရီ မိနစ် ၄၀ ခန့်က စမ်းချောင်းမြို့နယ် သံတတားရပ်ကွက် တိုက်အမှတ်(၂၁) ရှိ ဦးဆန်းလင်းထွန်း၏ နှစ်ထပ်တိုက်မှ မီးစတင်လောင်မှုဖြစ်ပွားခဲ့သည်။

မီးမှာ ၎င်းတိုက်အတွင်းရှိ ပစ္စည်းများအား လောင်ကျွမ်းပြီး ဘေး၌ကပ်လျက်ရှိသည့် ခုနစ်ထပ်တိုက်၏ တတိယအလွှာသို့ မီးကူးစက်လောင်ကျွမ်းခဲ့သည်။

**မီးငြိမ်းသွား**

မီးသတ်ကား အင်အား ၁၀ စီးကျော်ခန့် ရောက်ရှိငြိမ်းသတ်ပေးမှုကြောင့် ည ၈ နာရီ ၉ မိနစ်တွင် မီးငြိမ်းသွားခဲ့သည်။

မီးလောင်မှုကို မြင်တွေ့ရသူ လမ်းအတွင်းမှ အမျိုးသားတစ်ဦးက "နှစ်ထပ်တိုက်ထဲက လောင်တဲ့မီးအားက များတယ်။ မီးတွေက တိုက်ထဲကနေ အပြင်ကိုထွက်လာတယ်။ နောက် ဘေးက တိုက်ထဲကို ကူးသွားတယ်" ဟု သူ့အမြင်ကို ပြောခဲ့သည်။

မီးလောင်မှု အကြောင်းအရင်းကို စုံစမ်းဆဲဖြစ်သည်။ ယင်းသို့ စမ်းချောင်းအတွင်း မီးငြိမ်းသတ်ပြီးစတွင် နောက်ထပ် မီးလောင်မှုသတင်းက ထပ်မံဝင်ရောက်လာခဲ့သည်။ ကမာရွတ်မြို့နယ် စံရိပ်ငြိမ်(၄)လမ်းထိပ်ရှိ တိုက်ခန်းတစ်ခန်း မီးလောင်နေမှုကြောင့် မီးသတ်ကားအချို့က ကမာရွတ်မြို့နယ်ဆီသို့ အသိပေးမောင်းနှင်ထွက်သွားကြသည်။

**တင်ဝင်းလေး(ကြည့်မြင်တိုင်)**

● *ရှေ့ဖုံးမှ*

ပါဝင်ပြီး အမျိုးသားပွဲစဉ်တွင် မြန်မာ၊ ထိုင်း၊ အင်ဒိုနီးရှား၊ မလေးရှား၊ တီမောလက်စ်တေနိုင်ငံတို့ ပါဝင်ယှဉ်ပြိုင်ကစားကြောင်း သိရသည်။ နံနက်ပိုင်းပွဲစဉ်များအဖြစ် အမျိုးသမီးဂိုးဘောအားကစားပြိုင်ပွဲတွင် လာအိုက မြန်မာကို ၁၃ ဂိုး-သုံးဂိုးဖြင့်လည်းကောင်း၊ အမျိုးသားဂိုးဘောအားကစားပြိုင်ပွဲတွင် ထိုင်းက ဘရူနိုင်းကို ၁၁ ဂိုး-တစ်ဂိုးဖြင့်လည်းကောင်း၊ တီမောလက်စ်တေနှင့် မလေးပွဲစဉ်တွင် တီမောလက်စ်တေနိုင်ငံမှ ယှဉ်ပြိုင်ရန် ပျက်ကွက်သဖြင့် မလေးရှားအသင်းကို အနိုင်သတ်မှတ်ခဲ့သည်။ထို့နောက် အင်ဒိုနီးရှားမှ မြန်မာကို ၁၂ ဂိုး-လေးဂိုးဖြင့် အသီးသီးအနိုင်ရရှိသည်။ ဆက်လက်ပြီး ပွဲစဉ်များကို မွန်းလွဲ ၂ နာရီတွင် အမျိုးသမီးဂိုးဘောအားကစားပြိုင်ပွဲအား ထိုင်းနှင့် မြန်မာတို့က လည်းကောင်း၊ အမျိုးသား ဂိုးဘောအားကစားပြိုင်ပွဲများအဖြစ် ဘရူနိုင်းနှင့် တီမောလက်စတေတို့ကလည်းကောင်း၊ ထိုင်းနှင့် မြန်မာအသင်းတို့က လည်းကောင်း၊ အင်ဒိုနီးရှားနှင့် မလေးရှားအသင်းတို့က လည်းကောင်း အသီးသီး ယှဉ်ပြိုင်ကစားခဲ့ကြောင်း သိရသည်။ အဆိုပါပြိုင်ပွဲကို ဒီဇင်ဘာ ၁၅ ရက်မှ ၁၉ ရက်အထိ ယှဉ်ပြိုင်ကစားမည်ဖြစ်ပြီး ဆုပေးပွဲအခမ်းအနားကို ဒီဇင်ဘာ ၁၉ ရက် ညနေ ၅ နာရီတွင် ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။ **ဇင်ဦး**

ဆောင်းပါးနှင့်ပြည်တွင်းသတင်း

# အနုပညာတန်ဖိုး

**ချစ်နိုင်(စိတ်ပညာ)**

တိုင်းပြည်ဖွံ့ဖြိုးတိုးတက်အောင် လုပ်ဆောင်မယ်ဆိုရင် တစ်ဦးကောင်း တစ်ယောက်ကောင်းနဲ့ လုပ်ရုံမျှမရနိုင်ဘူး။ ပြည်သူလူထု အသိန်းအသန်းရဲ့ ထက်သန်တက်ကြွတဲ့ အသိအမြင်နဲ့ တိုးတက်ချင်ကြတဲ့ ဆန္ဒဓိပတိ ရှိရပါမယ်။ ဒီလိုပြည်သူအများ ကြိုးစားချင်စိတ်နဲ့ ဇွဲလုံ့လဝီရိယရှိကြဖို့ဆိုတာ "သြော်. . . ငါတို့အောက်ကျနောက်ကျ ဆင်းရဲမွဲတေနေပါသေးလား။ တို့ထက်တစ်ချိန်က ခေတ်နောက်ကျတဲ့ နိုင်ငံတွေတောင် နှစ်ပေါင်းလေးဆယ်၊ ငါးဆယ်တည်ဆောက်လိုက်တော့ တော်တော်တိုးတက်သွားကြပြီ။ ငါတို့ဆီမှာ ဆန့်ကျင်ဆူပူဖျက်ဆီးမှု၊ မညီမညွတ်မှုတွေကြောင့် ဘာမှမတိုးတက်ခဲ့ရဘူး။ ချစ်ခင်စည်းလုံးကြမယ်၊ တက်ညီလက်ညီထူထောင်ကြမယ်။ အဖျက်သဘောမပြောဘဲ အပြုသဘောပူးပေါင်းလက်တွဲကြမယ်။ တက်ညီလက်ညီနဲ့ ကြိုးစားကြရမယ်"ဆိုတာ အားလုံးက အမှန်မြင်ကြဖို့ အချိန်တန်နေပြီ။

ပြည်သူတွေအမှန်တကယ် ကိုယ်ရှိနေကြတဲ့ ပကတိအခြေအနေ၊ အဆင့်အတန်း၊ အဖြစ်မှန်ကို သိမြင်ရဖို့ဆိုတာ စာဖတ်မှရမယ်။ ပကတိတည်ရှိမှုကို အမှန်အမှန်အတိုင်းမြင်ဖို့လိုတာပဲ။ Orientation သိမြင်အောင် အလင်းရောင်ပေးနိုင်တာက စာပေပါ။

လူတွေစာဖတ်လာရင် အသိအမြင်ကျယ်လာမယ်။

စာဖတ်ချင်လာအောင် လှုံ့လည်ဟောပြောတယ်။ စာဖတ်ဖို့နေရာ စာကြည့်တိုက်တွေ ဖွင့်လှစ်ကြဖို့ အားပေးတိုက်တွန်းတယ်။ ဖတ်စရာစာအုပ်တွေရှိနေဖို့ ကူညီဖြည့်ဆည်းတယ်။ လှူနိုင်သူတွေက လှူကြဖို့ နှိုးဆော်တယ်။ လှူတဲ့အဆောက်အအုံ၊ စာအုပ်နဲ့ရန်ပုံငွေတွေကို စနစ်တကျ ထိန်းသိမ်းဖို့လေ့ကျင့်ပေးမယ်။ မိမိနိုင်သလောက်ပေ့ါ။

တာဝန်အရ ဌာနဆိုင်ရာအကြီးအကဲအဖြစ် ၁၁ နှစ်ကြာ အဲဒီအလုပ်တွေလုပ်ခဲ့တယ်။ အဲဒီရာထူးမတိုင်ခင်က စာရေးဆရာဘဝနဲ့လည်း နှစ်ပေါင်းနှစ်ဆယ်လောက် ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ထွန်းကားပြန့်ပွားရေးအတွက် တစ်ပိုင်တစ်နိုင်စည်းရုံးလှုပ်ရှားခဲ့တာပဲ။

ရာထူးတာဝန်က အငြိမ်းစားယူပြီးပြီဆိုတဲ့နောက်မှာလည်း လူတွေစာဖတ်ကြဖို့၊ စာကြည့်တိုက်တွေ ရပ်ရွာအလိုက် ရှင်သန်အောင် စနစ်တကျ ပျိုးထောင်အသုံးချကြဖို့၊ လှုံ့လည်ဟောပြောပြီး စည်းရုံးနေတာပဲ။ လေးနှစ်တာကြာခဲ့ပြီ။ စေတနာ့ဝန်ထမ်းအနေနဲ့ မြန်မာနိုင်ငံစာကြည့်တိုက်များ ဖောင်ဒေးရှင်းကိုထူထောင်ပြီး အဖွဲ့ဝင်အနေနဲ့ ပါဝင်ထမ်းဆောင်နေတယ်။ နှစ်နှစ်ရှိပါတော့မယ်။ ယုံကြည်ချက်နဲ့ စွဲစွဲမြဲမြဲလုပ်ဆောင်နေခြင်းပါ။

ဘယ်ပါတီမှလည်းမပါဘူး။ ဘယ်နိုင်ငံရေးပါတီနဲ့မှလည်းမပတ်သက်ပါဘူး။ ပါတီနိုင်ငံရေးလှုပ်ရှားသူတွေနဲ့ လမ်းကြောင်းမတူပေမယ့် ဘယ်သူနဲ့မဆို လက်တွဲလို့ရပါတယ်။ အားလုံးရဲ့ မိတ်ဆွေအနေနဲ့ ရပ်တည်ပါတယ်။ ယှဉ်ပြိုင်ကြတဲ့ပါတီတွေကြားမှာ ဘယ်သူ့ဘက်သားမှ မဟုတ်ဘူး။

ရန်ကုန်တိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်မှာ အများယုံကြည်လေးစားခံရသော ပုဂ္ဂိုလ်အနေနဲ့ အဖွဲ့ဝင်တာဝန်ပေးလာတယ်။ တာဝန်ယူခဲ့ပါတယ်။ ဦးသိန်းစိုး ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်တဲ့ (တပ်မတော်အစိုးရလက်ထက်) အထွေထွေရွေးကောက်ပွဲ ပြည်ထောင်စုကော်မရှင်လက်အောက် ၂၀၁၀ ရွေးကောက်ပွဲမှာ ရန်ကုန်တိုင်း ၄၅ မြို့နယ်အတွက် တာဝန်ယူကြီးကြပ်စီမံခဲ့ပါတယ်။

ရွေးကောက်တင်မြှောက်ခံ အရပ်သားအစိုးရသစ်လက်ထက် ဦးတင်အေးဦးဆောင်တဲ့ ပြည်ထောင်စုကော်မရှင် ပြောင်းလဲတယ်။ ရန်ကုန်တိုင်းဒေသကြီးရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှာ မိမိအဖွဲ့ဝင်အဖြစ် ဆက်လက်တာဝန်ယူရပြန်ပါတယ်။ ကြားဖြတ်ရွေးကောက်ပွဲ ၂၀၁၂ ခု ဧပြီ ၁ တွင် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ လေးမြို့နယ်အတွက် တာဝန်ယူကြီးကြပ်စီမံရပါတယ်။ တရားမျှတပြီး မှန်မှန်ကန်ကန် ဆောင်ရွက်တယ်ဆိုတာကို နိုင်ငံတကာလေ့လာသူများ၊ နိုင်ငံခြားသံအမတ်ကြီးများ၊ သံတမန်များ ကိုယ်တိုင်မဲရုံများသို့ လာရောက်အကဲခတ်သုံးသပ်ခဲ့ကြတာ အားလုံးအသိအမြင်ပါပဲ။ (မဟုတ်မမှန် ပုတ်ခတ်စွပ်စွဲမှု အနည်းငယ်ရှိပေမယ့်) ပွင့်လင်းမြင်သာမှုရှိပြီး ဝင်ရောက်ယှဉ်ပြိုင်တဲ့ပါတီအားလုံးက လက်ခံအတည်ပြုခဲ့ကြတဲ့ ကြားဖြတ်ရွေးကောက်ပွဲဖြစ်ပါတယ်။

> ❛ ရသစာပေက အဲဒီအမောတွေ ပြေပျောက်အောင် ဘာမှလုပ်မပေးနိုင်ပေမယ့် ဒီအမောတွေက လွတ်မြောက်စေဖို့အတွက် နိုးကြားအောင်၊ တက်ကြွအောင်၊ ရဲရင့်အောင်၊ သိမြင်အောင်တော့ ပြုပေးနိုင်တယ် ❜

နိုင်ငံရေးပါတီများနဲ့ထိတွေ့ဆက်ဆံနေရတာ မှန်ပေမယ့် တိုင်းဒေသကြီးကော်မရှင်အဖွဲ့ဝင်အနေနဲ့ ဘယ်သူဘယ်ဝါနိုင်ပါစေ။ ရှုံးပါစေဆိုတဲ့ အဂတိတရား လုံးဝကင်းရှင်းခဲ့ပါတယ်။

တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ဖို့ရာ ပြည်သူတွေက အသိစိတ်မြင့်မြင့်မားမားနဲ့ ဆက်လက်ပြီး အများကြီးကြိုးစားတည်ဆောက်ထူထောင်ကြရဦးမှာ။

ကျေးလက်တောရွာအထိ အများစု၊ တောသူတောင်သားတွေပါ သတင်းမှန်၊ အချက်အလက်မှန်၊ အခြေအနေမှန်တွေကို သေသေချာချာသိကြဖို့ လိုနေတယ်။ အဲဒါကို ဖြည့်ဆည်းပေးနိုင်တာက စာအုပ်စာပေတွေရှိတဲ့ စာကြည့်တိုက်လေ။

ကျောင်းတွေမှာလည်း စာကြည့်တိုက်ကောင်းကောင်းမရှိသေးဘူး။ တက္ကသိုလ်ကောလိပ်သိပ္ပံတွေမှာဆိုလည်း စာကြည့်တိုက်တွေ အားရစရာမရှိလှသေးပါ။ ကျေးရွာတွေမှာ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်တွေ ရှင်သန်ထွန်းကားဖို့ဆိုတာ တော်တော်ကြီးအလှမ်းဝေးပြီး ခက်ခဲလှတဲ့ ရေရှည်လုပ်ငန်းကြီးတစ်ရပ်ပါလား။ ဘာပဲဖြစ်ဖြစ်လုပ်စရာရှိတဲ့အလုပ်ကို စေတနာထက်ထက်သန်သန်နဲ့ ကြိုးစားနေတာပဲ။ စာပေထဲက အသိပညာဆင်ခြင်တုံတရားတွေ အသုံးချစေချင်တာ။

ပညာဗဟုသုတဆိုတာ တန်ခိုးစွမ်းအားမဟုတ်လား။ စာပေဆိုတာ သုတနဲ့ရသကိုပေးတယ်။ စာပေဆိုတာ သုတပေးတော့အသုံးချခံပစ္စည်းပေ့ါ။ ဒါမျိုးတစ်ခုတည်းမပြီးသေးဘူး။ နောက်တစ်ချက်ရှိသေးတယ်။ စာပေဆိုတာ ရသလည်းပေးနိုင်တယ်။

စာပေဟာ အနုပညာလက်ရာတစ်မျိုးပါပဲ။ စာပေအနုပညာလက်ရာက သာမန်ကုန်ထုတ်ပစ္စည်းမျိုးလို အသုံးကျမှုတန်ဖိုးသက်သက်တွက်ဆလို့မရဘူး။ စာအုပ်ဟာ စွပ်ပြုတ်မဟုတ်၊ ဝတ္ထုတစ်ပုဒ်သည် ဖိနပ်တစ်ရန်မဟုတ်၊ ကဗျာတစ်ပုဒ်သည် ဦးထုပ်တစ်လုံးမဟုတ်၊ စာပေဟာ အသုံးဝင်မှု၊ အသုံးကျမှုတန်ဖိုးအနေနဲ့တော့ စားလို့လည်းမရ၊ နေ့စဉ်သုံးပစ္စည်းတွေလို သုံးရတာလည်းမရှိ။ သို့တစေ စာပေအနုပညာရဲ့တန်ဖိုးက လူတွေရဲ့ ဘဝအမောကိုပြေစေတယ်။ အဲဒီအရည်အသွေးတော့ရှိတယ်။

လူဆိုတာ ပုထုဇဉ်သဘာဝတောင့်တမှု၊ ကြောင့်ကြမှု၊ အလိုမပြည့်မှု၊ ကြွားလိုမှု၊ တင်စီးလိုမှု၊ မနာလိုမှုစတဲ့စိတ်များကြောင့် နေ့စဉ်ဘဝအမောဆိုက်နေကြရတယ်။ လောကမှာ ကျန်းမာရေးချို့တဲ့မှု အမော၊ ပညာရေးချို့တဲ့မှုအမော၊ စီးပွားရေးချို့တဲ့မှုအမော၊ လူမှုရေးအဆင်မပြေမှုအမော၊ ဘဝအမောအမျိုးမျိုးရှိကြတယ်။ နေ့စဉ် ကြုံတွေ့နေရတဲ့လက်တွေ့ကိစ္စရပ်များဖြစ်တယ်။ အဲဒီအမောတွေကို နေ့စဉ်အသုံးပြုနေတဲ့ ပစ္စည်းများရဲ့ အသုံးဝင်မှုနဲ့ ဖြေရှင်းနိုင်ပါတယ်။ ကျန်းမာရေးချို့တဲ့မှုအမောပြေအောင် ဆေးဝါးကုသရမယ်။ ပညာရေးချို့တဲ့မှုအမောပြေအောင် ပညာသင်ရမယ်။ စီးပွားရေးချို့တဲ့မှုအမောပြေအောင် စီးပွားရေးလုပ်ငန်းနဲ့ကြိုးပမ်းရပေမယ်။ စာပေအနုပညာက အဲဒီဘဝအမောတွေပြေအောင် လုပ်မပေးနိုင်ပါဘူး။ ဗိုက်ဆာလျှင် ထမင်းစားမှဝမှာပဲ၊ ဝတ္ထုထိုင်ဖတ်နေရုံနဲ့ ဗိုက်ဆာမပြေနိုင်၊ မကျန်းမာရင် ဆေးသောက်မှပျောက်မှာပေ့ါ။ ကဗျာထိုင်ရွတ်နေတာနဲ့ ကျန်းမာမလာနိုင်ဘူး။ မှန်ပါရဲ့၊ ဒီအချက်တွေ ဝန်ခံထားပြီးသားလေ၊ ရသစာပေက အဲဒီအမောတွေပြေပျောက်အောင် ဘာမှလုပ်မပေးနိုင်ပေမယ့် ဒီအမောတွေက လွတ်မြောက်စေဖို့အတွက် နိုးကြားအောင်၊ တက်ကြွအောင်၊ ရဲရင့်အောင်၊ သိမြင်အောင်တော့ ပြုပေးနိုင်တယ်၊ စာပေကပေးတာက အတွေးအမြင်။

စာဖတ်သူကို ရသနှစ်သက်မှုနဲ့အတူ လက်တွေ့အသုံးကျတဲ့ကိစ္စများ ဆောင်ရွက်နိုင်ရန် အင်အားသတ္တိတွေ ပေးနိုင်စွမ်းရှိပါတယ်။ စာပေအနုပညာကား ဘဝအမောတွေဆိုက်ရခြင်းဟာ ကိုယ့်ကိစ္စကိုယ့်အတွက်သာ အလေးထားချင်တတ်တဲ့ ငါစွဲ(အတ္တ)စိတ်ကြောင့် မဟုတ်လား။ ကိုယ့်အတွက်သာမစဉ်းစားဘဲ သူတစ်ပါး၊ လူအများ(အားလုံးသောငါတို့)အတွက် စဉ်းစားလျှင် ငါစွဲလျှော့ပြီး ဘဝအမောတွေပြေတန်သလောက်ပြေသွားစေပါတယ်။ ရသစာပေဟာ ဖတ်သူကိုနှစ်သက်ကြည်နူးမှုနဲ့အတူ ပတ်ဝန်းကျင်လောကကို သတိမူမိအောင် လုပ်ပေးနိုင်ပါတယ်။

ငါစွဲလျှော့ပြီး ဘဝအမောပြေအောင် လုပ်ပေးနိုင်တဲ့ အစွမ်းသတ္တိ စာပေအနုပညာမှာ ရှိတယ်။ စာပေထွန်းကားရင် နိုင်ငံဖွံ့ဖြိုးမှာပဲ။

အဲဒါမျိုးဟာ သာမန်ထုတ်ကုန်ပစ္စည်းနဲ့မတူတဲ့ အနုပညာလက်ရာရဲ့ ပင်ကိုတန်ဖိုးပဲမဟုတ်ပါလား။

အကျယ်ကိုစဉ်းစားဆင်ခြင်ကြည့်ပါလေ။ လူငယ်တွေဟာ စာပေအနုပညာနဲ့ ရင်းနှီးထိတွေ့နေစေချင်တယ်။ ။

## မီးဘေးသင့်အိမ်ထောင်စုများအားထောက်ပံ့

**ကျိုင်းတုံ ဇန်နဝါရီ ၁၅**

ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကျိုင်းတုံမြို့ အမှတ်(၁)ရပ်ကွက် ရဲဘော်ဟောင်းရွာ၌ ဇန်နဝါရီ ၉ ရက် ည ၁၀ နာရီ ၁၀ မိနစ်ခန့်က မီးလောင်ကျွမ်းမှု ဖြစ်ပွားခဲ့ခြင်းကြောင့် မီးဘေးသင့်အိမ်ထောင်စု နှစ်စုတို့အား အလှူငွေနှင့် ကယ်ဆယ်ရေးပစ္စည်းများကို ထောက်ပံ့ပေးအပ်ခြင်း၊ အခမ်းအနားကို ဇန်နဝါရီ ၁၁ ရက် မွန်းလွဲ ၁ နာရီက ကျိုင်းတုံမြို့ အမှတ်(၃) ရပ်ကွက် ပါလျံရပ်ရှိ ကျိုင်းတုံမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ကျိုင်းတုံမြို့နယ် အုပ်ချုပ်ရေးမှူးရုံးခန်း အတွင်း၌ ကျင်းပခဲ့သည်။

အဆိုပါ အခမ်းအနားတွင် ကျိုင်းတုံမြို့နယ် အုပ်ချုပ်ရေးမှူး ဦးသိန်းဦးက မီးဘေးသင့်အိမ်ထောင်စုနှစ်စုတို့မှ အိမ်ထောင်ဦးစီးဖြစ်သူတို့အား အိမ်ထောင်စုတစ်စုလျှင် အလှူငွေ ၅၀၀၀၀ ကျပ်နှုန်းစီဖြင့် အိမ်ထောင်စုနှစ်စုအတွက် စုစုပေါင်း အလှူငွေ ၁၀၀၀၀၀ ကျပ်နှင့် အိမ်ထောင်စုတစ်စုလျှင် ကယ်ဆယ်ရေးပစ္စည်းရှစ်မျိုးစီဖြင့် အိမ်ထောင်စုနှစ်စုအတွက် ကယ်ဆယ်ရေးပစ္စည်း ၁၆ မျိုးကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**နိုင်နိုင်အောင်ဝေ**

## အခွန်ဘဏ္ဍာပြည့်ပါမှ လှပသာယာ တို့ပြည်မြန်မာ

## အမြို့မြို့အနယ်နယ်သတင်းအတိုအထွာ

### ဇီးကုန်းမြို့

ဇီးကုန်းဇာတိဖွား စာရေးဆရာကြီးဇေယျအား ဂုဏ်ပြုသောအားဖြင့် စာရေးဆရာကြီး ဇေယျ(၁၁၅)နှစ်ပြည့် ဂုဏ်ပြုအထိမ်းအမှတ် ဇီးကုန်းမြို့နယ် မဂ္ဂဇင်း (၂၀၁၄)ထုတ်ဝေရန်အတွက် ကြိုတင်ညှိနှိုင်းအစည်းအဝေးကို ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် ဇီးကုန်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမတွင် ဇန်နဝါရီ ၁၂ ရက်က ကျင်းပသည်။

**(မြို့နယ် ပြန်/ဆက်)**

### ကျိုင်းတုံမြို့

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့နယ်၏ ဖွံ့ဖြိုးတိုးတက်မှုနှင့်သုတ၊ ရသစာပေများစုံလင်စွာပါဝင်မည့် ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမဂ္ဂဇင်း စာအုပ်အား ၂၀၁၄ ခုနှစ်အတွင်း အောင်မြင်စွာ ထုတ်ဝေသွားမည်ဖြစ်ကြောင်း သိရသည်။

**နိုင်နိုင်အောင်ဝေ**

### မိတ္ထီလာမြို့

မိတ္ထီလာခရိုင် သာစည်မြို့နယ် ဘုရားကုန်းကျေးရွာအုပ်စု ရွှေလှံကျေးရွာ အထကခွဲတွင် ဒေသခံကျေးလက်နေ ကျောင်းသား ကျောင်းသူလူငယ်များ ခေတ်မီအိုင်တီနည်းပညာရပ်များကို လေ့လာဆည်းပူးနိုင်ရည်ရွယ်ချက်ဖြင့် အလှူရှင်မှ ဆောက်လုပ်လှူဒါန်းသည့် မာလ်တီမီဒီယာကျောင်းသစ်ဖွင့်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲအခမ်းအနားကို ဇန်နဝါရီ ၁၄ ရက် နံနက် ၉ နာရီက အဆိုပါကျောင်းတွင် ကျင်းပသည်။

**ချမ်းသာ(မိတ္ထီလာ)**

### မုံရွာမြို့

မုံရွာမြို့ ခုတင် ၅၀ ဆံ့ တိုင်းရင်းဆေးရုံမှ ဆေးရုံအုပ်ကြီး ဦးနေအောင်နှင့် တိုင်းရင်းဆေးမှူး ခုနစ်ဦး၊ အလုပ်သင်ဆရာမသုံးဦးတို့သည် ဇန်နဝါရီ ၁၂ ရက်က ရွှေဘိုမြို့နယ် ခွန်ကောင်းကြီးကျေးရွာအုပ်စုသို့ သွားရောက်ပြီး ကျေးလက်နေပြည်သူများကို တိုင်းရင်းဆေးဝါးများဖြင့် အခမဲ့ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့သည်။

ထိုကဲ့သို့ ကျန်းမာရေးစောင့်ရှောက်မှုဆောင်ရွက်ရာတွင် ကျေးလက်နေပြည်သူ အမျိုးသား ၆၇ ဦး၊ အမျိုးသမီး ၁၃၈ ဦး စုစုပေါင်း ၂၀၅ ဦး ကုသပေးနိုင်ခဲ့ရာ ထုံနာကျင်နာနှင့်အမူးရောဂါ၊ ရင်ကျပ်ရောဂါများ အများဆုံးကုသခဲ့ရပြီး အထွေထွေရောဂါများကိုလည်း ကုသပေးခဲ့ကြောင်း သိရသည်။

**(ဖိုးချမ်း-မုံရွာ)**

### ကျောက်တံခါးမြို့

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် ပညာရေးစုံညီပွဲတော်နှင့် ဆုချီးမြှင့်ပွဲကို ဇန်နဝါရီ ၇ ရက် နံနက် ၉ နာရီက ကျောက်တံခါးမြို့ စည်ပင်သာယာခန်းမ၌ ကျင်းပသည်။ အခမ်းအနားတွင် ကျောက်တံခါးအထက ကျောင်းသားကျောင်းသူများမှ မြန်မာ့ကျောင်းသီချင်းဖြင့် သီဆိုဖျော်ဖြေကြပြီး မြို့နယ်ပညာရေးကော်မတီဥက္ကဋ္ဌ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထက်အောင်ဖြိုးက အမှာစကားပြောကြားသည်။ ထို့နောက် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးသိန်းဆွေက ပညာရေးဆိုင်ရာနှင့်မြို့နယ်ပညာရေးမှူး ဒေါ်ခင်သန်းဝင်းက မြို့နယ်ပညာရေးစုံညီပွဲတော် ကျင်းပရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

**ခင်ကို (ကျောက်တံခါး)**

### လှည်းကူးမြို့

ရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့၊ လှည်းကူးမြို့နယ် အုပ်ချုပ်ရေးမှူးရုံးက လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး အသိပညာပေးဟောပြောပွဲကို ဇန်နဝါရီ ၁၀ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ မြို့နယ်လျှပ်စစ်အုပ်ချုပ်ရေးမှူး ဦးမောင်မောင်သန့်ဇင်က လျှပ်စစ်အန္တရာယ်ကင်းရှင်းရေးအသိပညာပေးဟောပြောဆွေးနွေးပြီး ထရန်စဖော်မာနှင့် မီတာများလျင်မြန်စွာ တပ်ဆင်နိုင်ရေးကိစ္စရပ်များကို ရှင်းလင်းပြီး ဌာနဆိုင်ရာများ၊ ရပ်မိရပ်ဖများ၊ မီးလင်းရေးကော်မတီများ တက်ရောက်ကြပြီး လျှပ်စစ်အန္တရာယ်နှင့်ပတ်သက်၍ သိလိုသည့်မေးမြန်းချက်များကို မြို့နယ်လျှပ်စစ်အုပ်ချုပ်ရေးမှူးက ရှင်းလင်းဖြေကြားပြီး အန္တရာယ်ကင်းရှင်းရေးလက်ကမ်းစာစောင်များကို ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**လှကြွယ်(လှည်းကူး)**

### မိုးညှင်းမြို့

ကချင်ပြည်နယ် မိုးညှင်းမြို့ နတ်ကြီးကုန်း(ရှမ်းပိုင်း)ရပ်ကွက်ရှိ ဇောတိရှမ်းကျောင်းလမ်းတွင် ၄၀၀-ဗို့ လိုင်း သစ်သားတိုင် ၃၁ တိုင်ကို ကွန်ကရစ်တိုင်များဖြင့် အစားထိုးလဲလှယ်ခြင်းလုပ်ငန်းကို လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း မြို့နယ်အင်ဂျင်နီယာ ဦးလှကျော် ကြီးကြပ်၍ဆောင်ရွက်ခဲ့ရာ ဇန်နဝါရီ ၁၂ ရက်က လုပ်ငန်းအားလုံးပြီးစီးသွားပြီဖြစ်ကြောင်း သိရသည်။

ယခုလုပ်ငန်းကို လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ သာမန်လုပ်ငန်း ခွင့်ပြုမိန့်ဖြင့် ကွန်ကရစ်တိုင်ခြောက်တိုင်၊ အများပြည်သူထည့်ငွေဖြင့် ၂၅ တိုင်တို့ကို အစားထိုးလဲလှယ်ဆောင်ရွက်ခြင်းဖြစ်သည်။ ယင်းလုပ်ငန်းများအတွက် မိုးညှင်းမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်စိုးလေးက ကျပ်သိန်း ၂၀၊ ရပ်ကွက်ပြည်သူများက ကျပ်သိန်း ၂၀ မတည်ထည့်ဝင်ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**ကေဆိုင်းနော်(ဖားကန့်)**

လွှတ်တော်ရေးရာကဏ္ဍ

◆ *ပြည်ထောင်စုလွှတ်တော်မှ*

တိုင်းရင်းသားရေဒီယိုအစီအစဉ်များကို တိုးချဲ့ထုတ်လွှင့်နိုင်ရန်အတွက် ရန်ကုန်မြို့ရှိ ရေကူးစက်ရုံတွင် သက်တမ်းကြာမြင့်နေပြီဖြစ်သော 50 KW SW Transmitter တစ်စုံ အစားထိုးတပ်ဆင်ခြင်း၊ ရုပ်မြင်သံကြားထပ်ဆင့်လွှင့်စက်ရုံ ၂၀ သို့ အစီအစဉ်များပေးပို့ရာတွင် ပိုမိုအရည်အသွေးကောင်းမွန်ပြီး စိတ်ချရစေရန်အတွက် Fibre Network တည်ဆောက်ရန် လိုအပ်သောစက်ပစ္စည်းများ ဝယ်ယူတပ်ဆင်ခြင်း၊ Analogue စနစ်မှ Digital စနစ်သို့ ပြောင်းလဲထုတ်လွှင့်မည့် နယ်မြေများရှိ အခြေခံလူမှုအဖွဲ့အစည်းများနှင့် မိသားစုများ Digital TV အစီအစဉ်များ၊ ဖမ်းယူကြည့်ရှုနိုင်ရန်အတွက် Set-top Box များ ဝယ်ယူ၍ အခမဲ့ဖြန့်ဝေပေးခြင်း၊ ရုပ်သံလိုင်းအသစ်များအတွက် အစီအစဉ်သစ်များ ရိုက်ကူးထုတ်လုပ်ရန် ရန်ကုန်မြို့ရှိ ရေကူးစက်ရုံ၌ စတူဒီယိုတစ်လုံး အသစ်တည်ဆောက်ခြင်း၊ MRTV(နေပြည်တော် တပ်ကုန်း)တွင် တိုင်းရင်းသားရုပ်သံလိုင်း၊ လွှတ်တော်ရုပ်သံလွှင့်လိုင်းနှင့် တောင်သူလယ်သမားရုပ်သံလိုင်းများအပြင် ပညာရေးရုပ်သံလိုင်းများ တိုးချဲ့ထုတ်လွှင့်ရန်အတွက် လိုအပ်သော Program များ ထုတ်လုပ်နိုင်ရန် လက်ရှိစက်ပစ္စည်းများ တပ်ဆင်ထားခြင်းမရှိသေးသော စတူဒီယိုနှစ်လုံးနှင့် ဆက်စပ်ပစ္စည်းများ တပ်ဆင်ခြင်း၊ တိုင်းဒေသကြီး/ပြည်နယ်များမှ သတင်းများ ရိုက်ကူး၍ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား (တပ်ကုန်း) သို့ ချက်ချင်းပေးပို့နိုင်ရေး၊ လိုအပ်ပါက တိုက်ရိုက်(Live) ထုတ်လွှင့်နိုင်ရေးအတွက် တိုင်းဒေသကြီး / ပြည်နယ်များတွင် ရိုက်ကူးရေး Van တစ်စီး သို့မဟုတ် Flyaway Kit တစ်ခုစီထား၍ သတင်းဗျူရိုရုံးခွဲများဖွင့်လှစ်ခြင်း၊ ၂၀၁၄ ခုနှစ် မြန်မာနိုင်ငံက အာဆီယံဥက္ကဋ္ဌအဖြစ် တာဝန်ယူစဉ် လက်ခံကျင်းပမည့် အစည်းအဝေးပေါင်း ၃၀၀ ကျော်တွင် ပြည်တွင်း ပြည်ပမှ မီဒီယာသမားများအတွက် ရုပ်သံသတင်းများ ရိုက်ကူး၍ ပြည်ပနိုင်ငံများသို့ ပေးပို့ထုတ်လွှင့်နိုင်ရန် International Broadcasting လုပ်ငန်းများ ထူထောင်ခြင်းလုပ်ငန်းစဉ်များကို ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

အလားတူ နိုင်ငံတော်ဘတ်ဂျက်မတည်ငွေကျပ် ၁၀ သိန်းစီနှင့်အလှူရှင်များ၏ အကူအညီဖြင့် ကျေးရွာစာကြည့်တိုက် ၂၀၀ ကို ကျပ်သန်း ၂၀၀ ဖြင့် လျာထားပြီး အဆိုပါစာကြည့်တိုက်များကို အနည်းဆုံးအိမ်ခြေ ၂၀၀ အထက်ရှိပြီး အနည်းဆုံးလူဦးရေ ၁၂၀၀ ရှိသည့် ကျေးရွာကြီးများတွင် ဆောက်လုပ်ခြင်း၊ တိုင်းဒေသကြီး/ပြည်နယ်များရှိ လူစည်ကားရာ နေရာဖြစ်သော ကားဂိတ်၊လေဆိပ်၊ သင်္ဘောဆိပ်များ၌ နိုင်ငံတော်ဘတ်ဂျက်ဖြင့် စာပေရေချမ်းစင် Mini Book Corner ၅၀၀၀ ထပ်မံတိုးချဲ့ပြုလုပ်ခြင်း၊ တိုင်းဒေသကြီး/ပြည်နယ်/ခရိုင်ရုံးများတွင် ဖွင့်လှစ်ထားသော ပြည်သူ့စာကြည့်တိုက် ၁၀၀ ၌ စာဖတ်ပရိသတ်ပြည်သူများ Internet အခမဲ့ သုံးစွဲနိုင်ရေးအတွက် WiFi များ တပ်ဆင်၍ ဝန်ဆောင်မှုပေးခြင်း၊ တိုင်းဒေသကြီး/ပြည်နယ်များအတွင်း လူစည်ကားရာနေရာများတွင် Internet လိုင်း မလိုအပ်ဘဲ အိတ်ဆောင်ကွန်ပျူတာနှင့် မိုဘိုင်းဖုန်းများဖြင့် စာအုပ်ပေါင်း ၂၀၀၀၀ နီးပါးကို ထုတ်လွှင့်ပေးမည့် အခမဲ့ကြည့်ရှုနိုင်သော Public Digital Library Service ၂၀၀ ဆောင်ရွက်ပေးခြင်း လုပ်ငန်းစဉ်များကို ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

ထို့အတူ စာပေဗိမာန်ဌာနကို Semi Government Organization အဖြစ် ပြောင်းလဲဖွဲ့စည်း၍ ပုဂ္ဂလိကနှင့် အစိုးရပူးပေါင်းပြီး ဘာသာပြန်လုပ်ငန်းများ အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်ခြင်း၊ ပုံနှိပ်စက်ဟောင်းများနေရာတွင် ပုံနှိပ်စက်သစ်များ အစားထိုးလဲလှယ်ရန် ဖိုတိုလစ်သိုစက်ရုံအတွက် Sheetfed Offset 4 Unit တစ်လုံး၊ ဗဟိုပုံနှိပ်စက်ရုံအတွက် ကွန်ပျူတာအသုံးပြု၍ ပလိပ်ပြားပေါ်တွင် တိုက်ရိုက်အရောင်ခွဲပုံဖော်စက် Computer To Plate (CTP) တစ်လုံး ဝယ်ယူခြင်းလုပ်ငန်းစဉ်များကို ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

ထို့ပြင် တိုင်းဒေသကြီး/ပြည်နယ်များရှိ ပြည်သူများအနေဖြင့် ရောင်စုံသတင်းစာများ ဖတ်ရှုနိုင်ရန်နှင့်နောင်အနာဂတ်တွင် မြန်မာဘာသာအပြင် တိုင်းရင်းသားဘာသာဖြင့် ရောင်စုံသတင်းစာများထုတ်ဝေနိုင်ရေးအတွက် မော်လမြိုင်၊ ကလေး၊ မြစ်ကြီးနားမြို့များတွင် ရောင်စုံကိုယ်ပွားသတင်းစာတိုက်များ တည်ဆောက်ဖွင့်လှစ်ခြင်းနှင့် လိုအပ်သောပုံနှိပ်စက်နှင့် Computer To Plate (CTP)များ ဝယ်ယူတပ်ဆင်ခြင်း၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းက ထုတ်ဝေသော The New Light of Myanmar သတင်းစာကို စီးပွားဖြစ်သတင်းစာအဖြစ် ထုတ်ဝေနိုင်ရန်နှင့် သတင်းစာ၏အဆင့်အတန်းကို နိုင်ငံတကာစံချိန်စံညွှန်းများနှင့်အညီ မြှင့်တင်ဆောင်ရွက်ခြင်း၊ ၂၀၁၄ ခုနှစ် အာဆီယံဥက္ကဋ္ဌအဖြစ် တာဝန်ယူစဉ် လက်ခံကျင်းပရမည့် အစည်းအဝေးပေါင်း ၃၀၀ ကျော်တွင် ပြည်တွင်း၊ ပြည်ပမှ သတင်းဌာနများ၊ သတင်းသမားများအတွက် သတင်းများ၊ သတင်းဓာတ်ပုံများ ရယူပေးပို့နိုင်ရန် Main Press Center(MPC) ထူထောင်ခြင်း လုပ်ငန်းစဉ်များကို ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

ပြည်ထောင်စုလွှတ်တော်အစည်းအဝေး တတိယနေ့ ကျင်းပစဉ်။ (သတင်းစဉ်)

အလားတူ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် နိုင်ငံပိုင်ရုပ်ရှင်ရုံ ၂၇ ရုံအနက် ရုပ်ရှင်ရုံ ခုနစ်ရုံအား Digital စနစ် ပြောင်းလဲပြီးဖြစ်သဖြင့် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် ကျန်ရှိနေသော ရုပ်ရှင်ရုံ ၂၀ ကို Digital စနစ်သို့ ဆက်လက်ပြောင်းလဲနိုင်ရေး ဆောင်ရွက်ခြင်း၊ ရုပ်ရှင်ဥပဒေရေးဆွဲခြင်း၊ နိုင်ငံတော်က နှစ်ရှည်ငှားရမ်းထားသော ရုပ်ရှင်ရုံများအပါအဝင် နိုင်ငံပိုင်နှင့် ပုဂ္ဂလိကပိုင်ရုပ်ရှင်ရုံများအား နေရာဒေသနှင့်ကိုက်ညီသော ခေတ်မီအဆင့်မြင့်ရုပ်ရှင်ရုံများဖြစ်အောင် တည်ဆောက်ခြင်းနှင့် ရုပ်ရှင်ဈေးကွက်မြှင့်တင်ခြင်း စသည့်လုပ်ငန်းစဉ်များကို ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းဖြင့် တင်ပြခဲ့သည်။

ယဉ်ကျေးမှု ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်ကြူက (၂၁)ကြိမ်မြောက် မြန်မာတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကျင်းပခြင်း၊ ဇာတ်သဘင်၊ အငြိမ့်၊ ရုပ်သေး၊ ပဒေသာအကများကို နိုင်ငံတော်ဧည့်သည်တော်များနှင့် နိုင်ငံတော်အခမ်းအနားများ၌ ဖျော်ဖြေခြင်းအပြင် တိုင်းဒေသကြီးနှင့်ပြည်နယ်များရှိ ပြည်သူများအား ပွင့်လင်းရာသီများတွင် လှည့်လည်ကပြခြင်း၊ ရှမ်းပြည်နယ် ညောင်ရွှေမြို့တွင် အနုပညာကောလိပ်တည်ဆောက်ခြင်း၊ ရှေးဟောင်းသုတေသနဆိုင်ရာ ကွင်းဆင်း သုတေသနပြုခြင်းနှင့် ရှေးဟောင်းအဆောက်အအုံ၊ စေတီ၊ ဂူဘုရား၊ နန်းတော်များ ထိန်းသိမ်းခြင်း၊ ရှေးဟောင်းဘုရားများ၊ လိုဏ်ဂူများရှိ နံရံဆေးရေးပန်းချီများနှင့် ရှေးဟောင်းအုတ်ခွက် ဆင်းတုတော်များအား ဓာတုဗေဒနည်းဖြင့် ကြေးချွတ်သန့်စင်၊ ကြံ့ခိုင်စေရန် ထိန်းသိမ်းခြင်းနှင့် ဒစ်ဂျစ်တယ်နည်းဖြင့် မှတ်တမ်းတင်ခြင်း၊ ယဉ်ကျေးမှုပြတိုက်များ၊ စာကြည့်တိုက်များ အဆင့်မြှင့်တင်ခြင်း၊ အမျိုးသားပြတိုက် (နေပြည်တော်) ခင်းကျင်းပြသခြင်း၊ ပျူမြို့ဟောင်းသုံးမြို့အား ကမ္ဘာ့ယဉ်ကျေးမှုအမွေအနှစ်စာရင်းဝင်နိုင်ရန်အတွက် ပြုပြင်မွမ်းမံထိန်းသိမ်းခြင်း၊ နေပြည်တော်နယ်နိမိတ်အတွင်း လေ့ကျင့်ရေးဇာတ်ရုံဆောက်လုပ်ခြင်း၊ အမျိုးသားပြတိုက်(နေပြည်တော်)နှင့် အမျိုးသားစာကြည့်တိုက်(နေပြည်တော်)လုပ်ငန်းများ အပြီးသတ်တည်ဆောက်ခြင်း စသည့်လုပ်ငန်းစဉ်များကို ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းဖြင့် တင်ပြခဲ့သည်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်မြတ်မြတ်အုန်းခင်က ကလေးပြုစုရေးဌာနတစ်ခုကို စစ်တွေမြို့တွင် ဖွင့်လှစ်ခြင်း၊ မူလတန်းကြိုကျောင်း ငါးကျောင်းကို အောင်ပန်းမြို့၊ မြောင်းမြမြို့၊ ပဲခူးမြို့၊ တောင်ငူမြို့နှင့် ကလေးမြို့တို့တွင် တိုးချဲ့ဖွင့်လှစ်ခြင်း၊ ရှေးဦးကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဘက်စုံဖွံ့ဖြိုးမှုဆိုင်ရာ ပင်မအထောက်အကူပြုဗဟိုဌာနကို ဖွင့်လှစ်ခြင်း၊ အရွယ်မရောက်သေးသူ ကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီးထိန်းသိမ်းရေးလုပ်ငန်းများ၊ မိုင်းအန္တရာယ်အသိပညာပေးသင်တန်းများ၊ မြို့နယ်အတွင်း ကလေးသူငယ်နှင့်လူငယ်ကာကွယ်စောင့်ရှောက်ရေးစနစ်များ ထူထောင်ခြင်း၊ ကလေးသူငယ်နှင့် လူငယ်အခွင့်အရေးများဆိုင်ရာ အသိပညာပေးခြင်းလုပ်ငန်းများဆောင်ရွက်ခြင်း၊ အိမ်တွင်းသက်မွေးလုပ်ငန်း ပညာသင်ကျောင်းနှစ်ကျောင်းကို စစ်တွေမြို့နှင့်ဖျာပုံမြို့တို့တွင် ဖွင့်လှစ်ခြင်း၊ ရပ်ရွာများတွင် အိမ်တွင်းမှုသင်တန်းများ ဖွင့်လှစ်ခြင်း၊ ကျား/မ တန်းတူညီမျှမှုဆိုင်ရာ သဘောတရားနှင့် အမျိုးသမီးအခွင့်အရေးများ အသိပညာပေးခြင်း၊ စိတ်လူမှုဆက်ဆံရေးသင်တန်းများ ဖွင့်လှစ်ခြင်း၊ လူကုန်ကူးခံရသူများအား ပြန်လည်လက်ခံခြင်း၊ မိဘရပ်ထံပြန်လည်အပ်နှံခြင်း၊ နောက်ဆက်တွဲစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ သက်ကြီးရွယ်အို နေ့ပိုင်းစောင့်ရှောက်ရေးဂေဟာ ဖွင့်လှစ်ခြင်း လုပ်ငန်းစဉ်များကို ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

အလားတူ လူတိုင်းအကျုံးဝင်ပညာရေးဆိုင်ရာ အသိပညာပေးခြင်း၊ မသန်စွမ်းသူများ အခွင့်အရေးဆိုင်ရာ သဘောတူစာချုပ်ကို အသိပညာပေးခြင်း၊ မသန်စွမ်းဥပဒေအသိပညာပေးခြင်း၊ ရပ်ရွာအခြေပြုမသန်စွမ်းသူများ ပြန်လည်ထူထောင်ရေးစီမံကိန်းများအား ကြီးကြပ်ခြင်းနှင့် သုံးသပ်ခြင်း၊ မသန်စွမ်းသူနှင့် မသန်စွမ်းမှုဆိုင်ရာ လုပ်ငန်းများ ဆောင်ရွက်ခြင်း၊ စေတနာ့ဝန်ထမ်းမူးယစ်ကြီးကြပ်ရေးမှူးများအား သင်တန်းပေးခြင်း၊ ရပ်ရွာအခြေပြု ဆေးဖြတ်ကုသခြင်းနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ နောက်ဆက်တွဲစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီ၊ မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာကော်မတီ၊ မသန်စွမ်းသူများအခွင့်အရေးဆိုင်ရာ အမျိုးသားကော်မတီအစည်းအဝေးများ ကျင်းပခြင်း၊ အာဆီယံအစည်းအဝေးများအား အိမ်ရှင်နိုင်ငံအဖြစ် ကျင်းပခြင်း၊ ဝန်ထမ်းများ စွမ်းဆောင်ရည်မြှင့်မားရေးသင်တန်းများ ဖွင့်လှစ်ခြင်း၊ စေတနာ့ဝန်ထမ်းများအတွက် သင်တန်းများ ဖွင့်လှစ်ခြင်း၊ ခရိုင်အဆင့် လူမှုဝန်ထမ်းရုံးများနှင့် မြို့နယ်အဆင့် လူမှုဝန်ထမ်းရုံးများကို မြေနေရာရရှိသည့်အပေါ်မူတည်၍ ဦးစားပေးအစီအစဉ်ဖြင့် ဖွင့်လှစ်ခြင်းလုပ်ငန်းစဉ်များကို ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

ထို့ပြင် စေတနာ့ဝန်ထမ်းအဖွဲ့အစည်းများအား တိုးမြှင့်ထောက်ပံ့ပေးခြင်းနှင့် ရန်ပုံငွေထူထောင်ပေးခြင်း၊ သဘာဝဘေးအန္တရာယ်များ ဖြစ်ပွားလာပါက ကယ်ဆယ်ရေးပစ္စည်းများ ထောက်ပံ့ပေးခြင်း၊ သဘာဝဘေးများ ဖြစ်ပွားလာပါက အချိန်နှင့်တစ်ပြေးညီ ထောက်ပံ့ပေးနိုင်ရန် ကယ်ဆယ်ရေးပစ္စည်းများ သိုလှောင်ရန်အတွက် ရုံးနှင့်သိုလှောင်ရုံများကိုလည်း ဆောက်လုပ်ဖွင့်လှစ်သွားမည်ဖြစ်ရာ တိုင်းဒေသကြီးရုံးတစ်ရုံးကို တနင်္သာရီတိုင်းဒေသကြီးတွင် လည်းကောင်း၊ ခရိုင်ရုံးခြောက်ရုံးကို ဒက္ခိဏသီရိခရိုင်၊ ဥတ္တရသီရိခရိုင်၊ ကသာခရိုင်၊ မိတ္ထီလာခရိုင်၊ ပြင်ဦးလွင်ခရိုင်၊ မြောက်ဦးခရိုင်တို့တွင် လည်းကောင်း၊ သိုလှောင်ရုံ သုံးလုံးကို မိုးညှင်းခရိုင်၊ မြောက်ဦးခရိုင်၊ မြဝတီခရိုင်တို့တွင် လည်းကောင်းဆောက်လုပ်ခြင်း၊ ထို့ပြင် လပွတ္တာခရိုင်တွင် လေးခန်းတွဲ ဝန်ထမ်းအိမ်ရာ တစ်လုံးဆောက်လုပ်ခြင်းနှင့် ဧရာဝတီတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့တွင် Cyclone Shelter များ ပြုပြင်ခြင်း၊ ဟင်္သာတမြို့နယ်တွင် သဘာဝဘေး စီမံခန့်ခွဲမှုသင်တန်းကျောင်း ဖွင့်လှစ်ရန်အတွက် အဆောက်အအုံခြောက်လုံး တည်ဆောက်ခြင်း၊ ခြံစည်းရိုးကာရံခြင်းနှင့်အဝင်တံတားဆောက်လုပ်ခြင်း စသည့်လုပ်ငန်းစဉ်များကို ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းဖြင့် တင်ပြခဲ့သည်။

အစည်းအဝေးကို ညနေ ၃ နာရီ ၁၀ မိနစ်တွင် ရပ်နားခဲ့ပြီး အစည်းအဝေးစတုတ္ထနေ့ကို ဇန်နဝါရီ ၁၇ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## နေပြည်တော်မြို့မဈေး ကားပါကင်အသစ်တည်ဆောက်ပြီးစီး

**နေပြည်တော် ဇန်နဝါရီ ၁၅**

နေပြည်တော်စည်ပင်သာယာရေးကော်မတီ၏ဦးဆောင်မှုဖြင့် နေပြည်တော်မြို့မဈေးအရှေ့ဘက် ကားဝင်းရှေ့ ယခင်မြက်ခင်းပြင်ကို အလျား ၆၁၅ ပေ၊ အနံ ၆၇ ပေရှိ ကားပါကင်အသစ် တည်ဆောက်ခြင်းလုပ်ငန်းပြီးစီးသွားပြီဖြစ်သည့်အတွက် ဇန်နဝါရီ ၁၂ ရက်မှစတင်၍ ကားဝင်း၏ရှေ့လမ်းမဖြစ်သည့် ရန်မျိုးသန့်စင်လမ်းမပေါ်၌ ဌာနဆိုင်ရာယာဉ်များ၊ တက္ကစီများ၊ မော်တော်ဆိုင်ကယ်များ လုံးဝရပ်နားခွင့်မပြုဘဲ အဆိုပါ ကားပါကင်တွင် ဝင်ရောက်ရပ်နားရမည်ဖြစ်သည်။

နေပြည်တော်စည်ပင်ရဲတပ်ဖွဲ့ဝင်များနှင့် နေပြည်တော်မြို့မဈေး လုံ/စည်းအဖွဲ့တို့က ပူးပေါင်းကြပ်မတ်၍ ပညာပေးကာလအနေဖြင့် ရက်သတ္တတစ်ပတ်ပြုလုပ်မည်ဖြစ်၍ ပညာပေးကာလကျော်လွန်ပါက အရေးယူဆောင်ရွက်မှုများပြုလုပ်မည်ဟုသိရပြီး ယင်းကဲ့သို့ ကားပါကင်သစ် တည်ဆောက်ခဲ့သည့်အတွက် အဝေးပြေးမော်တော်ယာဉ်ကြီးများ ဝင်ထွက်သွားလာရာတွင် ယခင်ကာလကဲ့သို့ ရှုပ်ထွေးကျပ်တည်းမှုများ မရှိတော့ဘဲ အခြားယာဉ်များအတွက်လည်း အန္တရာယ်ကင်းရှင်းကာ ယာဉ်မတော်တဆမှုများ လျော့နည်းသွားစေမည်ဟု မြို့မဈေးရှိ ဈေးတာဝန်ခံထံမှ သိရသည်။

**ကိုကိုလွင်(နေပြည်တော်)**

## (၇)ကြိမ်မြောက် အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲပွဲစဉ်များအား ကြည့်ရှုအားပေးနိုင်ရေးနှိုးဆော်

**နေပြည်တော် ဇန်နဝါရီ ၁၅**

ယမန်နေ့ညနေပိုင်းက နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားပြိုင်ကွင်း၌ ခမ်းနားသိုက်မြိုက်စွာ ကျင်းပခဲ့သော (၇)ကြိမ်မြောက် အာဆီယံ မသန်စွမ်းအားကစားပြိုင်ပွဲ ဖွင့်ပွဲအပြီး ယနေ့နံနက်ပိုင်းကစ၍ ပြေးခုန်ပစ်၊ ဘော်စီယာ၊ မျက်မမြင်စစ်တုရင်၊ ခုနစ်ယောက်တစ်ဖက်ဘောလုံး၊ ဂိုးဘော၊ ရေကူး၊ ထိုင်လျက်ဘော်လီဘော၊ ဘီးတပ်ဘတ်စကက်ဘောနှင့် စားပွဲတင်တင်းနစ်ပြိုင်ပွဲများကို စတင်ကျင်းပခဲ့ရာ လူသားချင်းအတူတူ ဘဝကံအကြောင်း အမျိုးမျိုးကြောင့်ကိုယ်အင်္ဂါမသန်စွမ်းကြသူ အာဆီယံနိုင်ငံအသီးသီးမှ အားကစားသမားများမှာ သာမန်လူသားတိုင်းပင် မထားရှိနိုင်သည့်ကြံ့ခိုင်သည့် စိတ်ဓာတ်၊ ယှဉ်ပြိုင်လိုသည့် ဇွဲသတ္တိ၊ လောကဓံကို ကြံ့ကြံ့ခံကာ ကြိုးစားအားထုတ်နိုင်သည့် စွမ်းအားတို့ဖြင့် မိမိနိုင်ငံ၏အလံကို အောင်ပွဲခံအလံတိုင်ထိပ်တွင် တဖျပ်ဖျပ်လွှင့်ထူနိုင်ရေး အကြိတ်အနယ်ယှဉ်ပြိုင်နေကြသည်မှာ ကြည့်ရှုအားပေးသူများအတွက် လူသားချင်း ကရုဏာနှင့် စာနာစိတ်၊ အတုယူ ကြိုးစားလိုစိတ်များ တဖွားဖွား ပေါ်ပေါက်လာစေမည်ဖြစ်သည်။

အိမ်ရှင်အဖြစ်ကျင်းပခွင့်ရခဲ့သည့် မြန်မာနိုင်ငံအနေဖြင့်လည်း အဆိုပါ ပြိုင်ပွဲကို (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲထက် အဆင့်မနိမ့်ကျစေရန် ကြိုတင်ပြင်ဆင် ဖန်တီးထားသည်ဖြစ်၍ မသန်သော်လည်း အစွမ်းထက်သည့်သူများအတွက် မိမိတို့ကြိုးစားလေ့ကျင့်ထားသမျှကို ဖော်ထုတ်ပြသယှဉ်ပြိုင်ခွင့်၊ ပျော်ရွှင်ချမ်းမြေ့စွာ နေထိုင်ပြိုင်ပွဲဝင်နိုင်ခွင့် ရရှိကြပြီးဖြစ်သည်။

သို့ဖြစ်ပါ၍ မြန်မာနိုင်ငံရှိ အားကစားနယ်ပယ်မှ မသန်စွမ်းသူများ၏ ထူးချွန်မှု၊ ကြိုးစားအားထုတ်မှုနှင့်ဇွဲသတ္တိများအား နိုင်ငံအတွင်းရှိ တိုင်းရင်းသား မိဘပြည်သူများအနေဖြင့် လာရောက်အသိမှတ်ပြု အားပေးကြပါရန်နှင့် ဇန်နဝါရီ ၂၀ ရက်တွင် ခမ်းနားသိုက်မြိုက်အောင်မြင်စွာ ပိတ်သိမ်းမည့် (၇)ကြိမ်မြောက် အာဆီယံမသန်စွမ်း အားကစားပြိုင်ပွဲ ပိတ်ပွဲအခမ်းအနားသို့လည်း တက်ရောက်ကြည့်ရှုအားပေးကြပါရန် မေတ္တာရပ်ခံဖိတ်ခေါ်ထားကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

ပြည်တွင်းသတင်း

# ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း ကုလသမဂ္ဂဌာနေညှိနှိုင်းရေးမှူး၊ UNDP ဌာနေကိုယ်စားလှယ်နှင့်အဖွဲ့အား တွေ့ဆုံ

နေပြည်တော် ဇန်နဝါရီ ၁၅

ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် ကုလသမဂ္ဂဌာနေညှိနှိုင်းရေးမှူး၊ UNDP ဌာနေ ကိုယ်စားလှယ် မစ္စ လော့ဒက်ဆဲလ် လီယန်နှင့်အဖွဲ့အား ယမန်နေ့ညနေ ၄နာရီက နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်ထောင်စုလွှတ်တော် ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

အဆိုပါ တွေ့ဆုံပွဲသို့ ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့်အတူ ပြည်သူ့လွှတ်တော် နိုင်ငံတကာဆက်ဆံရေးကော်မတီဥက္ကဋ္ဌ ဦးလှမြင့်ဦး၊ ကော်မရှင်အဖွဲ့ဝင်များဖြစ်ကြသည့် ဒေါ်မြတ်မြတ်စိုး၊ ဒေါ်အေးအေးမူနှင့် လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း ကုလသမဂ္ဂဌာနေညှိနှိုင်းရေးမှူး၊ UNDP ဌာနေကိုယ်စားလှယ် မစ္စ လော့ဒက်ဆဲလ်လီယန်နှင့်အဖွဲ့အားနေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်ထောင်စုလွှတ်တော် ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)

## ထူးခြားသည့် ညအပူချိန်များ

၁၅-၁-၂၀၁၄

| | | |
|---|---|---|
| ဟားခါးမြို့ | ၃ | ဒီဂရီစင်တီဂရိတ် |
| လွိုင်လင်မြို့ | ၃ | ဒီဂရီစင်တီဂရိတ် |
| ပူတာအိုမြို့ | ၄ | ဒီဂရီစင်တီဂရိတ် |
| ပင်လောင်းမြို့ | ၄ | ဒီဂရီစင်တီဂရိတ် |
| ဟဲဟိုးမြို့ | ၄ | ဒီဂရီစင်တီဂရိတ် |
| ပြင်ဦးလွင်မြို့ | ၄ | ဒီဂရီစင်တီဂရိတ် |

# ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မော်တော်ယာဉ်သုံး သဘာဝဓာတ်ငွေ့ အရောင်းဆိုင်များသို့ သွယ်တန်းထားသော သဘာဝဓာတ်ငွေ့ပိုက်လိုင်းများအား စစ်ဆေးပြုပြင်မည်

နေပြည်တော် ဇန်နဝါရီ ၁၅

ရန်ကုန်မြို့အတွင်းရှိ မော်တော်ယာဉ်သုံး သဘာဝဓာတ်ငွေ့အရောင်းဆိုင် ၄၀ မှ သဘာဝဓာတ်ငွေ့သုံး ခရီးသည်တင်မော်တော်ယာဉ် ၂၆၈၀၀ ခန့်သို့ ၂၄ နာရီ ပိတ်ရက်မရှိ ဖွင့်လှစ်ပြီး နေ့စဉ်သဘာဝဓာတ်ငွေ့ ကုဗပေသန်း ၂၀ ခန့် ဖြန့်ဖြူးပေးလျက်ရှိသည်။

အဆိုပါဆိုင်များသို့ သွယ်တန်းထားသော သဘာဝဓာတ်ငွေ့ပိုက်လိုင်းများသည် ၂၀၀၄ ခုနှစ်မှ စတင်၍ သွယ်တန်းခဲ့ရာ ယခုအခါ ပိုက်လိုင်းများ၏ သက်တမ်းမှာ ၁၀ နှစ်နီးပါးခန့် ကြာမြင့်လာပြီဖြစ်သဖြင့်ပိုက်လိုင်း လမ်းကြောင်းတစ်လျှောက်ရှိ အချို့ညစ်ညမ်းသောနေရာများနှင့် ရေဝပ်သောနေရာများတွင် သဘာဝအလျောက် သံချေးစားမှုများဖြစ်ပေါ်ပြီး ချွတ်ယွင်းအားနည်းစပြုလာသည်။

သို့ဖြစ်၍ မလိုလားအပ်သော အန္တရာယ်ဖြစ်စဉ်များ မဖြစ်ပေါ်စေရန်အတွက် စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းအနေဖြင့် Gas Detector စက်ဖြင့်လည်းကောင်း၊ ပိုက်လိုင်းလမ်းလျှောက် အဖွဲ့များဖြင့်လည်းကောင်း ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ သဘာဝဓာတ်ငွေ့ပိုက်လိုင်းများအား ၂၀-၁-၂၀၁၄ ရက်နေ့မှစ၍ အပိုင်းလိုက် စစ်ဆေးပြုပြင်သွားမည်ဖြစ်ကြောင်း သိရသည်။

| စဉ် | လုပ်ငန်းဆောင်ရွက်မည့်အပိုင်း | ပိုက်လိုင်းဖြတ်သန်းတည်ရှိရာမြို့နယ် | လုပ်ငန်းဆောင်ရွက်ရန်လျာထားရက် | | ရက်ပေါင်း |
|---|---|---|---|---|---|
| | | | မှ | ထိ | |
| ၁။ | ရွာမ-ရွှေပြည်သာ-လှော်ကား ၁၄/၁၀ လက်မ× ၇ မိုင် သဘာဝဓာတ်ငွေ့ပိုက်လိုင်း | (၁)အင်းစိန် (၂)ရွှေပြည်သာ (၃)မင်္ဂလာဒုံ | ၂၀-၁-၂၀၁၄ | ၂၂-၁-၂၀၁၄ | ၃ရက် |
| ၂။ | ရွာမ-အလုံ ၁၀ လက်မ×၁၀မိုင် သဘာဝဓာတ်ငွေ့ပိုက်လိုင်း | (၁)အင်းစိန် (၂)မရမ်းကုန်း (၃)လှိုင် (၄)ကမာရွတ် (၅)ကြည့်မြင်တိုင် (၆)အလုံ | ၂၃-၁-၂၀၁၄ | ၂၈-၁-၂၀၁၄ | ၆ရက် |
| ၃။ | လှိုင်သာယာ ၄ လက်မ CNG သဘာဝဓာတ်ငွေ့ပိုက်လိုင်းများ | (၁)လှိုင်သာယာ | ၂၉-၁-၂၀၁၄ | ၃၀-၁-၂၀၁၄ | ၂ရက် |
| ၄။ | ရွာမ-တိုးကြောင်ကလေး-သာကေတ ၁၄/၁၀ လက်မ×၁၄. ၅မိုင် သဘာဝဓာတ်ငွေ့ပိုက်လိုင်း | (၁)မင်္ဂလာဒုံ (၂)မ/ဥက္ကလာ (၃)ဒဂုံမြို့သစ်(အရှေ့) (၄)ဒဂုံမြို့သစ်(တောင်) (၅)ဒဂုံမြို့သစ်(မြောက်) (၆)တ/ဥက္ကလာ (၇)ဒဂုံဆိပ်ကမ်း (၈)သုဝဏ္ဏ (၉)မင်္ဂလာတောင်ညွန့် (၁၀)သာကေတ | ၃၁-၁-၂၀၁၄ | ၉-၂-၂၀၁၄ | ၁၀ရက် |
| ၅။ | သန်လျင် ၄ လက်မ CNG သဘာဝဓာတ်ငွေ့ပိုက်လိုင်းများ | (၁)သန်လျင် | ၁၀-၂-၂၀၁၄ | ၁၁-၂-၂၀၁၄ | ၂ရက် |
| | စုစုပေါင်း | | | | ၂၃ရက် |

ထိုသို့စစ်ဆေးပြုပြင်ရာတွင် ဒေသဆိုင်ရာအာဏာပိုင်အဖွဲ့အစည်းများ၊ သက်ဆိုင်ရာမြို့နယ်များရှိ မီးသတ်တပ်ဖွဲ့ဝင်များနှင့်ပြည်သူလူထုများ ပူးပေါင်းကူညီဆောင်ရွက်ပေးရန် အသိပေးနှိုးဆော်ထားကြောင်းနှင့် ရန်ကုန်ဧရိယာအတွင်းရှိ သဘာဝဓာတ်ငွေ့ပိုက်လိုင်းများ သံချေးစား ဓာတ်ငွေ့ယိုစိမ့်ခြင်းမှ ကာကွယ်နိုင်ရေးအတွက် မူလသွယ်တန်းထားသော ရိုးရိုးသံပိုက်များအစား ပိုလီအက်သလင်းအလွှာ ဖုံးထားသောပိုက်များဖြင့် အစားထိုးအသုံးပြုတော့မည်ဖြစ်ပြီး အပြည်ပြည်ဆိုင်ရာ တင်ဒါစနစ်ဖြင့် ပိုက်များဝယ်ယူရေးစီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# မန်စီမြို့နယ် နန့်ဟန်ဒေသမှ တရားမဝင်သစ်များဖမ်းမိထားမှု သစ်တိုက်လမ်းများဖောက်ပြီး လုံခြုံရာသို့သယ်ဆောင်စုပုံမည်

နေပြည်တော် ဇန်နဝါရီ ၁၅

ပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနသည် တရားမဝင်သစ်များကို နည်းလမ်းပေါင်းစုံဖြင့် ဖော်ထုတ်ဖမ်းဆီး အရေးယူဆောင်ရွက်လျက်ရှိသည်။ နယ်မြေဒေသ အခြေအနေအရ တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ အကူအညီဖြင့် ဖော်ထုတ် တားဆီးအရေးယူမှုများကိုလည်း ဆောင်ရွက်လျက်ရှိသည်။

ကချင်ပြည်နယ် ဗန်းမော်ခရိုင် မန်စီမြို့နယ် နန့်ဟန်ဒေသတစ်ဝိုက်၌ ၂၀၁၃ ခုနှစ် အောက်တိုဘာလအတွင်း တစ်ဖက်နိုင်ငံသို့ တရားမဝင် သယ်ဆောင်မည့် ကျွန်း၊ ပိတောက်၊ တမလန်း၊ စကားဝါသစ် စုစုပေါင်း တန် ၄၀၁ ဒသမ ၉၅၉ တန်ကို တပ်မတော်နှင့် သစ်တောဝန်ထမ်းများ ပူးပေါင်း၍ ဖမ်းဆီးအရေးယူဆောင်ရွက်ခဲ့ပြီး နယ်မြေဒေသ အခြေအနေအရ စုပုံခြင်း၊ လုံခြုံရာနေရာသို့ သယ်ယူခြင်းလုပ်ငန်းများအား ထိုအချိန်က မဆောင်ရွက်နိုင်ခဲ့သော်လည်း ယခုပွင့်လင်းရာသီတွင် မြန်မာ့သစ်လုပ်ငန်း ဗန်းမော်သစ်ထုတ်ရေးမန်နေဂျာ ဦးဌေးလွင်ဦးစီး၍ ၁၅-၁၂-၂၀၁၃ ရက်မှ ၁၃-၁-၂၀၁၄ ရက်ထိ စင်းခန်း-နန့်ဟန်လမ်းမိုင် ၇၀ သစ်တိုက်လမ်းဖောက်လုပ်ခဲ့ပြီး ၂၈-၁၂-၂၀၁၃ ရက်မှ ၉-၁-၂၀၁၄ ရက်ထိ ဗန်းမော်ခရိုင်လက်ထောက် ညွှန်ကြားရေးမှူး ဦးဝင်းမြင့်(၅) ဦးဆောင်သည့်အဖွဲ့သည် ဗန်းမော်ခရိုင် နန့်ဟန်ဒေသသို့သွားရောက်၍ တရားမဝင်သစ်များကို ဖော်ထုတ်သိမ်းဆည်းဆောင်ရွက်ခဲ့ရာ ကျွန်းသစ် ၆၃၉ လုံး/ချောင်း၊ ၂၆၂ ဒသမ ၀၉၄ တန်၊ ပိတောက် ၂၃၆ လုံး/ချောင်း၊ ၆၂ ဒသမ ၈၂၅ တန်၊ တမလန်း ၂၀၉၁ လုံး/ချောင်း၊ ၁၇၄ ဒသမ ၂၂ တန်၊ စကားဝါ ၂၆ လုံး/ချောင်း၊ ၂၆ ဒသမ ၉၄၇ တန်၊ အဖိုးတန်သစ် စုစုပေါင်း ၂၉၉၂ လုံး/ချောင်း၊ ၅၂၆ ဒသမ ၀၈၆ တန်တို့ကို ထပ်မံသိမ်းဆည်းရမိခဲ့သည်။ **(ဝဲပုံ)**

၄င်းဖမ်းဆီးရမိ အဖိုးတန် တရားမဝင်သစ် စုစုပေါင်း ၅၉၈၄ လုံး/ချောင်း၊ ၉၂၈ ဒသမ ၀၄၅ တန်ကို ယခုလမကုန်မီ လုံခြုံရာ စင်းခန်းဘိနယ်သို့ သစ်တိုက်ယာဉ်များဖြင့် သယ်ဆောင်စုပုံခြင်းကို စနစ်တကျဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

ပြည်တွင်းသတင်း

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် နိုင်ငံတော်ဩဝါဒါစရိယ စုဒ္ဒသမ ရွှေကျင်သာသနာပိုင် ဆရာတော်ကြီးအား ဖူးမြော်

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် နိုင်ငံတော်ဩဝါဒါစရိယ စုဒ္ဒသမ ရွှေကျင်သာသနာပိုင် မဟာဝိသုဒ္ဓါရုံတိုက်သစ် ဇယမေဒနီဝါဆိုကျောင်းဆရာတော်ကြီး အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တအဣိယအား ဖူးမြော်ကြည်ညိုပြီး နဝကမ္မအလှူငွေနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

**နေပြည်တော် ဇန်နဝါရီ ၁၅**

တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီးသူရသက်ဆွေ၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီး ခင်အောင်မြင့်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ တပ်မတော်အရာရှိကြီးများနှင့် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ညိုစောတို့လိုက်ပါ၍ ယနေ့မွန်းလွဲပိုင်းတွင် မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ်ရှိ မဟာဝိသုဒ္ဓါရုံတိုက်သစ်သို့ ရောက်ရှိပြီး နိုင်ငံတော်ဩဝါဒါစရိယ စုဒ္ဒသမ ရွှေကျင်သာသနာပိုင် မဟာဝိသုဒ္ဓါရုံ တိုက်သစ် ဇယမေဒနီဝါဆိုကျောင်းဆရာတော်ကြီး အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တအဣိယအား ဖူးမြော်ကြည်ညိုသည်။

ထို့နောက် ဆရာတော်ကြီးအား နဝကမ္မအလှူငွေနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီး ဆရာတော်ကြီး၏ကျန်းမာရေးနှင့်သာသနာရေးဆိုင်ရာများကို မေးမြန်းလျှောက်ထားပြီး လိုအပ်သည်များကိုညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

ယင်းနောက် ကျောင်းတိုက်ရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား ဖူးမြော်ကြည်ညို၍ ရေချမ်း၊ ဆီမီး ဆက်ကပ်လှူဒါန်းသည်။ ဆက်လက်၍ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် မဟာအောင်မြေမြို့နယ် မစိုးရိမ်ကျောင်းတိုက်သို့ရောက်ရှိပြီး ဘဝနတ်ထံပျံလွန်တော်မူသွားသည့် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ မစိုးရိမ်ကျောင်းတိုက် မဟာနာယကဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဂ္ဂမဟာပဏ္ဍိတဘဒ္ဒန္တတေဇောသာရာဘိဝံသ၏ ရုပ်ကလာပ်တော်အား ဖူးမြော်ကြည်ညိုသည်။

ထို့နောက် မစိုးရိမ်ကျောင်းတိုက် နာယကဆရာတော်များအား ဖူးမြော်၍ တပ်မတော်(ကြည်း၊ ရေ၊ လေ) မိသားစုများကိုယ်စား တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)၊ ကာကွယ်ရေးဦးစီးချုပ်(လေ)နှင့် စစ်ရေးချုပ်တို့က အလှူငွေနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်း၍ တက်ရောက်လာသူများနှင့်အတူ သာဓုအနုမောဒနာသုံးကြိမ် ရွတ်ဆိုပူဇော်ကြပြီး ဆရာတော်ကြီး၏ အန္တိမအဂ္ဂိစျာပနအစီအစဉ်အား မေးမြန်းလျှောက်ထားသည်။

မစိုးရိမ် ဆရာတော်ကြီးသည် အစိုးရပထမပြန် ငယ်၊ လတ်၊ ကြီး အစိုးရဓမ္မာစရိယနှင့် ပရိယတ္တိသာသနဟိတ သကျသီဟဓမ္မာစရိယတို့ကို အောင်မြင်ခဲ့၍ သကျသီဟဓမ္မာစရိယအဘိဝံသဘွဲ့ ရရှိပြီးနောက် ၁၃၂၂ ခုနှစ်မှ စတင်ကာ နိကာယ နယူပဒေသကျောင်း၌ စာမေးပွဲဆိုင်ရာ ပြဌာန်းကျမ်း၊ စာနေ့ဝါ၊ ညဝါများပို့ချပေးခြင်း၊ ထို့အပြင် သကျသီဟအဘိဝံသဆိုင်ရာ စာဝါများကိုပို့ချခြင်း၊ တိပိဋကပါဠိ+မြန်မာ အဘိဓာန်အတွဲ(၄)အပိုင်း(၂)၊အပိုင်း(၃)၊ အတွဲ (၅)၊ အတွဲ(၆)၊ အတွဲ(၁၅)၊ အတွဲ(၁၆)၊ တိပိဋကပါဠိ+မြန်မာ အဘိဓာန်အကျဉ်းနှင့် ဇာတ်ငြိမ့်ကာသစ် ပေမူများကို လက်ရေးမူသို့ သုတ်သင်ပြင်ဆင် တည်းဖြတ်ခြင်းစသော ကျမ်းဂန်များကို ရေးသားပြုစုခဲ့ပြီး သက်တော် (၈၉ နှစ်)၊ ဝါတော် (၆၉)ဝါ၊ ဇန်နဝါရီ ၉ ရက် မွန်းလွဲပိုင်းတွင် ဘဝနတ်ထံပျံလွန်တော်မူခဲ့သည်။ ဆရာတော်ကြီး၏ အန္တိမအဂ္ဂိစျာပန အခမ်းအနားကို ဇန်နဝါရီ ၁၈ ရက် မွန်းတည့် ၁၂ နာရီတွင် မန္တလေးမြို့ အေးရိပ်ငြိမ် သုသာန်၌ ကျင်းပမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**(မြဝတီ)**

## (၇)ကြိမ်မြောက် အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲဝင် အားကစားသမားများအား ဂုဏ်ပြုလှူဒါန်းငွေပေးအပ်

**နေပြည်တော် ဇန်နဝါရီ ၁၅**

တပ်မတော် (ကြည်း၊ရေ၊လေ) မိသားစုများနှင့် မြန်မာ့စီးပွားရေး ဦးပိုင်လီမိတက်တို့က (၇)ကြိမ်မြောက် အာဆီယံမသန်စွမ်း အားကစားပြိုင်ပွဲဝင် အားကစားသမားများအား ဂုဏ်ပြုလှူဒါန်းငွေပေးအပ်ပွဲကို ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ အားကစားလေ့ကျင့်ရေးစခန်း၌ ကျင်းပသည်။

အဆိုပါလှူဒါန်းငွေပေးအပ်ပွဲသို့ (၇)ကြိမ်မြောက်အာဆီယံမသန်စွမ်း အားကစားပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)တွဲဖက် စစ်ရေးချုပ်ဗိုလ်ချုပ်သန်းစိုး၊ (၇)ကြိမ်မြောက်အာဆီယံမသန်စွမ်း အားကစားပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီ တွဲဖက်အတွင်းရေးမှူး မြန်မာနိုင်ငံမသန်စွမ်းသူများ အားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌ ဗိုလ်ချုပ်နေလင်းနှင့်တာဝန်ရှိသူများ၊ မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ တပ်မတော်(ကြည်း၊ ရေ၊လေ)မိသားစုများက လှူဒါန်းသောငွေကျပ် သိန်း ၁၀၀ကို တွဲဖက်စစ်ရေးချုပ် ဗိုလ်ချုပ်သန်းစိုးကလည်းကောင်း၊ မြန်မာ့စီးပွားရေး ဦးပိုင်လီမိတက်မှ လှူဒါန်းသော ငွေကျပ်သိန်း ၂၀၀ကို တာဝန်ရှိသူများက လည်းကောင်း ပေးအပ်ကြရာ ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းက လက်ခံရယူပြီး **(ဓါတ်ပုံ)** မြန်မာနိုင်ငံ မသန်စွမ်းသူများ အားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌ ဗိုလ်ချုပ်နေလင်းက ကျေးဇူးတင်စကားပြောကြားသည်။

(၇)ကြိမ်မြောက် အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ကြမည့် မြန်မာနိုင်ငံမှ အားကစားသမားများအတွက် တပ်မတော်(ကြည်း၊ရေ၊လေ) မိသားစုများက အင်အားဖြည့်စားသုံးရန် ကြက်ဥ ၂၇၀ ကို ယနေ့မှစတင်၍ ပြိုင်ပွဲဝင်ကာလတစ်လျှောက်လုံး နေ့စဉ်ပေးပို့လှူဒါန်းသွားမည် ဖြစ်ကြောင်း သတင်းရရှိသည်။ **(မြဝတီ)**

## တောင်သူပညာပေး မျိုးသန့်မျိုးပွားကြံစိုက်ခင်းများ ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင် ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဇန်နဝါရီ ၁၅**

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်သည် ဇန်နဝါရီ ၁၄ ရက် နံနက် ၇ နာရီခွဲက ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် ရန်ကုန်-နေပြည်တော် အမြန်လမ်းမကြီး မိုင်တိုင် အမှတ်(၃)ရှိ ငမိုးရိပ်ဆည်ရေသောက်စနစ်၊ ကျွန်းကလေး စက်မှုလယ်ယာမြေစနစ် တစ်ဆက်တစ်စပ်တည်း ဧက ၁၅၀၀ စိုက်ကွင်းသို့ ရောက်ရှိပြီး ယခင်က နှစ်စဉ်ရေများ ဖုံးလွှမ်းသဖြင့် သီးနှံစိုက်ပျိုးရန် အခက်အခဲရှိခဲ့သော မြေနေရာများကို ကုန်ထုတ်လမ်း၊ ရေသွင်းမြောင်း၊ ရေနုတ်မြောင်း၊ ရေပေးမြောင်းတို့ဖြင့် စက်မှုလယ်ယာမြေဖော်ထုတ်ပြီး ဒေသရေမြေနှင့်ကိုက်ညီသည့် ဝင်ငွေရတွက်ခြေကိုက် ဈေးကွက်ဝင် ထိုင်ဝမ်မူရင်းမျိုး သက်တမ်း ၈၅ ရက်သားရှိ အောင်မြင်ဖြစ်ထွန်းနေသော အော်ဂဲနစ်သဘော်စိုက်ခင်းအတွင်းကြည့်ရှုပြီး ဖြစ်ထွန်းပေါ်ပေါက်လာမည့် သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက်များကို နိုင်ငံတကာဈေးကွက်သို့ အဆင့်အတန်းမီစွာ ထုတ်လုပ် တင်ပို့ရောင်းချနိုင်ရေးအတွက် တောင်သူလယ်သမားများ၊ လုပ်ငန်းရှင်များ၊ လယ်ယာကုန်ထုတ်သမဝါယမအသင်းများကို သိပ္ပံနည်းကျ စိုက်နည်းစနစ်နှင့် ဈေးကွက်ရရှိရေးကို ပူးပေါင်းဆောင်ရွက်ပေးရန်လိုအပ်ကြောင်း မှာကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ရန်ကုန်-နေပြည်တော် အမြန်လမ်းမကြီး မိုင်တိုင်အမှတ် (၁၅၆)အနီး တောင်ငူမြို့နယ်ရှိ တောင်သူပညာပေး တစ်ဧက တန် ၆၀ ထွက်ရှိမည့် ကြံမျိုးသန့်မျိုးပွားတစ်ဆက်တစ်စပ်တည်း ဧက ၂၀ စိုက်ကွင်းရှိကြံပင်များ စိမ်းစိုဖြစ်ထွန်းအောင်မြင်နေမှုများကို ကြည့်ရှုအားပေးပြီး ကြံစိုက်ပျိုးသည့် မြို့နယ်များရှိ ကျေးရွာတိုင်းတွင် တစ်ရွာလျှင် စံနမူနာပြ စိုက်ခင်း ၁၀ ဧက ထူထောင်စိုက်ပျိုးပြသပြီး ကြံအထွက်နှုန်းတိုးတက်၍ ဝင်ငွေပိုမိုရရှိရေး အကောင်အထည်ဖော် ဆောင်ရွက်ကြရန် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## အာဆီယံဂုဏ်ပြုတေးသီချင်းပြိုင်ပွဲအတွက် ဖိတ်ခေါ်

**နေပြည်တော် ဇန်နဝါရီ ၁၅**

မြန်မာနိုင်ငံသည် ၂၀၁၄ ခုနှစ်အတွင်း အာဆီယံဥက္ကဋ္ဌတာဝန်ဖြင့် အာဆီယံထိပ်သီးအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများကို အိမ်ရှင်အဖြစ် လက်ခံကျင်းပရမည်ဖြစ်ရာ အဆိုပါထိပ်သီးအစည်းအဝေး၏ ဆက်စပ်အခမ်းအနားများတွင် ဖျော်ဖြေတင်ဆက်ရန် အာဆီယံဂုဏ်ပြုတေးသီချင်းရေးသားယှဉ်ပြိုင်နိုင်ရန် ဖိတ်ခေါ်ထားသည်။

ထိုသို့ရေးသားရာတွင် အာဆီယံ၏ ဦးတည်ချက် (one vision, one identity, one community)၊ ၂၀၁၄ ခုနှစ် မြန်မာနိုင်ငံတွင် လက်ခံကျင်းပမည့် အာဆီယံဆောင်ပုဒ် (Moving Forward in Unity to a peaceful and Prosperous Community) (ရှေ့သို့တူညီတက်လှမ်းချီ၊ ငြိမ်းချမ်းဝေစည်အာဆီယံအသိုက်အဝန်းဆီ)နှင့် အဓိပ္ပာယ်ဖွင့်ဆိုချက်တို့ကို ဖော်ညွှန်းပေါ်လွင်စေရမည်။ မြန်မာနိုင်ငံမှ နွေးထွေးလှိုက်လှဲပျူငှာစွာ ကြိုဆိုပါမည့်အကြောင်း ဖော်ညွှန်းပေါ်လွင်စေရမည်။ မြန်မာဘာသာ၊ အင်္ဂလိပ်ဘာသာ နှစ်ဘာသာဖြင့် ရေးသားစပ်ဆိုရမည်။ တစ်ဦးချင်း အဆိုပိုဒ်၊ သံပြိုင်အဆိုပိုဒ် ခွဲခြားဖန်တီးနိုင်သော တေးသီချင်းပုံစံဖြစ်ရမည်။ တေးသီချင်းကြာမြင့်ချိန်သည် လေးမိနစ်မှ ခြောက်မိနစ်အတွင်း ရှိစေရမည်။ စာသားနှင့်သံစဉ်သည် မိမိကိုယ်တိုင်ဖန်တီးရေးသားစပ်ဆိုထားခြင်းဖြစ်ရမည်။ ရွေးချယ်ခံရသည့် သီချင်းအတွက် ပညာရှင်ကြေး ငွေကျပ်သိန်း ၂၀ ချီးမြှင့်ပေးသွားမည်ဖြစ်ပြီး ရွေးချယ်ခံရသည့် သီချင်းနှင့်ပတ်သက်သည့် ကိစ္စအဝဝကို ယဉ်ကျေးမှုဝန်ကြီးဌာနက တာဝန်ယူစီမံဆောင်ရွက်သွားမည်ဖြစ်သည်။

သီချင်းပုံသဏ္ဌာန်ကို ပေါ်လွင်စေသည့် အခွေကြမ်း Demo CD နှင့် သီချင်းစာသားများကို ဖေဖော်ဝါရီ ၁၄ ရက်အရောက် အာဆီယံထိပ်သီးအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများကျင်းပရေးကော်မတီ၊ ဧည့်ခံဖျော်ဖြေရေးဆပ်ကော်မတီ ယဉ်ကျေးမှုဝန်ကြီးဌာန ရုံးအမှတ်(၃၅) နေပြည်တော် ဖုန်း-၀၆၇-၄၀၈၄၄၁၊ ၀၆၇-၄၀၈၄၂၁၊ ၀၉-၅၁၇၂၃၈၅၊ ၀၉-၄၉၂၀၉၄၁၇ တို့သို့ လိပ်မူပေးပို့နိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲ စတင်ကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၁၅**

မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပသည့် (၇)ကြိမ်မြောက် အာဆီယံမသန်စွမ်း အားကစားပြိုင်ပွဲ ပွဲစဉ်များကို ယနေ့နံနက်ပိုင်းမှစတင်၍ နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိအားကစားကွင်းအတွင်းရှိ သတ်မှတ် အားကစားရုံများတွင် ကျင်းပသည်။

ပြေးခုန်ပစ်ပြိုင်ပွဲ အမျိုးသား သံလုံးပစ် F 54-55-56၊ အလျားခုန် F 11၊ သံပြားဝိုင်းပစ် F20၊ သံလုံးပစ် F 42-43၊ လှံတံပစ် F11၊ သံလုံးပစ် F 57-58၊ သံပြားဝိုင်းပစ် F 11-12, F36-37၊ လှံတံပစ် F 20၊ အမျိုးသမီး လှံတံပစ် F11-12၊ သံပြားဝိုင်းပစ် F 42-43၊ အလျားခုန် F 11-12-13၊ သံပြားဝိုင်းပစ် F 54-55 ဖိုင်နယ်ပွဲစဉ်များကို ပြေးခုန်ပစ်လေ့ကျင့်ရေးကွင်း၌ ကျင်းပသည်။

အမျိုးသားမီတာ ၁၀၀ T -11၊ မီတာ ၁၀၀T-12၊ မီတာ ၁၀၀ T-20၊ မီတာ ၁၀၀ T -44၊ မီတာ ၁၀၀ T-54 ၊ အမျိုးသမီး မီတာ ၁၀၀ T-11၊ မီတာ ၁၀၀ T-12 လူရွေးပွဲစဉ်များ၊ အမျိုးသား မီတာ ၁၀၀ T-42 ၊ မီတာ ၁၀၀ T-46 ၊ မီတာ ၁၀၀ T-11၊ မီတာ ၁၀၀ T-12၊မီတာ ၁၀၀ T-20 ၊ မီတာ ၁၀၀ T-44၊ မီတာ ၁၀၀ T-54၊ အမျိုးသမီးမီတာ ၁၀၀ T-11 ၊ မီတာ ၁၀၀ T-12 ဖိုင်နယ်ပွဲစဉ်များကို ကျင်းပခဲ့သည်။

ပြေးခုန်ပစ်ပွဲစဉ်များကို ဝဏ္ဏသိဒ္ဓိအားကစားကွင်းနှင့် ပြေးခုန်ပစ်လေ့ကျင့်ရေးကွင်းတို့၌ ဆက်လက်ကျင်းပမည်ဖြစ်သည်။ **(သတင်းစဉ်)**

**သစ်တောနှင့်သစ်ပင် ချစ်ခင်တဲ့လူမျိုး သစ်ပင်ကိုနှစ်စဉ်စိုက် ရွှေတိုက်ကိုစိုး**

## မြန်မာ့ရုပ်မြင်သံကြား

၁၆-၁-၂၀၁၄ (ကြာသပတေးနေ့)

**နံနက်ပိုင်း**

၆း၀၀ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်

၇း၃၀ (၇)ကြိမ်မြောက်အာဆီယံမသန်စွမ်း အားကစားပြိုင်ပွဲတွင် ထည့်သွင်းကျင်းပမည့် အားကစားနည်းများ (Volleyball & Baskball)

၈း၄၅ (၇)ကြိမ်မြောက် အာဆီယံမသန်စွမ်း အားကစားပြိုင်ပွဲ ဘော်လီဘောပြိုင်ပွဲ တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ်(တီမောအသင်းနှင့်အင်ဒိုနီးရှားအသင်း)(အမျိုးသမီး)

၁၀း၄၅ (၇)ကြိမ်မြောက်အာဆီယံ မသန်စွမ်းအားကစားပြိုင်ပွဲ ဘော်လီဘောပြိုင်ပွဲ တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ် (ကမ္ဘောဒီးယားအသင်းနှင့် မြန်မာအသင်း)(အမျိုးသား)

**နေ့လယ်ပိုင်း**

၁၂း၄၅ (၇)ကြိမ်မြောက်အာဆီယံမသန်စွမ်း အားကစားပြိုင်ပွဲ ဘော်လီဘောပြိုင်ပွဲ တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ် (အင်ဒိုနီးရှားအသင်းနှင့်မြန်မာအသင်း)(အမျိုးသမီး)

**ညပိုင်း**

၁၆း၅၀ သုခမရင်ခွင်အငြိမ့်သဘင် မေတ္တာရွှေစင်အငြိမ့် မင်းသမီး-စမ်းနီလာဝင်း၊ လူရွှင်တော်- မေတ္တာ၊ ချစ်စရာ၊ ငွေမိုး၊ လူမော် ဒါရိုက်တာ-ဖုန်းမြင့်အောင်

၁၈း၄၀ (၇)ကြိမ်မြောက်အာဆီယံမသန်စွမ်း အားကစားပြိုင်ပွဲတွင်ထည့်သွင်း ကျင်းပမည့် အားကစားနည်းများ (Volleyball & Baskball)

၁၉း၄၀ အာဆီယံနှင့်အာဆီယံနိုင်ငံများ အကြောင်း

၂၁း၀၀ ပြည်တွင်းသတင်း

ပြည်တွင်းသတင်း

## ပညာရေးစုံညီပွဲတော်ကျင်းပ

**မိုးကုတ် ဇန်နဝါရီ ၁၅**

မန္တလေးတိုင်းဒေသကြီး မိုးကုတ်မြို့နယ်တွင် ၂၀၁၃-၂၀၁၄ ပညာသင်နှစ် မြို့နယ်ပညာရေးစုံညီပွဲတော်ကို ဇန်နဝါရီ ၆ ရက် နံနက် ၁၀ နာရီက မိုးကုတ်မြို့ အောင်နန်းရပ် အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်းရှိ မြသီတာအစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် အထက(၁) ကျောင်းသား ကျောင်းသူလေးများက စုံညီသီချင်းဖြင့် သီဆို၍ အခမ်းအနား ဖွင့်လှစ်ခဲ့သည်။ ထို့နောက် မိုးကုတ်မြို့နယ်ပညာရေးမှူး ဒေါ်တင်စိန်က အမှာစကားပြောကြားခဲ့ပြီး မြို့နယ်အုပ်ချုပ်ရေးမှူး ဦးနေမျိုးဇော်နှင့် တာဝန်ရှိသူများက ၂၀၁၃-၂၀၁၄ ပညာသင်နှစ် ဘက်စုံထူးချွန်ဆုရ ကျောင်းသား ကျောင်းသူများကို ဆုများချီးမြှင့်ခဲ့ကြသည်။

အခမ်းအနားသို့ မိုးကုတ်မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာများ၊ ကျောင်းအုပ်ကြီးများနှင့် ဆရာ ဆရာမများ၊ ကျောင်းသားမိဘများ၊ ကျောင်းသား ကျောင်းသူများ စုစုပေါင်း ၅၀၀ ခန့် တက်ရောက်ခဲ့ကြပြီး အခမ်းအနားတက်ရောက်လာသူ များကို အထက(၁) ကျောင်းသား ကျောင်းသူများက ဖျော်ဖြေရေးအစီအစဉ်များဖြင့် ဧည့်ခံခဲ့ကြကြောင်း သိရသည်။

**နေဝါ(မိုးကုတ်)**

## ပုဂံခေတ် အနော်ရထာမင်းတူးဖော်ခဲ့သည့် ၉၉ ဧက ကျယ်ဝန်းသည့် ကန်မြဲကန်

**တောင်သာ ဇန်နဝါရီ ၁၅**

မြင်းခြံခရိုင် တောင်သာမြို့နယ် အနောက်ဘက် ၁၆ မိုင်ခန့်အကွာတွင် ကန်မြဲကျေးရွာ တည်ရှိသည်။ ဇချမ်းကျေးရွာနှင့် ကပ်လျက်ရှိသောကြောင့် ဇချမ်းကန်မြဲဟု ရွာအမည်ကို တွဲလျက်ခေါ်လေ့ရှိသည်။ အဆိုပါ ကန်မြဲကျေးရွာဦးထိပ်တွင် ပုဂံခေတ် အနော်ရထာမင်း တူးဖော်ခဲ့သည့် ၉၉ ဧက ကျယ်ဝန်းသည့် ကန်မြဲကန် တည်ရှိသည်။ **(အပေါ်ပုံ)**

အနော်ရထာမင်းလက်ထက်က ၉၉ ဧကခန့် ကျယ်ဝန်းခဲ့သော်လည်း နှစ်ကာလ ကြာမြင့်သည်နှင့်အမျှ သဲနုန်းများ ပို့ချခြင်း၊ ကန်မြေဧရိယာများတွင် ကျေးရွာဒေသခံများက တိုးချဲ့နေထိုင်လာခြင်းနှင့် မိုးရွာသွန်းမှုနည်းပါးခြင်းတို့ကြောင့် ကန်၏ဧရိယာမှာ ဧက ၅၀ ခန့်သာ ကျယ်ဝန်းတော့ကြောင်း ဒေသခံများကဆိုသည်။ အနော်ရထာမင်းသည် ပုဂံနေပြည်တော်မှ တိုင်းခန်းလှည့်လည်ချီတက်ရာ လမ်းကြောင်းတစ်လျှောက် ၁၂ မိုင်ခန့်အကွာတွင် ရွာတစ်ရွာ၊ စေတီတစ်ဆူ၊ ကန်တစ်ကန်၊ ကျီတစ်ခု စသည်ဖြင့် ပြုလုပ်ဆောင်ရွက် တည်ထားတူးဖော်လေ့ရှိရာ ကန်မြဲကျေးရွာရှိ ကန်မြဲကန်သည်လည်း တစ်ကန်အပါအဝင်ဖြစ်ပြီး ကန်၏ အရှေ့ဘက်ထိပ်တွင် အနော်ရထာမင်း၊ ရှင်အရဟံနှင့် ရဟန်းသံဃာတော်များ တည်ထားကိုးကွယ်ခဲ့သည့် ပုဂံခေတ်လက်ရာ ရှေးဟောင်းစေတီတော် တစ်ဆူနှင့် သိမ်ကျောင်းတို့ကို ယနေ့တိုင် တွေ့မြင်နေရသည်။

ကန်မြဲကန်တွင် မိုးကောင်းသည့်နှစ်များတွင် ကန်အထက်ရှိ ချောင်းမကြီးမှတစ်ဆင့် ရေဝင်ကာ ရေပြည့်လေ့ရှိပြီး မိုးကောင်းလွန်း၍ ကန်ရေပြည့်လျှင် ကန်ထဲရှိရေကို ဒေသခံ ကန်မြဲ၊ ဇချမ်း၊ မြို့ဘ စသည့်ကျေးရွာများတွင် နေထိုင်သူများမှ နွားတိုက်ရေ၊ သုံးရေအဖြစ် ခပ်ယူသုံးစွဲပြီး ရှေးယခင်က စိုက်ပျိုးရေအဖြစ် အားကိုးအားထား ပြုခဲ့ရသည်ဟု ဒေသခံတစ်ဦးက ပြောသည်။

**ချမ်းသာ(မိတ္ထီလာ)**

## မန္တလာကောလိပ်ရှိ ခရီးသွားလုပ်ငန်းအထူးပြု ကျောင်းသား ကျောင်းသူများ၊ ဝန်ထမ်းများနှင့်တွေ့ဆုံ

**နေပြည်တော် ဇန်နဝါရီ ၁၅**

ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဌေးအောင်သည် ဇန်နဝါရီ ၁၀ ရက် မွန်းလွဲပိုင်းက မန္တလေးမြို့ရှိ မန္တလာကောလိပ်၌ (ဝိဇ္ဇာဘွဲ့)ခရီးသွားလုပ်ငန်းဘာသာရပ် ပညာသင်ကြားနေသော ပထမနှစ်၊ ဒုတိယနှစ် ကျောင်းသား ကျောင်းသူများကိုတွေ့ဆုံ၍ ကျောင်းသားများ လက်တွေ့လေ့လာသင်ယူနိုင်စေရန် မန္တလေးမြို့ပေါ်ရှိ ဟိုတယ်ကြီးများနှင့် ပူးပေါင်းစီစဉ်ပေးမည်ဖြစ်ကြောင်း၊ ဘာသာရပ်များတွင် အဓိကဘာသာရပ်ဖြစ်သည့် Tourism နှင့် ပတ်သက်၍ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေးအစီအစဉ်များကို ညှိနှိုင်းဆောင်ရွက်ထားပြီး မကြာမီ ဥရောပနိုင်ငံများမှ နည်းပြများ လာရောက်၍ ကျောင်းရှိ ဆရာများနှင့် ကျောင်းသားများကို သင်ကြားပေးရန်ရှိကြောင်း ပြောကြားသည်။

ဆက်လက်၍ စွမ်းဟိုတယ်၌ဝန်ကြီးဌာနမှ ဝန်ထမ်းများနှင့်တွေ့ဆုံ၍ ယခုနှစ်တွင်လည်း ခရီးသွားလုပ်ငန်းအရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်ရေး ကြိုးပမ်းဆောင်ရွက်ကြရန်၊ မြန်မာနိုင်ငံခရီးသွားလုပ်ငန်း ပင်မစီမံကိန်းအရ လုပ်ကိုင်ဆောင်ရွက်မည့်အစီအစဉ်များ၊ ခရီးသွားလုပ်ငန်းဆိုင်ရာ စာရင်းဇယားများ တိကျသေချာစွာ ရရှိနိုင်ရေး မိမိတို့ဒေသအလိုက် ကိုယ်တိုင်ကွင်းဆင်းမေးမြန်းကောက်ယူရန် လိုအပ်ချက်များ၊ ဝန်ထမ်းများ၏ ကျွမ်းကျင်မှု ယခုထက် ပိုမိုတိုးတက်ကောင်းမွန်အောင် ကြိုးစားဆောင်ရွက်ကြရန် မှာကြားသည်။

ပြည်ထောင်စုဝန်ကြီးသည် ဇန်နဝါရီ ၁၁ ရက် မွန်းလွဲပိုင်းတွင် ပုဂံမြို့ ဧရာ River View ဟိုတယ်၌ ညောင်ဦးခရိုင်နှင့် မြို့နယ် ပုဂံဒေသနှင့် ပခုက္ကူဒေသများမှ တာဝန်ရှိသူများ၊ မြို့မိမြို့ဖများ၊ ပုဂံဇုန်မှ ဟိုတယ်လုပ်ငန်းရှင်များနှင့် မန်နေဂျာများအား တွေ့ဆုံ၍ ၂၀၁၄ ခုနှစ်တွင် အလှည့်ကျ အာဆီယံဥက္ကဋ္ဌ တာဝန်ယူထားသဖြင့် မကြာမီ ပုဂံဒေသတွင် လာရောက်ကျင်းပမည့် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများအစည်းအဝေးရှိကြောင်း၊ ဧည့်သည်များအတွက် နေထိုင်စားသောက်ရေး၊ သွားလာရေး၊ လုံခြုံရေးအဘက်ဘက်မှ ပြည့်စုံကောင်းမွန်ရန် လိုအပ်ကြောင်း ဧည့်သည်တော်များတည်းခိုမည့် ဟိုတယ်များအနေဖြင့်လည်း ဧည့်ဝတ်ကျေပွန်ရေး စေတနာကောင်းများဖြင့် ဆောင်ရွက်ပေးကြရန် လိုအပ်ကြောင်း၊ သက်ဆိုင်သည့်ဌာနအသီးသီးမှလည်း အတူတကွပူးပေါင်းဆောင်ရွက်ဖို့လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် အာဆီယံနိုင်ငံများ အစည်းအဝေးကျင်းပမည့် Aureum Palace Hotel နှင့် ဧည့်သည်တော်များတည်းခိုမည့်ဟိုတယ်များကို လှည့်လည်စစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## ယောချောင်းဖြတ် ဂုံဘိုတံတား ဆောက်လုပ်လျက်ရှိ

**ကျောက်ထု ဇန်နဝါရီ ၁၅**

မကွေးတိုင်းဒေသကြီး ပခုက္ကူ-ပေါက်-ကျောက်ထုလမ်းတွင် တံတားအမှတ်(၆/၇၈) ယောချောင်းကူး ဂုံဘိုတံတားကို ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း တံတားဆောက်လုပ်ရေးစီမံကိန်းအဖွဲ့(၁၃)မှ ဆောက်လုပ်လျက်ရှိရာ လုပ်ငန်းပမာဏ၏ ၅၀ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်သည်။ **(အောက်ယာပုံ)** ယောချောင်းကူး ဂုံဘိုတံတားကို ယခင်က ဆောက်လုပ်ခဲ့သည်များရှိသော်လည်း ချောင်းရေတက်ချိန်များတွင် ရေစီးကြမ်းသဖြင့် တံတားပျက်စီးမှုများရှိခဲ့ရာ ဆက်သွယ်သွားလာမှု အခက်အခဲများ နှစ်စဉ်ကြုံတွေ့ခဲ့ရသည်။

အဆိုပါ အခက်အခဲများကို ကျော်ဖြတ်နိုင်ရန် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း တံတားတည်ဆောက်ရေးအဖွဲ့ အမှတ်(၁၃)က တာဝန်ယူဆောက်လုပ်လျက်ရှိကြောင်းနှင့် တံတားမှာ အရှည်ပေ ၆၉၀၊ အကျယ် ၁၂ ပေ လေးလက်မ၊ အမြင့် ရှစ်ပေရှိမည်ဖြစ်၍ မော်တော်ယာဉ်တစ်စီးချင်း ဝန်အလေးချိန် ၁၃ တန် ခံနိုင်ဝန်အတွက် ဆောက်လုပ်နေခြင်းဖြစ်ရာ အဆိုပါလမ်းပိုင်းတွင် မောင်းနှင်သည့် မော်တော်ယာဉ်များအားလုံး ဖြတ်သန်း မောင်းနှင်နိုင်မည်ဖြစ်သည်။

"ဒီတံတား ဆောက်လုပ်ရာမှာ ကျွမ်းကျင်လုပ်သားများနဲ့ နေ့ရောညပါ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါတယ်။ အရင်တံတားဟောင်းက မိုးတွင်းကာလ ရေစီးကြမ်းတဲ့အခါ တံတားကို ထိလုနီးပါးရောက်တယ်။ အခု တံတားက အရင်တံတားထက် နှစ်ပေကျော်ပိုမြင့်ပြီး နည်းစနစ်သစ်နဲ့ ပိုမိုခိုင်ခံ့အောင် ဆောက်လုပ်ထားခြင်းကြောင့် ဒေသခံပြည်သူများလည်း စိတ်အေးနှောင့်အယှက်ကင်းစွာ သွားလာနိုင်တော့မှာပါ။ အခုဆို ၅၀ ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပြီး ၂၀၁၄ ခုနှစ် မတ်လမှာ အပြီးသတ်ဆောင်ရွက်မှာ ဖြစ်ပါတယ်" ဟု တံတားဆောက်လုပ်ရေးစီမံကိန်းအဖွဲ့(၁၃)မှ ဆောက်လုပ်ရေးတာဝန်ခံ ဒေါ်ညိုညိုစန်းက ပြောကြားသည်။

**(မြို့နယ် ပြန်/ဆက်)**

## လျှော်ဖြူကုန်းကျေးရွာ၌ အလင်းဆောင်စာကြည့်တိုက်ဖွင့်

**ကောလင်း ဇန်နဝါရီ ၁၅**

စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းမြို့နယ် လျှော်ဖြူကုန်းကျေးရွာ၌ တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ထောက်ပံ့ငွေကျပ် ၁၀ သိန်းနှင့် ကျေးရွာပြည်သူများမှ လှူဒါန်းငွေများဖြင့် ဆောက်လုပ်သော အလင်းဆောင်စာကြည့်တိုက်ဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၁၁ ရက် မွန်းလွဲ ၂ နာရီက စာကြည့်တိုက် အဆောက်အအုံရှေ့၌ ကျင်းပသည်။

ဖွင့်လှစ်လိုက်သော စာကြည့်တိုက်အဆောက်အအုံသည် အလျား ၂၄ပေ၊ အနံ ၁၆ ပေ၊ အမြင့် ၁၂ပေ ဖြစ်ပြီး အုတ်ပန္နက်တိုင် သွပ်မိုး၊ ပျဉ်ကာ၊ ပျဉ်ခင်းဖြစ်ပြီး စာကြည့်တိုက်အဆောက်အအုံတန်ဖိုးမှာ ငွေကျပ် ၂၃၉၃၀၀၀ ဖြစ်ကြောင်းနှင့် စာကြည့်တိုက်အတွက် ငွေပဒေသာပင် ငွေကျပ်လေးသိန်းနှင့် စာအုပ်စာစောင် ၉၀၅ အုပ်ကို လက်ခံရရှိခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

## ပညာရေးစုံညီပွဲတော်ကျင်းပ

**မန္တလေး ဇန်နဝါရီ ၁၅**

မန္တလေး ချမ်းအေးသာစံမြို့နယ် အမှတ်(၇)အခြေခံပညာမူလတန်းလွန်ကျောင်း၏ ၂၀၁၃-၂၀၁၄ ပညာသင်နှစ် ပညာရေးစုံညီပွဲတော်အခမ်းအနားကို ဇန်နဝါရီ ၁၂ ရက် နံနက် ၉ နာရီက ၂၇ လမ်းနှင့် ၇၁ လမ်းထောင့်ရှိ အဆိုပါကျောင်းဝင်း၌ ကျင်းပရာ လက်ထောက်မြို့နယ်ပညာရေးမှူးဦးသောင်းဆွေ၊ ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဥက္ကဋ္ဌ ဦးအုန်းမြင့်နှင့်အဖွဲ့ဝင်များ၊ ကျောင်းအုပ်ဆရာမကြီးဒေါ်ခင်မြင့်ကြည်နှင့် ဆရာ ဆရာမများ၊ မိဘများနှင့် ကျောင်းသား ကျောင်းသူများ၊ ဖိတ်ကြားထား သူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပဉ္စမတန်းကျောင်းသား ကျောင်းသူလေးများက ပညာရေးစုံညီပွဲတော်သီချင်းသီဆို၍ အခမ်းအနားကိုဖွင့်လှစ်ပြီးနောက် ကျောင်းအုပ်ဆရာမကြီးအား ပညာရေးစုံညီပွဲတော်ကျင်းပရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။ ထို့နောက် ပျော်ပွဲရွှင်ပွဲအဖြစ် မူလတန်းကျောင်းသား ကျောင်းသူလေးများက တေးသရုပ်ဖော်အကအလှများဖြင့် ဖျော်ဖြေတင်ဆက်ကြရာ ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဝင်များ၊ မိဘများနှင့် ဆရာ ဆရာမများအား ဆုများပေးအပ်ချီးမြှင့်ကြပြီး ကျောင်းတွင်းအားကစားပြိုင်ပွဲများ၌ ဆုရကျောင်းသား ကျောင်းသူများအား ကျောင်းအုပ်ဆရာမကြီးက ချီးမြှင့်ငွေများပေးအပ်ခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)**

**တင်မောင်(မန္တလေး)**

## ကျောက်ထုတွင် မြေပဲများစိုက်ပျိုးလျက်ရှိ

**ကျောက်ထု ဇန်နဝါရီ ၁၅**

ဂန့်ဂေါခရိုင် ကျောက်ထုမြို့ဒေသ၌ မိုးစပါးများ ရိတ်သိမ်းပြီးဖြစ်သဖြင့် အစိုဓာတ်ရှိသော လယ်မြေများနှင့် ရေပေးသွင်းနိုင်သည့် လယ်မြေများတွင် ဆောင်းမြေပဲကို သီးထပ်အဖြစ် စိုက်ပျိုးလျက်ရှိကြသည်။

ထိုသို့ စိုက်ပျိုးရာတွင် မြေပဲအထူးအထွက်တိုး မျိုးကောင်းမျိုးသန့်ကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန၏ စီစဉ်မှုဖြင့်စိုက်ပျိုးကြကြောင်းနှင့် တောင်သူများ လွယ်လင့်တကူ လေ့လာနိုင်ရန် ဇန်နဝါရီ ၉ ရက်က ငါလွန်းကျေးရွာ ကွင်းအမှတ် ၉၄ ရှိ ဦးဝင်းမြင့်၏လယ်မြေ၌ စိုက်ပျိုးပွဲတော်ကျင်းပရန် စုပေါင်းစိုက်ပျိုးကြကြောင်း သိရသည်။ **(၁၀၁)**

## မန္တလေးမြို့၌ အမေ့ခြေရာခံယူပွဲကျင်းပ

**မန္တလေး ဇန်နဝါရီ ၁၅**

(၁၈)ကြိမ်မြောက် အမေနေ့တွင် အမေ့ခြေရာခံယူပွဲကို မန္တလေးမြို့ ၈၅ လမ်း၊ ၃၄ လမ်းနှင့် ၃၅ လမ်းကြား သာသနာ့ဗိမာန်တော် ဦးလှသိန်းဗိမာန်၌ ဆရာကြီးဦးဖုန်းမြင့်အောင်နှင့် အမေနေ့ကျင်းပရေးအဖွဲ့မှ ဆောင်ရွက်ပေးလျက်ရှိရာ အမေ့ခြေရာယူလိုသူများ လာရောက်ခြေရာယူလျက်ရှိကြောင်း တွေ့ရသည်။ **(ယာပုံ)**

အမေ့ခြေရာ ခံယူပုံမှာ ခြေထောက်ကို ဆေးကြောသန့်စင်ပြီး ခြေဖဝါးအား နှမ်းဆီနှင့် နနွင်းမှုန့်ရောစပ်သုတ်လိမ်းကာ ပိတ်ဖြူစပေါ်တွင် နင်းခြင်းဖြင့် ခြေရာထင်ကျန်စေရန် ဆောင်ရွက်ခြင်းဖြစ်ကြောင်း တွေ့ရသည်။

အမေ့ခြေရာယူသည့် ဓလေ့သည် စစ်ကိုင်းမြို့နှင့် ဝန်းကျင်မှစတင်ခဲ့သော ဓလေ့ဖြစ်ပြီး စာရေးဆရာမင်းသူရိန်က ဘာသာရေးမဂ္ဂဇင်းတစ်ခုတွင် ရေးသားဖော်ပြရာမှစတင်ပြီး ကျယ်ပြန့်လာခြင်းဖြစ်ကြောင်း၊ လွန်ခဲ့သောနှစ်ပေါင်း ၅၀ ခန့်က လုပ်သားပြည်သူ့နေ့စဉ်သတင်းစာတွင် စာရေးဆရာ ရုပ်ရှင်ဒါရိုက်တာဆရာကြီး ဦးသုခက အမေ့ကျေးဇူး သိတတ်စေရန်နှင့် ကျေးဇူးဆပ်နိုင်စေရန် အမေနေ့ကျင်းပသင့်ကြောင်း တိုက်တွန်းရေးသားခဲ့သော "ထိုတစ်နေ့" ဆောင်းပါးပါရှိချိန်မှစတင်၍ အမေနေ့ဖြစ်မြောက်ရေး စတင်ကြိုးစားခဲ့ကြကြောင်း၊ ဆောင်းပါးပါရှိပြီး နှစ် ၃၀ ခန့်အကြာတွင်မှဆရာကြီး ဦးသုခ၊ စာရေးဆရာမကြီး လူထုဒေါ်အမာ၊ မြန်မာစာပါမောက္ခများဖြစ်ကြသော ဒေါ်မိမိလေးနှင့် ဒေါ်လှမြတ်၊ ဦးကျော်သိန်း(အရီးတောင်း)၊ ဦးစန်းမောင်(တက်နေဝန်း)နှင့် ဦးဖုန်းမြင့်အောင်တို့ ဦးဆောင်ပြီး ကြိုးစားမှုကြောင့် အမေနေ့ ပေါ်ထွက်လာခြင်းဖြစ်ကြောင်း သိရသည်။

**အေးမြ(မန္တလေး)**

# ၂၀၁၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူရေးလုပ်ငန်းဆိုင်ရာများ ရှင်းလင်းဆွေးနွေး

**နေပြည်တော် ဇန်နဝါရီ ၁၅**

၂၀၁၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူရေး လုပ်ငန်းဆိုင်ရာ ရှင်းလင်းဆွေးနွေးပွဲကို ဇန်နဝါရီ ၁၂ ရက် မွန်းလွဲ ၁ နာရီက ကချင်ပြည်နယ် မြစ်ကြီးနားမြို့ ပြည်နယ်ခန်းမ၌ ကျင်းပရာ အခမ်းအနားသို့ ဗဟိုသန်းခေါင်စာရင်းကော်မရှင် ဥက္ကဋ္ဌ၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်ရီ၊ ကချင်ပြည်နယ် ဝန်ကြီးချုပ် ဦးလဂျွန်ငန်ဆိုင်းနှင့် ပြည်နယ် အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်၊ ရပ်ကွက်ကျေးရွာ သန်းခေါင်စာရင်း ကော်မတီဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဆရာဆရာမများ၊ ရပ်မိရပ်ဖများ၊ UNFPA မှ ဌာနေကိုယ်စားလှယ် Ms.Jacknet E.Jackson နှင့် အဖွဲ့ဝင်များ၊ သန်းခေါင်စာရင်းအကြောင်း စိတ်ပါဝင်စားသူများ စုစုပေါင်း အင်အား ၇၀၀ ကျော် တက်ရောက်ကြသည်။

အစီအစဉ်အရ ကချင်ပြည်နယ် ဝန်ကြီးချုပ် ဦးလဂျွန်ငန်ဆိုင်းက ကချင်ပြည်နယ်အတွင်း သန်းခေါင်စာရင်း ကောက်ယူနိုင်ရေးအတွက် ဝိုင်းဝန်းကူညီ ဆောင်ရွက်နိုင်ရေး အခြေအနေများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ဗဟိုသန်းခေါင်စာရင်း ကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးခင်ရီက အမှာစကားပြောကြားရာတွင် ပြည်လုံးကျွတ် သန်းခေါင်စာရင်း ကောက်ယူရေး လုပ်ငန်းကို ၂၀၁၄ ခုနှစ် မတ်လ ၃၀ ရက်မှ ဧပြီလ ၁၀ ရက်အထိ ၁၂ ရက်ကြာ ကောက်ယူမည်ဖြစ်ပါကြောင်း။ ယင်းလုပ်ငန်း၏ အကြိုအဖြစ် ၂၀၁၃ ခုနှစ်တွင် စမ်းသပ် သန်းခေါင်စာရင်း ကောက်ယူခြင်း လုပ်ငန်းကို တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် မြို့နယ် ၂၀ ရွေးချယ်၍ ကောက်ယူခဲ့ပြီးဖြစ်ပါကြောင်း၊ ယင်းမြို့နယ် ၂၀ ကောက်ယူခြင်းမှ ရရှိသည့် လုပ်ငန်းဆိုင်ရာအားသာချက်၊ အားနည်းချက်များအပေါ် ပြန်လည်သုံးသပ်ဖော်ထုတ်၍ နိုင်ငံတကာ စံချိန်စံညွှန်းနှင့်အညီ ဖြစ်စေရေးအတွက် ကုလသမဂ္ဂလူဦးရေ ရန်ပုံငွေအဖွဲ့ (UNFPA) နှင့် နီးကပ်စွာ ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ သန်းခေါင်စာရင်း ကောက်ယူခြင်း လုပ်ငန်းသည် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် စီမံကိန်းများရေးဆွဲချမှတ်နိုင်ရန်လိုအပ်သည့် လူဦးရေ ကိန်းဂဏန်းအချက်အလက်များ တိကျမှန်ကန်စွာရရှိရေးအတွက် ရည်ရွယ်ဆောင်ရွက်ခြင်း ဖြစ်ပါကြောင်း၊ သန်းခေါင်စာရင်း၏ အနှစ်သာရသည် သန်းခေါင်စာရင်း မေးခွန်းများအား မှန်မှန်ကန်ကန် ဖြေဆိုခြင်းပင်ဖြစ်ပါကြောင်း၊ သန်းခေါင်စာရင်း၊ ရည်ညွှန်းချိန်ဖြစ်သည့် ၂၀၁၄ ခုနှစ် မတ်လ ၂၉ ရက် ညသန်းခေါင်အချိန်တွင် မြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်ကြသူအား ကောက်ယူမည်ဖြစ်ပါကြောင်း။ အိမ်ရာအတည်တကျ နေထိုင်ခြင်းမရှိဘဲ ရွှေ့ပြောင်းသွားလာ နေထိုင်သူများ၊ သစ်တောကြိုးဝိုင်းအတွင်း နေထိုင်သူများကိုလည်း ကောက်ယူသွားမည်ဖြစ်ပါကြောင်း၊ အိမ်ထောင်စုတစ်စုလျှင် သန်းခေါင်စာရင်းမေးခွန်း ၄၁ ချက်ကို မေးမြန်းကောက်ယူမည်ဖြစ်ပြီး တပ်မတော်၊ ရဲတပ်ဖွဲ့ကဲ့သို့ အဖွဲ့အစည်း ဆိုင်ရာများအား မေးခွန်း ၁၁ ချက် မေးမြန်းကောက်ယူသွားမည်ဖြစ်ပါကြောင်း၊ သန်းခေါင်စာရင်းလုပ်ငန်းစဉ်အပေါ် ပြည်သူများ သိရှိနားလည်လိုက်ပါပူးပေါင်း ဆောင်ရွက်နိုင်ရေးအတွက် ရှင်းလင်းဆွေးနွေးချပြကြရန် လိုကြောင်း၊ ပြည်သူများ နားလည်သဘောပေါက်မှသာ သန်းခေါင်စာရင်းမေးခွန်းများအား မှန်မှန်ကန်ကန်ဖြေဆိုနိုင်မည် ဖြစ်ပါကြောင်း၊ သို့မှသာ သန်းခေါင်စာရင်း၏အနှစ်သာရပီပြင်စွာ တိကျမှန်ကန်သော ကိန်းဂဏန်းအချက်အလက်များရရှိနိုင်မည်ဖြစ်ပြီး နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းများ အရှိန်မြှင့်ရေးဆွဲချမှတ် ကြိုးပမ်းဖော်ဆောင်နိုင်မည် ဖြစ်ပါကြောင်း၊ ပြည်သူအားလုံးက သန်းခေါင်စာရင်း ကောက်ယူရေး လုပ်ငန်းစဉ်အား အမျိုးသားရေးတာဝန်အဖြစ် ခံယူကာ သန်းခေါင်စာရင်း မေးခွန်းများအား မှန်မှန်ကန်ကန်ဖြေဆိုခြင်းဖြင့် ဝိုင်းဝန်းကူညီဆောင်ရွက်ကြရန် တိုက်တွန်းပါကြောင်းဖြင့် အကျယ်တဝင့် ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ကုလသမဂ္ဂ လူဦးရေရန်ပုံငွေအဖွဲ့ (UNFPA) မှ ဌာနေကိုယ်စားလှယ် Ms.Jacknet E. Jackson က မြန်မာနိုင်ငံ၏ သန်းခေါင်စာရင်း ကောက်ယူရေး လုပ်ငန်းအပေါ် (UNFPA) မှ ပံ့ပိုးကူညီ ဆောင်ရွက်နေမှုများနှင့် ဆက်လက်ပံ့ပိုးကူညီ ကူညီဆောင်ရွက်မည့်အစီအစဉ်များကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် တက်ရောက်လာကြသူများက သန်းခေါင်စာရင်း ကောက်ယူရေးဆိုင်ရာ သိရှိလိုသည်များ၊ မရှင်းလင်းသည့် အချက်များကို ဆွေးနွေးမေးမြန်းကြရာ ပြည်ထောင်စုဝန်ကြီး၊ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် ပြည်ထောင်စုဝန်ကြီး၊ ပြည်နယ်ဝန်ကြီးချုပ်နှင့် တက်ရောက်လာကြသူများသည် ခန်းမအတွင်း၌ ခင်းကျင်းပြသထားသည့် သန်းခေါင်စာရင်းဆိုင်ရာသိကောင်းစရာများ၊ မှတ်တမ်းဓာတ်ပုံများ၊ လက်ကမ်းစာစောင်များကို ကြည့်ရှုလေ့လာခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# မလေးရှားတွင် ဇန်နဝါရီ ၂၁ ရက်မှစ၍ လုပ်ငန်းခွင်များ၊ သတင်းရသောနေရာများနှင့် တိုင်တန်းခြင်းခံရသော နိုင်ငံခြားသားနေအိမ်များကို စစ်ဆေးမည်ဟုဆို

**ကွာလာလမ်ပူ ဇန်နဝါရီ ၁၅**

မလေးရှားနိုင်ငံတွင် တရားမဝင်နိုင်ငံခြားသား အလုပ်သမားများအား ဇန်နဝါရီ ၂၁ ရက်မှစတင်ကာ လူဝင်မှုကြီးကြပ်ရေးဌာန၏ Ops 6p Sepadu စီမံချက်ဖြင့် လူနေအိမ်များ၊ လုပ်ငန်းခွင်များတွင် ပိုက်စိပ်တိုက် စစ်ဆေးတော့မည်ဖြစ်ကြောင်း ဇန်နဝါရီ ၁၂ ရက် မလေးရှားနိုင်ငံ နေ့စဉ်ထုတ်သတင်းတွင် ဖော်ပြပါရှိကြောင်း၊ မလေးရှားရောက် ကိုတွောင်ပူစီယင်း၏ ပေးပို့ချက်အရ သိရသည်။

လူဝင်မှုကြီးကြပ်ရေး ဌာနမှ ညွှန်ကြားရေးမှူးချုပ် Datuk Alias Ahmad က ပထမအကြိမ်အနေဖြင့် လွန်ခဲ့သော စက်တင်ဘာနှင့် ဒီဇင်ဘာလအတွင်း လူနေအိမ်များနှင့် လူစည်ကားရာဒေသများတွင် စစ်ဆေးရေးပြုလုပ်ခဲ့ကြောင်း ပြောကြားသည်။

**သိရ**

" ဒုတိယအကြိမ်အနေနဲ့ ဇန်နဝါရီ ၂၁ ရက်မှစပြီး လုပ်ငန်းခွင်များ၊ စက်ရုံများ၊ ကုမ္ပဏီများ၊ စိုက်ခင်းတွေနဲ့ တရားမဝင်အိမ်ဖော်များကြောင့် နေအိမ်များကို စစ်ဆေးမှာဖြစ်တယ်" ဟု Alias က ပြောကြားခဲ့ပြီး တရားမဝင်လုပ်သားများ ရှိနေကြသည့် ထောက်လှမ်းရရှိ သတင်းများနှင့် တိုင်တန်းချက်များအပေါ် မူတည်ပြီး စစ်ဆေးမည်ဖြစ်ကြောင်း သိရသည်။

ထို့နောက် Alias က ဆက်လက်ပြောကြားရာတွင် "သူတို့ရဲ့ နေ့စဉ်ပုံမှန်လည်ပတ်နေတဲ့ ပတ်ဝန်းကျင်ကို အနှောင့်အယှက်ဖြစ်အောင်တော့ စိတ်ထင်တဲ့နေရာတွေမှာ စီစစ်မှာမဟုတ်ဘူးခင်ဗျ"ဟု ပြောကြားခဲ့ပြီး နိုင်ငံတစ်ဝန်းတွင် ပထမအကြိမ်၌ နိုင်ငံခြားသား ၅၄၀၀၀ အား စစ်ဆေးပြီး ၂၂၇၈ ဦးကို ဖမ်းဆီးကြောင်း၊ အထောက်အထား စာရွက်စာတမ်းမရှိသူ ၁၆၈၀၀နှင့် ၎င်းတို့၏အလုပ်ရှင် ၂၁၉ ဦးကို အရေးယူထားကြောင်း ပြောကြားသည်။

**ပြောကြား**

"ကျွန်တော်တို့အနေနဲ့ တရားမဝင်တွေကို တရားဝင်ဖြစ်အောင် လုပ်ငန်းရှင်တွေကို လုံလောက်တဲ့အချိန်ပေးခဲ့ပါတယ်။ ကျွန်တော်တို့စစ်ဆေးတော့မှ ငှားရမ်းထားတဲ့ ဒီတရားမဝင်တွေကို ဖမ်းမိရင် မကျေမနပ်မဖြစ်စေချင်ဘူး။ တရားမဝင်တွေဟာ နိုင်ငံတော်ရဲ့ လုံခြုံရေးကို ခြိမ်းခြောက်ပြီး ရာဇဝတ်မှုနဲ့ တရားမဝင်လှုပ်ရှားမှုတွေ လုပ်လာတဲ့အခါ လွယ်တာမဟုတ်ဘူး" ဟု The Sun သတင်းသို့ ၎င်းကပြောကြားသည်။

စစ်ဆေးရေးအတွင်း ရဲ၊ စစ်တပ်၊ မြို့ပြ လုံခြုံရေးတပ်၊ လဝက၊ လုပ်အားပေးတပ်ဖွဲ့အားလုံးပေါင်း ၁၀၀၀၀ ခန့် ပါဝင်မည်ဖြစ်ကြောင်း၊ Alias က ဆက်လက်ပြောကြားကြောင်း သိရပြီး ၎င်း၏ခန့်မှန်းချက်အရ နိုင်ငံတစ်ဝန်းတွင် နိုင်ငံခြားသားခရီးသွားအထောက်အထားမရှိသူနှင့် ပါမစ်မရှိသူ ၂၈၀၀၀၀ ခန့်ရှိကြောင်း၊ အများစုမှာ အင်ဒိုနီးရှားမှဖြစ်ပြီး ကျန်ရှိသူများမှာ ဘင်္ဂလားဒေ့ရှ်၊ နီပေါနှင့် မြန်မာနိုင်ငံသားများဖြစ်ကြောင်း ပြောကြားခဲ့သည်။

**စိုးဝင်း(SP)**

မြတ်ဆရာပူဇော်ပွဲနှင့်ကျောင်းသားဟောင်းများတွေ့ဆုံပွဲ ကျင်းပ

**ပျော်ဘွယ် ဇန်နဝါရီ ၁၅**

ပျော်ဘွယ်မြို့ အထက(၂)ပန်းစုံ မြတ်ဆရာပူဇော်ပွဲနှင့် ကျောင်းသားဟောင်းများ တွေ့ဆုံပွဲအခမ်းအနားကို နေပြည်တော် ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ် ခေတ်အေးကျေးရွာ ရန်အောင်မြင်ကျောင်းတိုက်၌ ဇန်နဝါရီ ၁၃ ရက် နံနက်ပိုင်းက ကျင်းပသည်။ **(အပေါ်ပုံ)**

**တင်မောင်လွင် (မြန်မာ့အလင်း)**


## အထူးဂုဏ်ယူဝမ်းမြောက်ခြင်း

စတယ်လာ(စ) မပြုံးပြုံးစိမ်း( Spike ) Collection (M.D)အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတရုံးမှ အမိန့်ကြော်ငြာစာအမှတ်(၁/၂၀၁၄)ဖြင့် "သုမေ္မသိင်္ဂီတဲ့" တံဆိပ်တော်ချီးမြှင့်ခြင်းအတွက် လှိုက်လှိုက်လှဲလှဲဝမ်းမြောက်မိပါကြောင်းနှင့် အမျိုးဘာသာ၊ သာသနာလုပ်ငန်းများကို ထာဝစဉ်မပျက်ဆောင်ရွက်နိုင်ပါစေကြောင်း ဂုဏ်ပြုဆုတောင်းလိုက်ပါသည်။

ဦးတင်ဝင်း + ဒေါ်ငွေးငွေးဝင်း
( စီးကွင့်ဓောာ်ကြယ်ထိုးလုပ်ငန်း )
မိသားစု

**အမည်ပြောင်း**

ဦးသက်နိုင်ဌေး၏သမီး အထက(၅) မင်္ဂလာဒုံ ပဥ္စမတန်း(B)မှ မစုလှိုင်ဌေးအား ယနေ့မှစ၍ မဆုရတနာဖြိုးဟု ပြောင်းလဲခေါ်ပါရန်။

မဆုရတနာဖြိုး

**ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံးခြင်း**

ယာဉ်အမှတ် ၈စ/၅၇၉၂၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး (ရန်ကုန်အနောက်ပိုင်း)

**အမည်ပြောင်း**

ဦးဇေယျာသန်းထိုက်၏သား ရန်ကင်း ပညာရေးလေ့ကျင့်ရေးအလယ်တန်းကျောင်း စတုတ္ထတန်း(ဃ)မှ မောင်ဘုန်းမြင့်သတ္တိအား မောင်မြင့်မြတ်သတ္တိဟု ပြောင်းလဲခေါ်ပါရန်။

မောင်မြင့်မြတ်သတ္တိ

**သွေးသည်အသက်**

## ပြည်တွင်းသတင်း

# ပြည်ပပို့ကုန်များ လျှင်မြန်အောင်ဆောင်ရွက်ပေးလျက်ရှိ

**ရန်ကုန် ဇန်နဝါရီ ၁၅**

ယခုအခါ နိုင်ငံအတွင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ပိုမိုတိုးတက်လာသည်ကို တွေ့နေရသည်။ နိုင်ငံခြားပင်လယ်ကူးသင်္ဘောကြီးများသည်လည်း ရန်ကုန်မြစ်အတွင်းသို့ ဝင်ချည်ထွက်ချည်နှင့် မပြတ်သွားလာနေကြသည်ကို တွေ့မြင်နိုင်သည်။ ပို့ကုန်များဖြစ်သော ကျွန်းသစ်၊ ဆန်နှင့် ပဲအမျိုးမျိုးတို့ကို တင်ပို့ရောင်းချလျက်ရှိရာ ဇန်နဝါရီ ၁၃ ရက်က KOTA RESTU ကုန်တင်သင်္ဘောကြီး ကုန်သေတ္တာအပြည့်ဖြင့် မြန်မာနိုင်ငံထွက်ကုန်ပစ္စည်းများတင်ဆောင်၍ ရန်ကုန်ဆိပ်ကမ်းမှ ထွက်ခွာသွားသည်ကိုလည်း တွေ့မြင်ခဲ့ရသည်။ **(အောက်ပုံ)**

ပဲအမျိုးမျိုးကို တင်ပို့ရောင်းချမှုမှာ ၂၀၁၃ ခုနှစ် ဧပြီ ၁ ရက်မှ ၂၀၁၄ ခုနှစ် ဇန်နဝါရီ ၃ ရက်အထိ မက်ထရစ်တန်ချိန် ကိုးသိန်းရှစ်သောင်းကျော်ရှိပြီး အမေရိကန်ဒေါ်လာ သန်းပေါင်း ၆၈၃ သန်းကျော်ရရှိခဲ့သည်။ နိုင်ငံခြားသို့ တင်ပို့ရောင်းချသည့် ပဲ ၁၈ မျိုးအနက် မတ်ပဲအနေဖြင့် တန်ချိန်ငါးသိန်းကျော်၊ ပဲတီစိမ်းအနေဖြင့် တန်ချိန်နှစ်သိန်းကျော်နှင့် ပဲစင်းငုံ တန်ချိန်တစ်သိန်းလေးသောင်းကျော် တင်ပို့ရောင်းချခဲ့သည်။

အဆိုပါပဲများကို အိန္ဒိယ၊ စင်ကာပူ၊ ဗီယက်နမ်နှင့် EU နိုင်ငံသို့ တင်ပို့ရောင်းချခဲ့ရာ အိန္ဒိယနိုင်ငံသည် မြန်မာနိုင်ငံထွက်ပဲများကို ၇၀ ရာခိုင်နှုန်းကျော် ဝယ်ယူလျက်ရှိသည်ဟု သိရှိရသည်။

**သတင်း-ဇော်မင်းလတ်(သတင်းစဉ်)**
**ဓာတ်ပုံ-ကိုကိုဇော်(ဒလ)**

# ပြည်ပမှတင်သွင်းလာသော တိုက်ကြေကားများ ပြည်သူ့ဘဏ္ဍာအဖြစ်သိမ်းဆည်း

**ရန်ကုန် ဇန်နဝါရီ ၁၅**

နိုင်ငံတော်အတွက် အခွန်အရပ်ရပ် စည်းကြပ်ကောက်ခံရာတွင် အကောက်ခွန်ဦးစီးဌာန အနေဖြင့် အဓိကကျင့်သုံးနေသော ဥပဒေ(၃)ရပ်ရှိကြောင်း၊ ၄င်းတို့မှာ (က)၁၈၇၈ ခုနှစ် ပင်လယ်ကြောင်း အကောက်ခွန်အက်ဥပဒေ (The Sea Customs Act, ၁၈၇၈)၊ (ခ) ၁၉၂၄ ခုနှစ်၊ ကုန်းလမ်းအကောက်ခွန်အက်ဥပဒေ(The Land Customs Act, ၁၉၂၄)၊ (ဂ) ၁၉၉၂ ခုနှစ် အကောက်ခွန်နှုန်းဥပဒေ (The Tariff Law ၁၉၉၂ ) တို့ဖြစ်ကြောင်း သိရှိရသည်။

အကောက်ခွန်ဦးစီးဌာနရှိ ယာဉ်အိုယာဉ်ဟောင်းအပ်နှံပြီး အစားထိုးယာဉ်များ တင်သွင်းရေးစီမံချက်အရ 'မူ' နှင့်မညီသော မော်တော်ယာဉ်များ သိမ်းဆည်းမှုနှင့်စပ်လျဉ်း၍ ထိခိုက်တိုက်ကြေကားများ စိစစ်တွေ့ရှိရမှုအပေါ် အကောက်ခွန်ဦးစီးဌာန၊ ကုန်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန၊ မော်တော်ယာဉ်တင်သွင်းခွင့်ဆိုင်ရာ ကြီးကြပ်မှုကော်မတီ၏ ဆုံးဖြတ်ချက်များအရ Reconditioned ဖြစ်မှသာ တင်သွင်းရမည်ဖြစ်ပြီး ပြည်ပမှ သုံးစွဲ၍မရသော တိုက်ကြေကားများ **(ယာပုံ)** လက်မခံသင့်ကြောင်းနှင့် ထုတ်ပေးရန်မသင့်ကြောင်း ထုတ်ပြန်ခဲ့သည်။

ယနေ့အချိန်အထိ ပြည်သူ့ဘဏ္ဍာအဖြစ်သိမ်းဆည်းထားသော တိုက်ကြေကားအစီးရေမှာ ပထမအကြိမ် ၂၇ စီး၊ ဒုတိယအကြိမ် ၄၂ စီး၊ တတိယအကြိမ် ၃၂ စီးနှင့် စတုတ္ထအကြိမ် ၂၈ စီး စုစုပေါင်း ၁၂၉ စီးဖြစ်ကြောင်း သိရသည်။

ဘဏ္ဍာရေးအလိုက် အခွန်ကောက်ခံရရှိမှုမှာ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်တွင် အကောက်ခွန်ရငွေ ကျပ်သန်းပေါင်း ၁၁၅၆၂၀ ဒသမ ၅၂ နှင့် အခြားရငွေ ကျပ်သန်းပေါင်း ၂၂၄၁၀ ဒသမ ၂၄ တို့ဖြစ်ပြီး ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်တွင် အကောက်ခွန်ရငွေကျပ်သန်းပေါင်း ၃၆၇၉၂၃ ဒသမ ၂၀ နှင့် အခြားရငွေကျပ်သန်းပေါင်း ၃၄၈၀၆ ဒသမ ၇၉ တို့ဖြစ်ကြောင်း အဆိုပါဌာန၏ ထုတ်ပြန်ချက်အရ သိရသည်။

**အေးကို**

# တည်ပင်ကုန်းကျေးရွာတွင် အုတ်ဘလောက်လုပ်ငန်းလုပ်ကိုင်သူများ အဆင်ပြေ

**မိတ္ထီလာ ဇန်နဝါရီ ၁၅**

မိတ္ထီလာမြို့နယ် အလည်ရွာအုပ်စု တည်ပင်ကုန်းကျေးရွာတွင် ပွင့်လင်းရာသီရောက်ရှိလာသလို ကျေးလက်ဒေသများမှာ ဒေသထွက်သီးနှံများ ရိတ်သိမ်းပြီးစီးနေပြီဖြစ်၍ အဆောက်အအုံပြန်လည်ပြုပြင်ခြင်း၊ အဆောက်အအုံအသစ်များ ဆောက်လုပ်ခြင်းတို့ကြောင့် တစ်နိုင်တစ်ပိုင် အုတ်ဘလောက်လုပ်ငန်း လုပ်ကိုင်ကြသူများ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

"ဒီအုတ်ဘလောက် လုပ်ငန်းကို လွန်ခဲ့တဲ့ သုံးနှစ်လောက်က စတင်ဆောင်ရွက်လုပ်ကိုင်ကြတာ ဖြစ်ပါတယ်။ အုတ်ဘလောက်လုပ်ငန်းကို မိမိတို့နေအိမ်တွင်လည်း လုပ်ကိုင်ရောင်းချသလို နေ့စားနှင့်လည်း ဆောင်ရွက်ကြတယ်။ အုတ်ဘလောက်လုပ်ငန်းလုပ်ဆောင်ရာမှာ သုံးဦး လုပ်ကိုင်ဆောင်ရွက်လျှင် တစ်နေ့ အုတ်ဘလောက် အလုံး ၅၀၀ ပြီးစီး၍ လေးဦး ဆောင်ရွက်လျှင် ၇၅၀ အထိ ပြီးတယ်။ အုတ်ဘလောက်ကို ဘိလပ်မြေတစ်အိတ်ကို သဲ ၂၃ ပုံ၊ ထုံးအိတ်တစ်ဝက်၊ ကျောက်မှုန့်အိတ်တစ်ဝက်တို့ကို အချိုးကျရောစပ်ပြီး ဆောင်ရွက်ကြတယ်။ ဆောင်ရွက်ပြီးစီးသည့် အုတ်ဘလောက်များကို တစ်ရက် နေလှန်းတာနဲ့ အသုံးပြုလို့ရပြီး ဒီအုတ်ဘလောက်က ရေလောင်းပေးလေ ပိုမိုကောင်းမွန်တယ်။ ဘိလပ်မြေတစ်လုံးကို အုတ်ဘလောက်အရှည် ကိုးလက်မ၊ အကျယ် လေးလက်မ၊ အထူ သုံးလက်ရှိအုတ်ဘလောက် အလုံး ၂၅၀ မှ ၂၆၀ ရရှိတယ်။ အခုဆိုရင် အုတ်ဘလောက်တစ်လုံးကို ငွေကျပ် ၁၀၀နှုန်းဖြင့် ကန်နီ၊ မုန်တော်၊ ကူတော်၊ လွန်ငင်းနှင့် အနီးအနားကျေးရွာများက လာရောက်ဝယ်ယူကြသလို ပစ္စည်းပေးအပ်ပြီး နေ့စားပေး၍ ဆောင်ရွက်ကြတယ်။ နေ့စားပေးဆောင်ရွက်လျှင် လူတစ်ယောက်ကို တစ်နေ့ ၃၅၀၀ ကျပ်ဖြင့် လိုက်လံဆောင်ရွက်တယ်။ အခုလို ပွင့်လင်းရာသီမှာ အဆောက်အအုံဆောက်လုပ်ခြင်းလုပ်ငန်းများ၊ ဝင်းနံရံများကာရံခြင်း လုပ်ငန်းများဆောင်ရွက်ကြသဖြင့် တစ်နိုင်တစ်ပိုင်အုတ်ဘလောက်လုပ်ငန်း လုပ်ကိုင်သူများ အဆင်ပြေကြတယ်"ဟု တည်ပင်ကုန်းကျေးရွာ အုတ်ဘလောက်လုပ်ငန်းလုပ်ကိုင်နေသူ ဦးအေးကိုက ပြောကြားသည်။

**သိန်းမြင့်ကျော်(မိတ္ထီလာ)**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်စျေးနှုန်း ၁၅-၁-၂၀၁၄

### ရွှေစျေး (အောင်သမာဓိရွှေဆိုင်)

| | | |
|---|---|---|
| ရန်ကုန်ရွှေစျေး | တစ်ကျပ်သား | ၆၅၇၅၀၀-၆၁၉၃၀၀ |
| မန္တလေးရွှေစျေး | တစ်ကျပ်သား | ၆၅၈၅၀၀-၆၁၉၈၀၀ |

(အချိန်နှင့်အမျှ စျေးနှုန်းအပြောင်းအလဲရှိနိုင်ပါသည်)

### နိုင်ငံတကာသုံးငွေကြေးပေါက်စျေး (သိမ်ဖြူငွေလဲကောင်တာ)

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၉၇၅-၉၈၃ | ကျပ် |
| ဥရောပ | တစ်ယူရို | ၁၃၃၂-၁၃၄၀ | ကျပ် |
| စင်ကာပူ | တစ်ဒေါ်လာ | ၇၇၅-၇၈၉ | ကျပ် |
| ထိုင်း | တစ်ဘတ် | ၃၀.၄-၃၀.၇၅ | ကျပ် |
| အိန္ဒိယ | တစ်ရူပီး | ၁၆-၁၆.၃၂ | ကျပ် |
| တရုတ် | တစ်ယွမ် | ၁၅၇-၁၆၇ | ကျပ် |
| မလေးရှား | တစ်ရင်းဂစ် | ၂၇၂-၂၈၂ | ကျပ် |

### စက်သုံးဆီစျေးနှုန်းများ (Max/Newday စက်သုံးဆီအရောင်းဆိုင်)

| | | |
|---|---|---|
| ဓာတ်ဆီ | တစ်လီတာ | ၈၁၄ ကျပ် |
| ဒီဇယ် | တစ်လီတာ | ၉၄၀ ကျပ် |
| အောက်တိန်း ၉၂ | တစ်လီတာ | ၉၄၀ ကျပ် |
| အောက်တိန်း ၉၅ | တစ်လီတာ | ၁၁၀၀ ကျပ် |
| ပရီမီယံဒီဇယ် | တစ်လီတာ | ၉၆၀ ကျပ် |

### သားငါးနှင့်ဟင်းချက်စရာစျေးနှုန်း (သား/ငါးဒိုင်များ)

| | | | |
|---|---|---|---|
| ၁။ ငါးကြင်း | တစ်ပိဿာ | ၃၂၀၀-၄၅၀၀ | ကျပ် |
| ၂။ ငါးမြစ်ချင်း | တစ်ပိဿာ | ၂၈၀၀-၃၂၀၀ | ကျပ် |
| ၃။ ငါးရံ့ | တစ်ပိဿာ | ၄၇၀၀-၆၅၀၀ | ကျပ် |
| ၄။ ငါးဖယ် | တစ်ပိဿာ | ၆၀၀၀-၁၂၀၀၀ | ကျပ် |
| ၅။ ပုစွန်(ကျော့) | တစ်ပိဿာ | ၅၅၀၀-၇၃၀၀ | ကျပ် |
| ၆။ ပုစွန်တုပ် | တစ်ပိဿာ | ၉၅၀၀-၁၈၇၀၀ | ကျပ် |
| ၇။ ငါးသလောက် | တစ်ပိဿာ | ၇၃၀၀-၁၄၅၀၀ | ကျပ် |
| ၈။ ကြက် | တစ်ပိဿာ | ၅၀၀၀-၁၀၀၀၀ | ကျပ် |
| ၉။ ဝက် | တစ်ပိဿာ | ၅၀၀၀-၈၀၀၀ | ကျပ် |
| ၁၀။ အမဲ | တစ်ပိဿာ | ၄၀၀၀-၈၀၀၀ | ကျပ် |
| ၁၁။ ဆိတ် | တစ်ပိဿာ | ၁၂၀၀၀-၁၅၀၀၀ | ကျပ် |

ခင်ရတနာ-စုစည်းသည်။

### ဘုရင့်နောင်ကုန်စည်ဒိုင်စျေးနှုန်း

| | | |
|---|---|---|
| ၁။ မိုးဆန်(ဇီယာအသစ်) | တစ်အိတ် | ၁၆၂၀၀ |
| ၂။ ပေါ်ကျွဲ(အသစ်) | တစ်အိတ် | ၁၆၅၀၀ |
| ၃။ ပေါ်ဆန်း (အသစ်) | တစ်အိတ် | ၂၃၀၀၀-၂၇၀၀၀ |
| ၄။ မြေပဲဆီ | တစ်ပိဿာ | ၃၄၀၀ |
| ၅။ စားအုန်းဆီ | တစ်ပိဿာ | ၁၄၈၃ |
| ၆။ ဆိပ်ဖြူကြက်သွန်နီ (အသစ်) | တစ်ပိဿာ | ၃၅၀-၈၅၀ |
| ၇။ ရှမ်းကြက်သွန်ဖြူ | တစ်ပိဿာ | ၁၁၀၀-၁၉၀၀ |
| ၈။ ကြက်သွန်ဖြူ (ကြူကုတ်) | တစ်ပိဿာ | ၁၀၅၀-၁၀၇၀ |
| ၉။ အာလူး(ဟဲဟိုး) | တစ်ပိဿာ | ၇၀၀-၈၅၀ |
| ၁၀။ ငရုတ်ရှည် (ပျော်ဘွယ်မိုး) | တစ်ပိဿာ | ၂၇၅၀-၂၈၀၀ |
| ၁၁။ ငရုတ်ပွ (ဆင်ဖြူကျွန်း) | တစ်ပိဿာ | ၅၀၀၀-၅၃၀၀ |
| ၁၂။ သကြား | တစ်ပိဿာ | ၈၇၀-၉၂၀ |

ကုန်စည်ဒိုင်စျေးနှုန်းဖြစ်ပြီး အချိန်နှင့်အမျှ အပြောင်းအလဲရှိနိုင်ပါသည်။

ခင်ဆိုင်-စေ့ငုတင်ပြသည်။

## လူကုန်ကူးမှုတိုက်ဖျက်ရေး လူတိုင်းကိုယ်စီသတင်းပေး

ပြည်တွင်းသတင်းနှင့် ကြော်ငြာ

# အမှတ် (၁၀)အထက်တန်းကျောင်း ကျောင်းအဆင့်တိုးမြှင့်ပွဲကျင်းပ

**တောင်ကြီး ဇန်နဝါရီ ၁၅**

ရှမ်းပြည်နယ် (တောင်ပိုင်း) တောင်ကြီးမြို့တွင် အမှတ် (၁၀) အခြေခံပညာအထက်တန်းကျောင်း၊

ကျောင်းအဆင့်တိုးမြှင့်ပွဲကို ဇန်နဝါရီ ၁၄ ရက် နံနက် ၉ နာရီက အဆိုပါ အထက်တန်းကျောင်း၌ ကျင်းပရာ အခမ်းအနားတွင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်၊ ပြည်နယ်ပညာရေးညွှန်ကြားရေးမှူး ဦးချစ်ဆွေနှင့် ကျောင်းအကျိုးတော်ဆောင် ဥက္ကဋ္ဌ ဦးသိန်းအောင်တို့က ကျောင်းမှခ်ဦး ရှေ့၌ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ပြည်နယ်ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်က ကျောင်းဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူများသည် အမှတ်(၁၀)အခြေခံပညာအထက်တန်းကျောင်း ဆိုင်းဘုတ်အား အမွှေးနံ့သာဖြင့် ပက်ဖျန်းပေးကြပြီး ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူများသည် ရိုးရာအကပဒေသာများနှင့် ကျောင်းဝင်းအတွင်း ခင်းကျင်းပြသထားသော သင်ကြားမှုသင်ယူမှု အထောက်အကူပြု စာသင်ခန်းများကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

ထို့နောက် ထောက်ပံ့အလှူငွေများပေးအပ်ရာ ရှမ်းပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်နှင့်ဇနီး ဒေါ်ဖြူဖြူညွန့်တို့ကငွေကျပ် ၁၀သိန်းပေးအပ်၍ လည်းကောင်း၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့က ကွန်ပျူတာနှစ်လုံးနှင့် ငွေကျပ် ၁၀ သိန်းကို ပြည်နယ်ဘဏ္ဍာရေးဝန်ကြီး ဦးခွန်သိန်းမောင်က လည်းကောင်း ပေးအပ်လှူဒါန်းရာ ကျောင်းအုပ်ဆရာမကြီးက လက်ခံရယူခဲ့ကြောင်း သိရသည်။

**မောင်မောင်သန်း(တောင်ကြီး)**

# (၇)ကြိမ်မြောက် အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားသို့ မသန်စွမ်းအားကစားသမားများ အဆင်ပြေချောမွေ့စွာ တက်ရောက်

**နေပြည်တော် ဇန်နဝါရီ ၁၅**

၂၀၁၄ ခုနှစ် ဇန်နဝါရီ ၁၄ ရက် ညနေ ၅ နာရီခွဲက (၇)ကြိမ်မြောက် အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲ ဖွင့်ပွဲ အခမ်းအနားကို နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်း၌ ကျင်းပခဲ့ရာ အခမ်းအနားသို့ အာဆီယံနိုင်ငံများမှ မသန်စွမ်းအားကစားသမားများ တက်ရောက်ကြသည်။

အဆိုပါ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်သူ အားကစားသမားများ အဆင်ပြေစိတ်ချမ်းမြေ့စွာ တက်ရောက်အားပေးနိုင်ရေးအတွက် ကားပေါ်မှ Wheel Chair များဖြင့် အတင်အချပြုလုပ်ပေးခြင်း၊ ကွင်းအတွင်းနှင့် ထိုင်ခုံနေရာများသို့ ပို့ဆောင်ပေးခြင်း၊ နားနေဆောင်များနှင့် အားကစားသမားများသွားလာသည့် နေရာများသို့ ပို့ဆောင်ပေးခြင်းတို့ကို လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် အားကစားပြိုင်ပွဲ တာဝန်ရှိသူများက အဘက်ဘက်မှ နွေးထွေးစွာကြိုဆို ပံ့ပိုးကူညီပေးခဲ့ကြကြောင်း သိရသည်။ **(အောက်ပုံ)ကိုရဲ**

# ဖုန်းကာဗာများ ရွှေဖြင့် ပြုလုပ်သုံးစွဲလာကြ

**ရန်ကုန် ဇန်နဝါရီ ၁၅**

အများပြည်သူများ ဆက်သွယ်ရေးအဆင်ပြေစေရန် နိုင်ငံတော်က ငွေကျပ် ၁၅၀၀ ဖြင့် GSM, WCDMA, CDMA ဆင်းကတ်များကို တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့တို့၏ ကြီးကြပ်စီစဉ်ပေးမှုဖြင့် ပြည်သူများလက်ဝယ်အရောက် လစဉ်ဖြန့်ချိပေးလျက်ရှိသည်။ ထို့ကြောင့် ဟန်းဖုန်းကိုင်ဆောင်သူဦးရေလည်း တစ်စတစ်စ များပြားလာသည်။

ခေတ်စနစ်နှင့်အညီ ဟန်းဆက်များ ဒီဇိုင်းမျိုးစုံဖြင့် ထွက်ရှိလာသလို ဟန်းဖုန်းကာဗာများကိုလည်း အလှဆင်လာကြသည်။ ဖုန်းကာဗာများ အလှဆင်ကြသူများတွင် လူငယ်ဦးရေပိုများပြီး ခေတ်ပေါ်ဖန်စီများဖြင့် အလှဆင်ကြသလို ရွှေဖြင့် ပြုလုပ်ထားသော ဖုန်းကာဗာများကို သုံးစွဲမှုမှာ ယနေ့ခေတ်တွင် ရေပန်းစားလာလျက်ရှိသည်။

"မရှိဝမ်းစာ ရှိတန်ဆာ" ဆိုတဲ့ ရွှေကို အလွှာပေါင်းစုံသော လူများက ငွေပိုငွေလျှံလေးရလာလျှင်စုပြီး လက်ဝတ်လက်စား၊ ဆံညှပ်၊ ဘီးကုပ်၊ ရင်ထိုးတို့ ဝယ်ယူဝတ်ဆင်ကြသည်။ ယခုဆိုလျှင် ရွှေဟန်းဖုန်းကာဗာများ ပြုလုပ်သုံးစွဲလာကြကြောင်း တွေ့ရသည်။

ကနုတ်ပန်းခတ်များဖြင့် ရွှေဖုန်းကာဗာဒီဇိုင်းများမှာ ၁၀ မျိုးကျော်ရှိပြီး အလေးချိန်မှာ သုံးကျပ်သားခန့်ရှိသည်။ မျက်နှာပြင်ကျယ်သည့် ဖုန်းဆိုလျှင် အလေးချိန်ပိုများသည်ဟု သိရသည်။

**ခင်ချိုဝင်း**

## ကျောက်ထုမြို့တွင် လယ်မြေသို့ ရေသွယ်သည့်မြောင်း စုပေါင်းပြုပြင်

**ဂန့်ဂေါ ဇန်နဝါရီ ၁၅**

ဂန့်ဂေါခရိုင် ကျောက်ထုမြို့ဒေသ ပန်းဆန်ရွာ၊ သရက်ချဉ်ရွာ၊ ငါလွန်းကျေးရွာများရှိ လယ်မြေများသို့ ရေပေးသွင်းသည့် မင်းလယ်တောမြောင်းကို ဇန်နဝါရီ ၁၀ ရက်က အဆိုပါကျေးရွာများမှ ပြည်သူ ၃၀၀ ကျော်တို့က ရေမြောင်းအားပြုပြင်ပြီး သန့်ရှင်းရေးလုပ်ငန်းများကို ဆည်မြောင်းဦးစီးဌာန ဒုတိယဦးစီးမှူး ဦးစိုးမင်း ဦးဆောင်မှုဖြင့် စုပေါင်းဆောင်ရွက်ကြကြောင်း သိရသည်။

**(၁၀၁)**

# စာစီစာကုံးပြိုင်ပွဲ ဆုချီးမြှင့်

**ပြည် ဇန်နဝါရီ ၁၅**

မြန်မာနိုင်ငံမူးယစ်ဆေးဝါး ဆန့်ကျင်ရေးအသင်း ပဲခူးတိုင်းဒေသကြီး (အနောက်ပိုင်း)တိုင်းခွဲမှ ကြီးမှူးကျင်းပသော မူးယစ်ဆေးဝါးဆန့်ကျင်ရေး အခြေခံပညာ အလယ်တန်းအဆင့်၊ အထက်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲအား ဇန်နဝါရီ ၁၃ ရက် နံနက် ၁၀ နာရီက ပြည်မြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း အောင်သော်ခန်းမ၌ ကျင်းပသည်။

ဆုချီးမြှင့်ပွဲကို ဆက်လက်ကျင်းပရာ ပထမဆုရရှိသော ပန်းတောင်းမြို့နယ်မှ မချိုးမို့မို့အောင်၊ ဒုတိယဆုရရှိသော နတ်တလင်းမြို့နယ်မှ မအေးချမ်းဖြိုး၊ တတိယဆုရရှိသော အုတ်ဖိုမြို့နယ်မှ မမေနန္ဒာချို၊ စတုတ္ထဆုရရှိသော ရွှေတောင်မြို့နယ်မှ မောင်မင်းခန့်ကျော်၊ ပဉ္စမဆုရရှိသော ပြည်မြို့နယ်မှ မရွှေစင်ဖူးအောင်၊ နှစ်သိမ့်ဆုရရှိသူငါးဦးအား မြို့မိမြို့ဖ အလှူရှင်များက ဂုဏ်ပြုမှတ်တမ်းလွှာများနှင့် ဆုများချီးမြှင့်ပြီး တိုင်းခွဲဥက္ကဋ္ဌ ရဲမှူးကြီးမြင့်စိုး(ငြိမ်း)က ကျေးဇူးတင်စကားပြောကြားကြောင်း သိရသည်။

**မောင်ရွှေဝင်း(ပြည်)**


## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရှမ်းပြည်နယ်ဥပဒေချုပ်ရုံး၊ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်နှင့် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်း အသုံးစရိတ်ရန်ပုံငွေမှ ခွင့်ပြုချက် ရရှိခဲ့သော ရှမ်းပြည်နယ်ဥပဒေချုပ်ရုံး တိုးချဲ့အဆောက်အအုံဆောက်လုပ်ရေးအတွက် စိတ်ပါဝင်စားသော လုပ်ငန်းရှင်များအား အိတ်ဖွင့်တင်ဒါခေါ်ယူပါသည်။

၂။ အဆောက်အအုံပုံစံနှင့် တင်ဒါစည်းကမ်းများအား ရှမ်းပြည်နယ်ဥပဒေချုပ်ရုံးတွင် ၁၆-၁-၂၀၁၄ ရက်မှစ၍ ရုံးချိန်အတွင်း လာရောက်ထုတ်ယူနိုင်ပြီး ၁၅-၂-၂၀၁၄ ရက် ၁၆:၀၀နာရီနောက်ဆုံးထား၍ တင်သွင်းရန်ဖြစ်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးနှင့် ကြမ်းခင်းဈေးသတ်မှတ်ရေးကော်မတီ**
**ရှမ်းပြည်နယ်ဥပဒေချုပ်ရုံး**
**ရှမ်းပြည်နယ်၊ တောင်ကြီးမြို့**

## ကန့်ကွက်နိုင်ပါသည်

ချမ်းအေးသာစံမြို့နယ်၊ ပြည်ကြီးမျက်ရှင်ရပ်၊ အကွက် (၄၁၄)ထရံကာ၊ ၃၅လမ်းနှင့် ၆၆လမ်းထောင့်နေ ဦးဆိုင်းအောင်(ခ)မြင့်ရှင်း ၉/ခအဇ(နိုင်)၀၀၀၁၀၇၊ [ဘ-ဦးလမိုင်(ခ) ဦးကျားချန်း] အမည်ပေါက်ပိုင်ဆိုင်သော ယာဉ်အမှတ် အ/၆၉၉၆၏ ပုံစံ(၁)အခွန်ကျေပုံစံ အမှတ်-၀၈၇၀၇၇၊ ၂၄-၆-၂၀၀၉ရက်စွဲပါ စာအမှတ် ၄၂၆ဖြင့် ချမ်းအေးသာစံမြို့နယ်၊ ပြည်တွင်းအခွန်ဦးစီးဌာနမှထုတ်ပေးထားသော စာရွက်စာတမ်းပျောက်ဆုံးသွားပါသဖြင့် ပြည်တွင်းအခွန်ဦးစီးဌာနရုံးမှ ပြန်လည်ထုတ်ယူမည်ဖြစ်ပါ၍ ကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း အောက်ပါလိပ်စာအတိုင်း ကန့်ကွက်နိုင်ပါသည်။

**ဦးဆိုင်းအောင်(ခ)မြင့်ရှင်း**
**၉/ခအဇ(နိုင်)၀၀၀၁၀၇**
**ပြည်ကြီးမျက်ရှင်ရပ်၊ ချမ်းအေးသာစံမြို့နယ်၊ ဖုန်း-၀၂-၆၈၈၉၉၊ ၀၂-၇၄၄၈၆**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၈၊ FMI၊ မြေကွက်အမှတ် ၇၄၆၊ ဧရိယာ ၀ဒသမ၀၅၅ ဧက၊ နှစ်၆၀မြေငှားစာချုပ် အမည်ပေါက် ဦးအေးကျော်ကျော်ရှန်ထံမှ အရောင်းအဝယ်စာချုပ်အမှတ် ၄၄၃၁/၂၀၁၃(၂၆-၁၁-၂၀၁၃) အရ ဝယ်ယူသူ ဒေါ်တင်ဇာမျိုး ၁၂/လမန(နိုင်)၀၃၅၀၈၀ မှ မြေငှားစာချုပ်(ဂရန်)အမည်ပြောင်း လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း စာရွက်စာတမ်း အထောက်အထားမူရင်းများတင်ပြ၍ ကန့်ကွက်နိုင်ပါသည်။ **မြေတိုင်းဌာနခွဲ၊မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန**

## အမည်ပြောင်း

ဦးမောင်မောင်ချူး၏သား မဟာထူးချွန်ကိုယ်ပိုင်အထက်တန်းကျောင်း တောင်တွင်းကြီးမြို့ နဝမတန်းမှ မောင်ပြည့်ဖြိုးမောင်အား မောင်သျှန်ဇေဘုန်းမြတ်ဟု ပြောင်းလဲခေါ်ပါရန်။ **သျှန်ဇေဘုန်းမြတ်**

## မိုး သတိပြု

## ကံကောင်း

**အိမ်၊ ခြံ၊ မြေ အကျိုးဆောင်**

သီလဝါ၊ ဖလမ်း၊ တပ်ရာကုန်း၊ စံချိန်မီ ၃၊ ၂၊ ၁၊ မြိုင်သာယာ၊ VIP 80'x60' လုံးချင်းတိုက်များ၊ သိန်း၄၀သွင်းရသော VIP မြေကွက်များ၊ သန်လျင်၊ ကျောက်တန်း မြေကွက်များ ရောင်းဝယ်ရန်ရှိသည်။
(သီလဝါ၊ သန်လျင်၊ ကျောက်တန်း) သီးသန့်

**ဖုန်း-၀၉-၄၉၃၀၀၉၆၇၊ ၀၉-၄၂၀၁၈၅၅၉၉**
**၀၉-၄၂၀၁၈၅၅၇၇၊ ၀၉-၇၃၂၂၇၅၅၆၊ ၀၉-၄၄၀၀၀၅၀၁၈**

## ရှမ်းပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
## တောင်ကြီးမြို့
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ရှမ်းပြည်နယ်အတွင်း အောက်ဖော်ပြပါလုပ်ငန်းများကို ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်တွင် ၂၅ ရာခိုင်နှုန်း ဆောင်ရွက်မည်ဖြစ်ပြီး ကျန် ၇၅ ရာခိုင်နှုန်းကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်မည်ဖြစ်ပါ၍ မြန်မာနိုင်ငံသား လုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်ပါသည်-

| | တည်နေရာ | လုပ်ငန်း |
|---|---|---|
| (က) | ကျိုင်းတောင်းမြို့နယ်ခွဲ | (၆)ခန်းတွဲဝန်ထမ်းအိမ်ရာ လျှပ်စစ်မီးတပ်ဆင်ခြင်း |
| (ခ) | ကွန်ဟိန်းမြို့နယ် | (၁၂၀×၃၄×၁၂)ပေ၊အုတ်ညှပ်၊(၆)ခန်းတွဲ ဝန်ထမ်းအိမ်ရာဆောက်လုပ်ခြင်း |
| (ဂ) | မိုင်းကိုင်မြို့နယ် | (၁၂၀×၃၄×၁၂) ပေ၊ အုတ်ညှပ်၊ (၆)ခန်းတွဲဝန်ထမ်းအိမ်ရာဆောက်လုပ်ခြင်း |
| (ဃ) | သီပေါမြို့နယ် | (၄၃×၃၇×၁၂) ပေ၊အုတ်ညှပ်၊ လက်ထောက်ညွှန်ကြားရေးမှူး နေအိမ်ဆောက်လုပ်ခြင်း |
| (င) | ပြည်နယ်ရုံး | ရုံးသုံးစက်ကိရိယာနှင့်ပရိဘောဂများဝယ်ယူခြင်း |

၂။ အိတ်ဖွင့်တင်ဒါလျှောက်လွှာပုံစံနှင့် စည်းကမ်းချက်များကို ၁၆-၁-၂၀၁၄ ရက်မှ ၂၃-၁-၂၀၁၄ ရက်အထိ နေ့စဉ်ရုံးချိန်အတွင်း လာရောက်ထုတ်ယူနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါများကို ၂၄-၁-၂၀၁၄ ရက် နံနက် ၁၀ နာရီမှ မွန်းတည့် ၁၂နာရီအတွင်း တင်ဒါစိစစ်ရေးအဖွဲ့ရှေ့မှောက်တွင် တင်ဒါတင်သွင်းရန်ဖြစ်ပါသည်။ သတ်မှတ်ကာလကျော်လွန်သောတင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၄။ အိတ်ဖွင့်တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များကို ဖုန်း -၀၈၁-၂၀၀၂၈၈၊ ၀၈၁-၂၁၂၁၃၄၅ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**






နိုင်ငံတကာအားကစားနှင့်ကြော်ငြာ

# အိမ်ကွင်းမှာအမှတ်ပြည့်ယူဖို့ အားထုတ်ရမယ့် မန်စီးတီး

**မိုးမြင့်လင်းလက်**

**ပရီမီယာလိဂ်ပွဲစဉ်(၂၂)ကို ဇန်နဝါရီ ၁၈ ရက်မှာ ယှဉ်ပြိုင်ကစားမှာဖြစ်လို့ ပွဲကောင်းတွေမျှော်လင့်နေတဲ့ ပရိသတ်တွေ ဆန္ဒပြည့်ဝဖို့ရှိနေပါတယ်။ ဒီပွဲစဉ်မှာ မန်စီးတီးက ကာဒစ်နဲ့အိမ်ကွင်းမှာ လက်ခံကစားရမှာဖြစ်ပြီး အာဆင်နယ်တို့ကတော့ ဖူလ်ဟမ်ကို ညှော့ခံရမှာဖြစ်ပါတယ်။ လီဗာပူးလည်း အိမ်ကွင်းမှာ ဗီလာကို ရင်ဆိုင်ရမှာဖြစ်တာမို့ ပွဲရလဒ်ကောင်းအောင် အားထည့်ကြရဦးမှာ ဖြစ်ပါတယ်။**

**မန်စီးတီးနှင့်ကာဒစ်**

မန်စီးတီးတို့ကတော့ ဒီနှစ်ပရီမီယာလိဂ်ဖလားကို မျှော်လင့်နေတာမို့ ဒီပွဲကို သုံးမှတ်အပြည့်ယူဖို့ စွမ်းဆောင်မှာ သေချာပါတယ်။ ကာဒစ်ဟာ အသင်းကြီးတွေကို ဒုက္ခပေးတတ်ပေမယ့် မန်စီးတီးကွင်းမှာတော့ ရလဒ်ကောင်းဖို့ မလွယ်ပါဘူး။ မန်စီးတီးဟာ တိုက်စစ်မှူးတွေ အပြည့်အဝသုံးနိုင်ရင် ဒီပွဲရဲ့အမှတ်တွေကို အကုန်သိမ်းကျုံးရယူနိုင်ပါလိမ့်မယ်။

**လီဗာပူးနှင့်ဗီလာ**

လီဗာပူးအတွက် အနိုင်သေချာအောင်ကြိုးစားရမယ့်ပွဲပါပဲ။ ပွဲတိုင်းရလဒ်ကောင်းအောင် ကြိုးစားနေတဲ့ လီဗာပူးဟာ ဒီပွဲမှာတော့ ဗီလာကို အလေးထား ကစားပါလိမ့်မယ်။ ဗီလာဟာ ခံစစ်ပိုင်းကောင်းမွန်အောင် ပြင်ဆင်ထားနိုင်ရင်တော့ လီဗာပူးတို့ခက်ခဲမှာဖြစ်ပေမယ့် ဆွာရက်ဇ်ဦးဆောင်တဲ့ လီဗာပူးတိုက်စစ်မှူးတွေရဲ့ စွမ်းဆောင်ရည်တွေကြောင့် လီဗာပူးပရိသတ်တွေ ပျော်ရမယ့်ပွဲပါပဲ။

**အာဆင်နယ်နှင့်ဖူလ်ဟမ်**

အာဆင်နယ်ဟာ ဖူလ်ဟမ်ကိုပေါ့ပေါ့ဆဆ ကစားလို့မရပါဘူး။ ဖူလ်ဟမ်တို့က အဝေးကွင်းမှာ ခြေပေါ်အောင် တစ်ခါတစ်ရံ အားထုတ်နိုင်တာမို့ အာဆင်နယ်အိမ်ကွင်းမှာသတိထားရမှာပေါ့။ ဒါပေမယ့် ရှိတဲ့အင်အားနဲ့ အိမ်ကွင်းမှာ ရလဒ်ကောင်းအောင် စီမံတတ်တဲ့ နည်းပြအာစင်ဝင်းဂါးကြောင့် ဖူလ်ဟမ်တို့တစ်မှတ်ရဖို့ ခက်ခဲမယ့်အနေအထားဖြစ်ပါတယ်။

**ဝက်စ်ဟမ်းနှင့်နယူးကာဆယ်**

နယူးကာဆယ်ဟာ စုဖွဲ့မှုကောင်းမွန်တာမို့ ဝက်စ်ဟမ်းတို့အတွက် အခက်တွေ့နိုင်ပါတယ်။ ဝက်စ်ဟမ်းဟာ နိုင်ပွဲလိုအပ်နေပေမယ့် နယူးကာဆယ်ကိုခက်ခက်ခဲခဲရင်ဆိုင်ရဖို့ရှိနေပါတယ်။ ဝက်စ်ဟမ်းရဲ့အိမ်ကွင်းကစားအားက ကောင်းမွန်ပေမယ့် ရလဒ်ကောင်းအောင် ရုန်းကန်နေရဆဲဖြစ်တာမို့ နယူးကာဆယ်ရဲ့အားထုတ်မှုက ဒီပွဲမှာ ညီမျှခြင်းအဖြစ်ကိုလည်း ရောက်ရှိသွားစေနိုင်ပါတယ်။

**ဆန်းဒါးလန်းနှင့်ဆောက်သမ်တန်**

ဆန်းဒါးလန်းဟာ အိမ်ကွင်းမှာနိုင်ပွဲရယူနိုင်မှ ပရိသတ်တွေကို ကျေနပ်စေမယ့်အခြေအနေပါပဲ၊ ခြေစွမ်းအတက်အကျဖြစ်နေတဲ့ ဆန်းဒါးလန်းဟာ ခြေစွမ်းမာကျောတတ်တဲ့ဆောက်သမ်တန်ကို ဖိဖိစီးစီးကစားမှ ရပါလိမ့်မယ်။ ဆောက်သမ်တန်ဟာ အဝေးကွင်းမှာ ရလဒ်ကောင်းအောင်ကြိုးစားနေရဆဲဖြစ်တာမို့ အိမ်ရှင်တို့အတွက် မျှော်လင့်ချက်ထားနိုင်တဲ့ပွဲပါပဲ။ ॥

## စပိန်ဘုရင့်ဖလား ပွဲစဉ်နှင့် ဂိုးရလဒ်များ

သီဟ

**စပိန် ကိုပါဒယ်ရေးဖလား** — **ဇန်နဝါရီ ၁၇**

| | | | |
|---|---|---|---|
| ဗီလာရီးရဲ | - | ဆိုစီဒက် | နံနက် ၁း၃၀ |
| ဂီတာဖေး | - | ဘာစီလိုနာ | နံနက် ၃း၃၀ |

**ဗီလာရီးရဲ Vs ဆိုစီဒက်**

စပိန်မြေမှာ ခြေရည်တူပြိုင်ဘက်နှစ်သင်း ဆက်တိုက်တွေ့ဆုံမှုမှာ စပိန်ဘုရင့်ဖလားပထမကျော့ ဆိုစီဒက်အိမ်ကွင်းတွင် ၀-၀ ဖြင့် သရေကျခဲ့ပြီး စပိန်လာလီဂါ အမှတ်ပေးပြိုင်ပွဲတွင်လည်း ဗီလာရီးရဲအိမ်ကွင်းမှာ ဂိုးအပြတ် ၅-၁ ဖြင့် အိမ်ရှင်တို့ အနိုင်ရထားသည်။ သူတို့နှစ်သင်းစလုံးသည် အသင်းကြီးတွေနဲ့ ပွဲကျပ်ဆက်တိုက်တွေ့ဆုံနေရသည်။ စပိန်လာလီဂါ အမှတ်ပေးဇယားမှာလည်း ဗီလာရီးရဲမှာ နှစ်မှတ်အသာနဲ့ အဆင့်ငါးမှာရှိနေပြီး ဆိုစီဒက်က အဆင့် ခြောက်မှာရပ်တည်နေပါတယ်။ ဗီလာရီးရဲတို့ စပိန်ဘုရင့်ဖလားဒုတိယကျော့အိမ်ကွင်းမှာ ပရိသတ်တွေကျေနပ်အောင် စွမ်းဆောင်ပေးနိုင်မလားဆိုတာ စောင့်ကြည့်ရမှာဖြစ်ပြီး အိမ်ရှင်ကို အားပေးသင့်ပါတယ်။

**ဇန်နဝါရီ ၁၅ ဘောလုံးပွဲရလဒ်များ**

| | | |
|---|---|---|
| ချာလ်တန် | ၂-၂ | အောက်စ်ဖို့ဒ် |
| ဘုန်းမောက် | ၄-၁ | ဘာတန် |
| ဘာမင်ဂမ် | ၃-၀ | ဘရစ္စတိုးရိုဗာ |
| ဝက်ဖို့ဒ် | ၂-၀ | ဘရစ္စတိုးစီးတီး |
| ပီတာဘရော့ | ၂-၃ | ကစ်ဒါမင်စတာ |
| အမ်ကေဒွန်း | ၁-၃ | ဝီဂန် |
| ပလိုင်းမောက် | ၂-၃ | ပို့ဗယ်လီ |
| ရှက်ဖီးဝမ်းနက်စ်ဒေး | ၄-၁ | မက္ကလက်စ်ဖီးလ် |
| ပရက်စတန် | ၃-၂ | အစ်ဆွစ်ချ် |
| ဖူလ်ဟမ် | ၃-၀ | နော့ဝှစ်ချ် |
| လာဇီယို | ၂-၁ | ပါးမား |
| အယ်လ်မာရီးယား | ၀-၂ | ရေးဆင်း |
| အက်သလက်တီကို | ၂-၀ | ဗလင်စီယာ |
| ဘော်ဒိုး | ၁-၃ | ပီအက်စ်ဂျီ |

## ဖူလ်ဟမ် အက်ဖ်အေ စတုတ္ထဆင့်တက်

ဖူလ်ဟမ်နှင့်နော့ဝှစ်ချ်တို့ အက်ဖ်အေပြိုင်ပွဲအဖြစ် ယှဉ်ပြိုင်ကစားခဲ့ရာ ဖူလ်ဟမ်က သုံးဂိုးပြတ်ဖြင့်နိုင်ပြီး စတုတ္ထအဆင့်ပြိုင်ပွဲသို့ တက်ရောက်ရန် သေချာသွားပြီဖြစ်သည်။ ဖူလ်ဟမ်အတွက် တိုက်စစ်မှူး ဒါရင်ဘင့်က အဖွင့်ဂိုး သွင်းယူခဲ့သည်။ အီရန်ကွင်းလယ်ကစားသမားအက်ရှ်ခန်းဒေဂျာဂျက်က ဆစ်ဝဲ၏ခေါင်းတိုက်ဂိုးမသွင်းမီ အနီးကပ် ဂိုးသွင်းယူပေးခဲ့သည်။ နော့ဝှစ်ချ်အသင်းက သွင်းယူသောဂိုးမှာ ဘားတန်းထိမှန်ခဲ့သဖြင့် တစ်ဂိုးနစ်နာခဲ့ရသည်။ သို့သော်လည်း နော့ဝှစ်ချ်အသင်းသည် နောက်ဆုံးလိဂ်ပွဲရှစ်ပွဲတွင် တစ်ပွဲမျှ အနိုင်မရဘဲရှိသည်။ ဖူလ်ဟမ်တို့ ယင်းပွဲအနိုင်ရလိုက်သဖြင့် စတုတ္ထအဆင့်သို့ တက်ရောက်သွားပြီဖြစ်သည်။

## အေစီမီလန်နည်းပြဖြစ်လာတဲ့ ဝါရင့်ကစားသမားကြီးဆီးဒေါ့

ကလာရင့်ဆီးဒေါ့က ၄င်းအနေဖြင့် ဘောလုံးကစားခြင်းမှ အနားယူရန် ကြေညာပြီးနောက် အေစီမီလန်နည်းပြဖြစ်လာလိမ့်မည်ဟု ပြောကြားလိုက်သည်။ အီတလီစီးရီးအေ အေစီမီလန်အသင်းတွင် ၂၀၀၂ ခုနှစ်မှ ၂၀၁၂ ခုနှစ်အထိကစားပေးခဲ့သော အသက် ၃၇ နှစ်အရွယ်ရှိ ဆီးဒေါ့သည် တနင်္လာနေ့က ဖြုတ်ချခြင်းခံရသော နည်းပြ အလာဂရီ၏နေရာတွင် အစားထိုးလုပ်ကိုင်မည်ဖြစ်သည်။"ကျွန်တော် ၂၂ နှစ်ကြာ ဘောလုံးကစားပြီးမှ အနားယူခဲ့တာပါ။ ကျွန်တော် နည်းပြအလုပ်ကို ကျွမ်းကျွမ်းကျင်ကျင်လုပ်နိုင်ပါတယ်" ဟု ဆီးဒေါ့က ပြောသည်။ အေစီမီလန်အသင်းသည် လက်ရှိအမှတ်ပေးဇယား ၁၁ နေရာတွင် ရပ်တည်လျက်ရှိသည်။ မိမိအိပ်မက် အမှန်တကယ်ဖြစ်လာပါပြီဟုလည်း ဆီးဒေါ့က ဆိုသည်။

အေစီမီလန်အသင်းသည် ယခုနှစ်ရာသီ ပထမ ၁၉ ပွဲ ကစားရာတွင် ငါးပွဲအနိုင်ရခဲ့သည်။ ထိပ်ဆုံးရောက် ဂျူဗင်တပ်စ်အသင်းနောက်မှ ရမှတ် ၃၀ ခွာ၍ လိုက်နေရသည်။ မီလန်က ဆက်ဆော်လိုကို လေးဂိုး-သုံးဂိုးဖြင့် ရှုံးလိုက်ပြီးနောက် နည်းပြအလာဂရီကို အလုပ်မှထုတ်ပယ်လိုက်သည်။

နယ်သာလန်ကွင်းလယ်ကစားသမားဟောင်း ဆီးဒေါ့သည် မီလန်အတွက် ပွဲပေါင်း ၄၀၀ ကျော် ကစားပေးခဲ့ပြီး စီးရီးအေဖလားနှစ်လုံးနှင့် ချန်ပီယံလိဂ်ဖလားနှစ်လုံး ဆွတ်ခူးပေးနိုင်ခဲ့သည်။

၄င်းသည် မတူညီသောကလပ်သုံးခုမှ ချန်ပီယံလိဂ်ဖလားများ ဆွတ်ခူးပေးနိုင်ခဲ့သည့် ပထမဆုံးသောကစားသမားလည်းဖြစ်ခဲ့သည်။ ၄င်းသည် ဒတ်ချ်ကလပ် အိုင်းယက်နှင့် ၁၉၉၅ ခုနှစ်တွင်လည်းကောင်း၊ ၁၉၉၈ ခုနှစ်တွင် ရီးရဲမက်ဒရစ်နှင့်လည်းကောင်း၊ ၂၀၀၃ ခုနှစ်နှင့် ၂၀၀၇ ခုနှစ်တွင် အေစီမီလန်နှင့်လည်းကောင်း ချန်ပီယံလိဂ်ဖလားများ ဆွတ်ခူးပေးနိုင်ခဲ့သည်။ သူသည် မီလန်မှ ထွက်ပြီး အင်တာမီလန်နှင့်ဆမ့်ဒိုးရီးယားတွင်လည်း ကစားခဲ့သည်။ ၄င်းသည် ဘောလုံးသမားဘဝကို ၂၀၁၂ ခုနှစ်က ဘရာဇီးကလပ် ဘိုတာဖိုဂိုတွင် အဆုံးသတ်ခဲ့သည်။

## ချန်ပီယံ ဂျိုကိုဗစ် တတိယအကျော့တက်ပြီ

ဩစတြေးလျအိုးပင်းတင်းနစ်ပြိုင်ပွဲတွင် လက်ရှိချန်ပီယံဂျိုကိုဗစ်က လီယိုနာဒိုမေယာကို ၆-၀၊ ၆-၄၊ ၆-၄ ဖြင့်နိုင်ပြီး တတိယအကျော့ ပြိုင်ပွဲသို့ တက်ရောက်သွားပြီဖြစ်သည်။ ဩစတြေးလျနိုင်ငံတွင် အပူလှိုင်းကျရောက်လျက်ရှိရာ ဆားဘီးယားတင်းနစ်အကျော် ဂျိုကိုဗစ်က အစောပိုင်းပြိုင်ပွဲကစားပြီး အနိုင်ရလိုက်ခြင်း ဖြစ်သည်။

ကမ္ဘာ့နံပါတ်တစ် တင်းနစ်မယ် ဆီရီနာဝီလျံကလည်း ၆၃ မိနစ်ဖြင့် ဗစ်စနာဒိုလွန်ကို ၆-၁၊ ၆-၂ ဖြင့် နိုင်ပြီး တတိယအကျော့သို့ တက်လာသည်။ တရုတ်တင်းနစ်မယ် လီနာက ၁၆ နှစ်အရွယ် ဘလင်ဒါဘင်ဆစ်၏ မျှော်လင့်ချက်ကို အဆုံးသတ်ပေးခဲ့သည်။ ထိုအတောအတွင်း သောမစ်ဘာဒစ်က ကင်နီဒီစချီပါကို နိုင်ခဲ့သည်။

**ကောင်းမြတ်သူ**
**စုစည်းသည်**


**ဘာသာရေးသာသနာ့ဗိမာန်များ၏ [illegible]**

ဦးကျော်မြင့် + ဒေါ်တင်တင်ဦး (Hero Star Co.,Ltd) မိသားစုတို့မှ [illegible] (၂၂၂) [illegible] ဦးကျော်မြင့်၏ (၅၇) နှစ်မြောက် [illegible]

[illegible] (၁၅-၁-၂၀၁၄) [illegible] နံနက်(၉) နာရီမှ ညနေ(၁၂)နာရီ [illegible]

ဦးကျော်မြင့် + ဒေါ်တင်တင်ဦး (Hero Star Co.,Ltd)
[illegible]



# စုလျားရစ်ပတ်ထိမ်းမြားမင်္ဂလာကျေးဇူးတင်လွှာ

ရန်ကုန်မြို့နေ ဦးလှဦး-ဒေါ်သင်းလွင်လွင်တို့၏သားငယ်

**Capt. အောင်ဇေယျ**

**MASTER MARINER (F.G)**
**AP. MOLLER - MAERSK GROUP**
**AP. MOLLER SINGAPORE PTE., LTD.**

**နှင့်**

ရန်ကုန်မြို့နေ ဒေါက်တာမြတ်ခိုင်-ဒေါက်တာနွယ်နီဦးတို့၏
တစ်ဦးတည်းသောသမီး

**မခိုင်သင်းနွယ်ဦး**

**Electrical Engineer, TOSHIBA TEC SINGAPORE PTE., LTD.**
**M.Sc(Electronic), Final Year, NTU, SINGAPORE**
**B.Eng(Hons) (Electrical & Electronic Engineering), NTU SINGAPORE**
**Diploma in Mechatronics, Temasek Polytechnic SINGAPORE**

တို့၏ ၁၂-၁-၂၀၁၄ ရက် Sedona Hotel (Grand Ballroom) ၌ ကျင်းပပြုလုပ်ခဲ့သော စုလျားရစ်ပတ်ထိမ်းမြားမင်္ဂလာအခမ်းအနားတွင် စုလျားရစ်ပတ်ထိမ်းမြားခြင်းနှင့် မင်္ဂလာအောင်စံပယ်ပန်းကုံးချီးမြှင့်ပေးပါသော မကွေးဆေးတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာဝင်းမြတ်အေးနှင့်ဇနီး ဆေးတက္ကသိုလ်(၁) သားဖွားနှင့်မီးယပ် ပါမောက္ခ ဒေါက်တာမြသီတာအားလည်းကောင်း၊ မင်္ဂလာလက်ထပ်လက်စွပ်ချီးမြှင့်ပေးပါသော ဆေးတက္ကသိုလ်(၁) ဆီးနှင့်ကျောက်ကပ် ပါမောက္ခ ဒေါက်တာခင်မောင်ဌေးနှင့်ဇနီး ဒေါက်တာနုနုရီအားလည်းကောင်း၊ မင်္ဂလာအခမ်းအနားမှူး ဦးသိန်းလှမော်၊ မင်္ဂလာအခါတော်တေးသီဆိုပေးပါသော စိမ်းမို့မို့၊ တေးသီငှက်တေးဂီတအဖွဲ့တေးသံရှင်များ၊ မင်္ဂလာပန်းများကြဲဖြန့်ပေးပါသော မယမင်းအေးအားလည်းကောင်း၊ မင်္ဂလာအောင်စံပယ်ပန်းကုံး ကိုင်ဆောင်ပေးပါသော မသွယ်ဇင်မျိုး၊ မင်္ဂလာလက်စွပ်ဗန်းကိုင်ဆောင်ပေးပါသော မဟေမာန်ဦး၊ သတို့သားအရံများအဖြစ်ကူညီပေးပါသော ကိုသုအောင်ဇော်၊ ဒေါက်တာမြင့်သိန်းနိုင်၊ သတို့သမီးအရံများအဖြစ် ကူညီပေးပါသော မခိုင်ဇာနည်မေ၊ မသက်မွန်ဆန်းတို့အားလည်းကောင်း၊ မင်္ဂလာဝတ်စုံအား ဖန်တီးပေးပါသော မမဍူ (Zu Zu Collection) အားလည်းကောင်း၊ မိတ်ကပ်နှင့်ဆံပင်အလှဖန်တီးပေးပါသော မိတ်ကပ်စိုးစိုး၊ မေတ္တာဖြင့်လက်ဝတ်ရတနာများဆင်မြန်းပေးပါသော မဇင်မိုးကျော်(စိန်ပြည့်လျှံ) အားလည်းကောင်း၊ ဓာတ်ပုံနှင့်ဗီဒီယိုရိုက်ကူးပေးပါသော ဝဏ္ဏခွာနီး (Focus Daily)၊ ပန်းအလှပြင်ဆင်ပေးပါသော Eternal Flowers၊ မင်္ဂလာဖိတ်စာရိုက်နှိပ်ပေးသော Dagon ပုံနှိပ်တိုက်အားလည်းကောင်း၊ ၂၅-၁၂-၂၀၁၃ရက် Sedona Hotel(Exective Lounge, 11th Floor)၌ကျင်းပသောမင်္ဂလာမော်ကွန်းတင် လက်မှတ်ရေးထိုးပွဲအခမ်းအနားတွင် လက်မှတ်ရေးထိုးပေးသော ရန်ကုန်ခရိုင်တရားသူကြီး ဒေါ်ဌေးမြင့်အေး၊ အသိသက်သေများအဖြစ် လက်မှတ်ရေးထိုးပေးသော ဦးသောင်းကြိုင်၊ ဒေါက်တာဆွေဆွေလှိုင်၊ အခမ်းအနားမှူးအဖြစ် မေတ္တာဖြင့်ကူညီဆောင်ရွက်ပေးပါသော စာရေးဆရာကောင်းဆက်နိုင်တို့အားလည်းကောင်း၊ ၁၃-၁-၂၀၁၄ ရက် Inya Lake Hotel (Swimming Pool Side) ၌ကျင်းပသော Wedding Dinner တွင် အခမ်းအနားမှူးအဖြစ် မေတ္တာဖြင့် ကူညီပေးသော ကိုသုအောင်ဇော်၊ မခင်စန္ဒီဆွေ၊ မေတ္တာဖြင့် တေးသီချင်းများတီးခတ်ပေးပါသော ကိုသန်းစိုးလွင်(Bonnie)နှင့် ဇနီး မနော်၊ ကိုတင်မင်းထွဋ်၊ Evening Gown ကိုဖန်တီးပေးသော Designer ကိုမင်းသက်စံ (Sweet & Smart Fashion)အားလည်းကောင်း၊ မင်္ဂလာပွဲကိစ္စအဝဝကို လိုက်လံစီစဉ်ကြီးကြပ်ပေးသော ကိုသီဟအောင်နှင့် ဇနီးမလွင်လွင်သက်၊ ကိုနေမျိုးသူရနှင့်ဇနီးမလဲ့ကေခိုင်၊ ဝိုင်းဝန်းကူညီလုပ်ကိုင်ပေးသော မိတ်ဆွေသူငယ်ချင်းများအားလည်းကောင်း၊ Sedona Hotel နှင့် Inya Lake Hotel မှ ဝန်ထမ်းများနှင့် မင်္ဂလာပွဲကိုကြွရောက်ချီးမြှင့်ပေးပါသော ဂုဏ်သရေရှိ လူကြီးမင်းများနှင့် ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အားလည်းကောင်း၊ လူကိုယ်တိုင်မလာရောက်နိုင်သော်လည်း မင်္ဂလာလက်ဆောင်မွန်များပေးပို့ကြသောလူကြီးမင်းများနှင့် ကျေးဇူးတင်ထိုက်သူအားလုံးကို လှိုက်လှဲစွာ ကျေးဇူးဥပကာရတင်ရှိပါကြောင်း။

**နှစ်ဖက်သောမိဘများနှင့် မောင်အောင်ဇေယျ-မခိုင်သင်းနွယ်ဦး**

ကျောင်းသင်ခန်းစာ

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
# ပညာရေးဝန်ကြီးဌာန
# မြန်မာနိုင်ငံ ပညာရေးသုတေသနအဖွဲ့ဦးစီးဌာန
# နေပြည်တော်

ပြန်ကြားရေးဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာန မြန်မာနိုင်ငံပညာရေး သုတေသနအဖွဲ့ ဦးစီးဌာနတို့ပူးပေါင်း၍ တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုကြမည့် ကျောင်းသား ကျောင်းသူများအတွက် စာမေးပွဲအထောက်အကူပြု သိမှတ်ဖွယ်ရာ အင်္ဂလိပ်စာဘာသာသင်ခန်းစာကို ဖော်ပြလိုက်ပါသည်။

## တက္ကသိုလ်ဝင်စာမေးပွဲ သိမှတ်ဖွယ်ရာ အင်္ဂလိပ်စာ

တက္ကသိုလ်ဝင်စာမေးပွဲအတွက် အင်္ဂလိပ်စာ ဘာသာရပ်အတွက် စာကိုကျက်မှတ်ရာမှာ ပြဋ္ဌာန်းထားတဲ့ Grade 11 English Text ကို သေသေချာချာ လေ့လာကြဖို့ လိုပါတယ်။ ပြဋ္ဌာန်းထားတဲ့ English Text မှာ Unit (၁၄)ခု ပါရှိပါတယ်။

ကျောင်းသား ကျောင်းသူတွေအနေနဲ့ ဒီ Grade 11 English Text မှာပါတဲ့ Reading Section, Vocabulary Section, Grammar Section, Writing Section, နဲ့ Selected Poems တွေအားလုံးကို ကျေကျေညက်ညက်သိရှိထားကြဖို့လိုပါတယ်။

တက္ကသိုလ်ဝင်စာမေးပွဲ အင်္ဂလိပ်စာဘာသာရပ်အတွက် မေးခွန်းများဟာ ပြဋ္ဌာန်းစာအုပ်ကိုပဲ အခြေခံပြီး မေးမှာဖြစ်ပါတယ်။နှစ်တိုင်းမှာမေးတဲ့မေးခွန်းပုံစံတွေလိုပဲ မေးခွန်း (၉)ပုဒ်မေးမှာ ဖြစ်တယ်။

မေးခွန်းနံပါတ်(၁)ကတော့ English Text မှာပါတဲ့ Unit (၁၄)ခုထဲက စာပိုဒ်တစ်ပိုဒ်ကို ပေးထားပြီး၊ အဲဒီစာပိုဒ်မှာပါတဲ့ အကြောင်းအရာတွေကို မေးခွန်းအမျိုးအစား (၂)မျိုးနဲ့ မေးမှာဖြစ်တယ်။

Question No. 1(A) က Write the correct word or words to complete each sentence. ဖြစ်တယ်။ ပေးထားတဲ့ စာကြောင်းကို အဓိပ္ပာယ်ပြည့်စုံအောင် ကွက်လပ်ဖြည့်ပေးရမှာ ဖြစ်တယ်။ Item (၅)ခု မေးထားပြီး စာလုံးတစ်လုံး၊ ဒါမှမဟုတ် စကားစုတစ်စုနဲ့ ကွက်လပ်ကိုဖြည့်ရမှာ ဖြစ်တယ်။

သတိပြုရမှာက ပေးထားတဲ့ဝါကျရဲ့ တည်ဆောက်ပုံပေါ်မူတည်ပြီး သင့်လျော်သလို စကားလုံးတွေကို ပြောင်းရေးဖို့လိုချင်လိုလိမ့်မယ်။ ဥပမာ - စာပိုဒ်ထဲမှာ noun form သို့မဟုတ် adjective form နဲ့ရေးထားပေမယ့် ဖြည့်ရမယ့်ကွက်လပ်မှာ verb form ပြောင်းပြီးဖြည့်ချင်ဖြည့်ရမယ်။ စာပိုဒ်ထဲမှာ active verb form နဲ့ရေးထားပေမယ့် ဖြည့်ရမယ့်ကွက်လပ်မှာ passive verb form ပြောင်းပြီးဖြည့်ချင်ဖြည့်ရမယ်။

ဥပမာ စာပိုဒ်ထဲမှာ The organizers of a self-service store must deal with perishable foodstuffs requiring different ranges of temperature. လို့ ပေးထားပေမယ့်မေးခွန်းမှာ Perishable foodstuffs ——————— different ranges of temperature. လို့ ပေးထားရင် ဒီကွက်လပ်မှာ ဖြည့်ရမယ့်စကားလုံးက verb simple form ဖြစ်ရပါမယ်။ ဒါကြောင့် requiring ဆိုတဲ့ စာပိုဒ်ထဲက present participle နဲ့ ပေးထားတဲ့ စကားလုံးကို ဒီအတိုင်းပြန်ကူးရေးလို့မရပါဘူး။ အဖြေမှန်က require ဖြစ်ပါတယ်။

တစ်ခါတလေ verb form ဖြည့်ရတာဖြစ်ပေမယ့် active voice form ကနေ passive voice form ပြောင်းဖို့ လိုချင်ရင်လိုလိမ့်မယ်။ ဥပမာ Robots ထဲက စာကြောင်းတစ်ကြောင်းဖြစ်တဲ့ Robots are used in the process for the painting, welding and assembly of the cars. လို့ ပေးထားပေမယ့် မေးထားတဲ့စာကြောင်းက People ———— robots in the process for the painting, welding and assembly of the car. လို့ပေးထားတဲ့အတွက် ဒီစာကြောင်းမှာ သုံးရမယ့် verb က passive verb form မဟုတ်တော့ဘဲ active verb form ဖြစ်ရပါမယ်။ ဒါကြောင့် အဖြေမှန်က use ဖြစ်ပါတယ်။

Question No. 1(B) ကတော့ Answer each question in one sentence. ဖြစ်တယ်။ စာပိုဒ်ထဲမှာပါတဲ့ အကြောင်းအရာ အချက်အလက်တွေကိုမေးတဲ့ မေးခွန်း (၅)ခုမေးထားပြီး ဒီမေးခွန်းတွေကို ပေးထားတဲ့စာပိုဒ်ထဲကအဖြေရှာပြီး ပြည့်စုံတဲ့ဝါကျတစ်ကြောင်းနဲ့ အဖြေရေးပေးရမှာဖြစ်တယ်။ အမှတ်ပြည့်ရရှိဖို့အတွက် မေးခွန်းမှာမေးတဲ့အကြောင်းအရာ (content)ရော၊ သဒ္ဒါ (grammar) ပါ မှန်မှန်ကန်ကန်ဖြေနိုင်အောင် များများလေ့ကျင့်ထားဖို့ လိုပါတယ်။ ဥပမာ - စာပိုဒ်ထဲမှာ Jenny Tier Bishop sat before the mirror, turning her head from side to side. လို့ပေးထားပြီး While sitting before the mirror what did Jenny Tier Bishop do? လို့မေးရင်စာပိုဒ်ထဲမှာ ပေးထားတဲ့အတိုင်းပြန်မကူးဘဲ While sitting before the mirror, Jenny Tier Bishop turned her head from side to side. လို့ မှန်မှန်ကန်ကန်ပြန်ဖြေပေးမှသာ အမှတ်ပြည့်ရမှာဖြစ်တယ်။ Past tense နဲ့ မေးထားတဲ့အတွက် အဖြေကလည်း past tense verb ကိုပြန်သုံးရပါမယ်။

ပြဋ္ဌာန်းစာအုပ်ပါစာပိုဒ်များနဲ့ဆိုင်တဲ့ မေးခွန်းတွေကို အလွတ်ကျက်မှတ်တာထက် မေးခွန်းအမျိုးမျိုးကို ဖြေတတ်အောင် လေ့ကျင့်ထားဖို့လိုပါတယ်။ စာပိုဒ်ထဲက သက်ဆိုင်တယ်ထင်တဲ့ စာကြောင်းတွေကို တိုက်ရိုက်ကူးချပေးလိုက်တာမျိုးလည်း မပြုလုပ်ကြဖို့ သတိပေးချင်ပါတယ်။ မေးထားတာကို ဆီလျော်အောင် မှန်မှန်ကန်ကန် ပြန်ဖြေတတ်အောင် လေ့ကျင့်ထားဖို့လိုပါတယ်။

မေးခွန်းနံပါတ်(၂)မှာပေးထားတဲ့မေးခွန်းကတော့ Fill in each blank with a word from the list given. Write down only the number of the blank and the word that fills it. ဖြစ်ပါတယ်။ ဒီမေးခွန်းအတွက် ပြဋ္ဌာန်းစာအုပ်မှာပါတဲ့ Unit (၁၄)ခုထဲက စာပိုဒ်တစ်ပိုဒ်ကို (၈)လုံးမြောက်စကားလုံးတွေကို ကွက်လပ်လုပ်ထားပြီး မေးထားတယ်။ ကွက်လပ်ပေါင်း(၂၀)ရှိပြီး ဒီကွက်လပ်တွေကို ဖြည့်စွက်ဖို့ စကားလုံး(၂၀)ကိုလည်း စာပိုဒ်အပေါ်မှာ ပေးထားပါတယ်။ သတိပြုရမယ့်အချက်ကတော့ စာပိုဒ်ကြီး တစ်ပိုဒ်လုံးကို ပြန်ကူးရေးဖို့မလိုပါဘူး၊ ကွက်လပ်နံပါတ်နဲ့ အဖြေကိုသာ ရေးရမှာဖြစ်တယ်။ ဒီမေးခွန်းဟာ ကျောင်းသား ကျောင်းသူတွေရဲ့ အင်္ဂလိပ်စာတတ်မြောက်မှုကို ခြုံငုံစစ်ဆေးတာဖြစ်တယ်။ ဒီမေးခွန်းအတွက် ဘယ်လိုအမှားမျိုးကိုမှ လက်မခံကြောင်းလည်း သတိပြုမိကြဖို့ လိုပါတယ်။ ဥပမာအားဖြင့် capital letter နဲ့ရေးထားတာကို small letterနဲ့ ပြန်ရေးမိတာမျိုးမဖြစ်ဖို့၊ အနည်းကိန်း အများကိန်း မှားမသွားဖို့၊ plural number noun ဖြစ်ရမှာကို 's' ကျန်ခဲ့တာမျိုးမဖြစ်ဖို့ မှာချင်ပါတယ်။ ဒါကြောင့် စာလုံးကြီးနဲ့ စာလုံးသေး ကွဲပြားအောင်ရေးဖို့အပြင် စာလုံးပေါင်းမှန်အောင် ပြန်ရေးဖို့လည်းလိုပါတယ်။ ဒီမေးခွန်းဟာ ကျောင်းသားကျောင်းသူတွေရဲ့ reading skill ဆိုတဲ့ စာဖတ်ပြီးနားလည်နိုင်မှုစွမ်းရည်နဲ့ grammar ဆိုတဲ့ ဘာသာစကားရဲ့သဒ္ဒါကျွမ်းကျင်ပိုင်နိုင်မှုအပိုင်း နှစ်ပိုင်းစလုံးကို ဆန်းစစ်လိုတာဖြစ်လို့ စာပိုဒ်တွေကို အလွတ်ကျက်ဖို့ထက် စာပိုဒ်တွေကို နားလည်ပြီး grammar မှန်မှန်နဲ့ အဓိပ္ပာယ်ရှိတဲ့ ဝါကျတွေဖြစ်အောင် မေးထားတဲ့ကွက်လပ်တွေမှာ ပေးထားတဲ့ စကားလုံးတွေကို ဖြည့်နိုင်အောင်ကြိုးစားရမယ်။

မေးခွန်းနံပါတ်(၃)ကတော့ ကျောင်းသားကျောင်းသူတို့ရဲ့ အင်္ဂလိပ်စာတတ်ကျွမ်းမှုစွမ်းရည်အပြင် မှတ်သားနိုင်မှုစွမ်းရည်ကို စစ်ဆေးတဲ့ မေးခွန်းပုံစံဖြစ်တယ်။ Write the appropriate words or groups of words to complete the sentences or lines of verse. လို့မေးမှာဖြစ်တယ်။ Item (၁၀)ခု မေးထားပြီးတော့ ကွက်လပ်(၁၀)ခုကို ဖြည့်ပေးရမှာ ဖြစ်ပါတယ်။ ကွက်လပ် (၅)ခုက text မှာပါတဲ့ Unit (၁၄)ခုထဲက ကောက်နုတ်ချက်တွေဖြစ်ပြီး ကျန်ကွက်လပ်(၅)ခုကတော့ ကဗျာ(၇)ပုဒ်ထဲက ကောက်နုတ်ချက်တွေ ဖြစ်တယ်။ ဒီမေးခွန်းဟာ ကျောင်းသား ကျောင်းသူတွေရဲ့ သင်ယူထားတဲ့ အချက်အလက်တွေနဲ့ ကဗျာတွေကို နားလည်မှတ်သားပြီးပြန်ပြီးရေးသားတင်ပြနိုင်မှု စွမ်းရည်ရှိမရှိကို စစ်ဆေးတာဖြစ်တယ်။ တိတိကျကျ ပြန်လည်ဖော်ပြတာကိုပဲ လိုချင်တဲ့အတွက် စာလုံးပေါင်းမှားယွင်းမှုမရှိအောင် သတိထားကြဖို့လိုပါတယ်။ ကွက်လပ်တွေကို ဖြည့်တဲ့နေရာမှာ စကားလုံးတစ်လုံးတည်း ဖြည့်ရတာရှိသလို စကားစုတစ်စု ဖြည့်ရတာမျိုးလည်းရှိတာကို သတိပြုဖို့လိုပါတယ်။

စကားလုံးတစ်လုံးတည်း ဖြည့်ရတာရှိသလို စကားစုတစ်စု ဖြည့်ရတာမျိုးလည်းရှိတာကို သတိပြုဖို့လိုပါတယ်။

နမူနာပြရမယ်ဆိုရင်

1. Looking good does not mean making yourself into —————— of a famous pop star.
2. Bangkok is the capital of Thailand and is regarded as a —————— paradise.
3. The little frog became a bird, And slowly ——————

ဆိုတဲ့မေးခွန်းတွေကို ကြည့်မယ်ဆိုရင် နံပါတ်(၁)မှာ a carbon copy ဆိုတဲ့ စကားလုံးသုံးလုံးလိုပေမယ့် နံပါတ် (၂) မှာတော့ shopper's ဆိုတဲ့စကားလုံး တစ်လုံးတည်းလိုမှာဖြစ်တယ်။ နံပါတ် (၃)မှာဆိုရင် အဖြေက flew away စကားလုံးနှစ်လုံး လိုမှာဖြစ်တယ်။ ဒါကြောင့် ကွက်လပ်တစ်ခုတည်းရှိလို့ စကားလုံးတစ်လုံးတည်းပဲ ထည့်ရမယ်လို့ မှတ်လို့မရပါဘူး။

မေးခွန်းနံပါတ် (၄)ဟာ ပြဋ္ဌာန်းစာအုပ်ကို ကျေကျေညက်ညက်လေ့လာထားမှု ရှိ မရှိ စစ်ဆေးနိုင်ဖို့ မေးခွန်း (၅)ခု မေးထားပါတယ်။

မေးခွန်း နံပါတ်(၄)ရဲ့ item 1 နဲ့ item 2 ကတော့ text မှာပါတဲ့ Unit (၁၄)ခုထဲက ကောက်နုတ်မေးထားတာပဲဖြစ်တယ်။ ဒီမေးခွန်းနှစ်မျိုးစလုံးမှာ choices ပေးထားပါတယ်။ OR ခံထားတဲ့မေးခွန်းထဲက ကြိုက်ရာတစ်ပုဒ်ကို ရွေးဖြေကြရမှာဖြစ်တယ်။ ကျောင်းသားကျောင်းသူများဟာ အချက်အလက်ရော သဒ္ဒါပါမှန်ကန်တဲ့ အဖြေစာကြောင်းများနဲ့ ဖြေကြားရမှာဖြစ်ပါတယ်။

ဥပမာ

IV. 1. What could robots used in factories do if there were any problems? (OR)

Among which age group is sleepwalking most common and when do they grow out of it? လို့ နံပါတ်(၁)မှာ မေးတယ်ဆိုပါစို့။

ပထမမေးခွန်းကို ရွေးပြီးဖြေမယ်ဆိုရင် အဖြေက Robots used in factories could ring up the/ their supervisor and ask for help. ဒုတိယမေးခွန်းကို ရွေးပြီးဖြေမယ်ဆိုရင် အဖြေက Sleepwalking is most common among children and they grow out of it when they become adolescents. ဖြစ်ပါတယ်။ ဒီမေးခွန်းတွေကို မှန်မှန်ကန်ကန်ဖြေဆိုနိုင်ဖို့ Unit (၁၄)ခု စလုံးမှာပါတဲ့ အကြောင်းအရာတွေကို အသေးစိတ်ဖတ်ပြီး မှတ်သားထားဖို့လိုပါတယ်။

ဒီမေးခွန်းနံပါတ် (၄)ရဲ့ item 3 နဲ့ item 4 မှာ မေးလေ့ရှိတဲ့ မေးခွန်းပုံစံတွေထဲက ပထမတစ်မျိုးကတော့ Who said these words and to whom were they said? What is the title of the unit from which the sentence is taken?

ဥပမာ Who said these words and to whom were they said? What is the title of the unit from which the sentence is taken?

"Soon after the two of you left, I built a fire." လို့ မေးခဲ့ရင်အဖြေက The man of music and dancing said these words to his friends, the philosopher and the medico. The sentence is taken from (the story) "Too Much Knowledge Maketh Fools." ဖြစ်ပါတယ်။

မေးနိုင်တဲ့အလားတူ မေးခွန်းပုံစံနောက်တစ်မျိုးကတော့ What is the title of the unit from which the sentence is taken? What does the word underlined in the sentence refer to? အဲဒီစာကြောင်းထဲမှာ it တို့ we တို့ they တို့ စသဖြင့် pronoun တွေပါခဲ့ရင် အဲဒါတွေဟာ ဘာကိုညွှန်းတယ်ဆိုတာ အဖြေဝါကျထဲမှာ သဲသဲကွဲကွဲ ဖော်ပြဖြေဆိုရမှာဖြစ်တယ်။ ဥပမာ What is the title of the unit from which the sentence is taken? What does the word underlined in the sentence refer to?

The female mosquito locates her human targets by following the carbon dioxide that we exhale. လို့မေးရင် အဖြေကThe title of the unit from which the sentence is taken is 'Mosquito: Getting to know the enemy.' The word underlined in the sentence refers to 'the mosquito's.'လို့ဖြေရပါမယ်။

ဒါမှမဟုတ် နောက်တစ်မျိုးမေးနိုင်တာကတော့ What is the title of the unit from which the sentence is taken? What does the following sentence mean? ဆိုတဲ့ မေးခွန်းမျိုးဖြစ်တယ်။ ဥပမာ What is the title of the unit from which the sentence is taken? What does the following sentence mean?

To my ears it sounded so much like the rhythmic beats of music coming from a drum that I started dancing to it? လို့ မေးလာရင် အဖြေကThe title of the unit from which the sentence is taken is 'Too Much Knowledge Maketh Fools'. The sentence means that the bubbling noise of the boiling rice sounded so much like the regular repeated pattern of music which comes from a drum to the man of music and dancing that he started dancing to the bubbling noise of the boiling rice. လို့ဖြေရပါမယ်၊ ဒီအဖြေက နမူနာအဖြေသာ ဖြစ်တယ်။ ဒီစာကြောင်းရဲ့ ဆိုလိုရင်းကို ပေါ်လွင်စေတဲ့ သဒ္ဒါမှန်တဲ့ ဘယ်အဖြေကိုမဆို လက်ခံပါတယ်။ မေးခွန်းရဲ့ ဒုတိယအပိုင်းဖြစ်တဲ့ What does the following sentence mean? ဆိုတဲ့မေးခွန်းမှာ Unit (၁၄)ခုထဲက စာကြောင်းတစ်ကြောင်းကို ထုတ်နုတ်ပြထားပြီး အဲဒီစာကြောင်းရဲ့ဆိုလိုရင်းကို မေးတာဖြစ်တယ်။

ဒီမေးခွန်းနံပါတ် (၄)ရဲ့ item 5 ကတော့ ကဗျာတွေထဲက စာကြောင်းနှစ်ကြောင်းလောက်ကို ပေးထားပြီး ဆိုလိုရင်းအဓိပ္ပာယ်ကို ရေးခိုင်းတာပဲဖြစ်တယ်။ What do these lines mean? လို့မေးမှာဖြစ်တယ်။ ဒီမေးခွန်းကို ဖြေနိုင်ဖို့ကတော့ ပြဋ္ဌာန်းထားတဲ့ ကဗျာတွေရဲ့အဓိပ္ပာယ်ကို နားလည်သိရှိထားဖို့လိုပါတယ်။ ကဗျာကိုအဓိပ္ပာယ်ဖွင့်ဆိုတဲ့အခါမှာ၊ ဆိုလိုရင်းအဓိပ္ပာယ်ရော၊ သဒ္ဒါရော မှန်ရပါမယ်။

ဥပမာ What do these lines mean?

I shot an arrow into the air –
It fell to earth, I knew not where;

စာမျက်နှာ (၁၆) သို့

## ကျောင်းသင်ခန်းစာ

**စာမျက်နှာ (၁၅) မှ**

ဆိုတဲ့ကဗျာထဲကစာကြောင်း ၂ ကြောင်းကို ပေးထားတယ် ဆိုပါစို့။ အဲဒီကဗျာ၂ ကြောင်းရဲ့ စကားပြေကို ပြန်ပေးရမှာဖြစ်ပါတယ်။

မေးခွန်းနံပါတ်(၅)က မေးခွန်းနံပါတ်(၁) Bလိုပဲ Unit (၁၄)ခုထဲက စာပိုဒ်တစ်ပိုဒ်ပေးထားပြီး မေးခွန်း(၅)ခုကို ဖြေပေးရမှာဖြစ်တယ်။ ဒီမေးခွန်းတွေကို ကောင်းကောင်းဖြေဆိုနိုင်ဖို့အတွက် ပြဋ္ဌာန်းစာအုပ်ကို ကျေကျေညက်ညက်ဖတ်ပြီးအဓိပ္ပာယ်သိရမယ်။ အကြောင်းအရာနဲ့ သဒ္ဒါမှန်ကန်တဲ့ဝါကျတွေ တည်ဆောက်တတ်အောင်လည်း များများလေ့ကျင့်ထားရပါမယ်။ ဒီမေးခွန်းတွေက (၂) မှတ်တန် မေးခွန်းတွေဖြစ်ပေမယ့် မဖြေနိုင်ဘူးဆိုပြီး မဖြေဘဲမထားခဲ့ပါနဲ့။ အဖြေတစ်ဝက်လောက်မှန်ရင်လည်း အမှတ်တစ်ဝက်လောက်ရပါတယ်။ ဥပမာ၊ Preventing malaria includes a variety of measures: wearing protective clothing, using repellents and sleeping under bed nets treated with insecticides. လို့ပေးထားပြီး How can we prevent malaria? လို့မေးရင် စာပိုဒ်ထဲမှာပေးထားတဲ့အတိုင်း ပြန်မကူးဘဲ We can prevent malaria by wearing protective clothing, using repellents and sleeping under bed nets treated with insecticides. လို့ မှန်မှန်ကန်ကန် ပြန်ဖြေပေးမှသာ အမှတ်ပြည့်ရမှာဖြစ်တယ်။

မေးခွန်းနံပါတ်(၆) ကတော့ Punctuation နဲ့ဆိုင်တဲ့မေးခွန်းဖြစ်ပါတယ်။ Punctuate the following လို့မေးမှာဖြစ်တယ်။ capital, comma, semi-colon, colon, full stop, question mark, open and close inverted commas, exclamation mark, apostrophe တွေကို မှန်မှန်ကန်ကန် သုံးစွဲတတ်၊ မတတ် စစ်ဆေးမှာဖြစ်တယ်။ ဒီနံပါတ် (၆)မှာ ပြဋ္ဌာန်းစာအုပ်ထဲက စာကြောင်းတွေကို မေးလေ့ရှိပေမယ့် ပြဋ္ဌာန်းစာအုပ်ထဲမှာ မပါတဲ့ဝါကျတွေကိုလည်း မေးနိုင်တယ်။ အဓိကကတော့ Punctuation တွေကို ဘယ်လိုသုံးရမလဲဆိုတာသိဖို့ အရေးကြီးတယ်။ သတိပေးချင်တာကတော့ Punctuation မေးခွန်းအတွက် အလွတ်ကျက်ဖို့မလိုပါဘူး။ လေ့ကျင့်ခန်းများများလုပ်ပေးဖို့လိုပါတယ်။ ဥပမာအားဖြင့် ဝါကျရဲ့အစ စကားလုံးတို့၊ လူနာမည်တို့ကို capital letter နဲ့ရေးဖို့၊ ဝါကျအဆုံးမှာ အဆိုဝါကျဖြစ်ရင် full stop သုံးဖို့၊ လူတစ်ဦးတစ်ယောက်ကပြောတဲ့ စကားလုံးတွေကို ပေးထားရင် အဲဒီစကားလုံးတွေရဲ့ အစနဲ့အဆုံးမှာ inverted commas တွေသုံးဖို့ သိရပါမယ်။

ဥပမာ ဖတ်စာအုပ်ထဲမှာပေးထားတဲ့ စာကြောင်းတစ်ကြောင်းကို ကြည့်ရအောင် she is different i said she has manners but she doesnt have language ဒီစာကြောင်းကိုကြည့်ရင် direct speech နဲ့ရေးထားတဲ့ ဝါကျဖြစ်တယ်။ ပြောတဲ့သူက first person pronoun ဖြစ်တဲ့ "I" ဖြစ်လို့ Capital letter နဲ့ရေးရပါမယ်။ သူ့ရဲ့နောက်ကလိုက်တဲ့ introductory verb 'said' ရဲ့နောက်မှာ comma ( , ) ရှိရပါမယ်။ I ကပြောတဲ့ အကြောင်းအရာနှစ်ခုက I ရဲ့ တစ်ဖက်တစ်ချက်မှာ ရှိနေတာတွေ့ရပါမယ်။ I ကပြောတဲ့စကားလုံးတွေက she is different နဲ့ she has manners but she doesn't have language ဖြစ်လို့ I ကပြောတဲ့ စကားတွေရဲ့ အစမှာ open inverted commas ( " ) ရှိပြီး သူပြောတဲ့စကားတွေရဲ့အဆုံးမှာ close inverted commas ( " ) ရှိရပါမယ်။

She is different ဆိုတဲ့ I က ပြောတဲ့ ပထမအကြောင်းအရာရဲ့ နောက်မှာလည်း ဝါကျမဆုံးသေးလို့ comma ရှိရပါမယ်။ ဝါကျရဲ့ ဒုတိယပိုင်းကိုကြည့်မယ်ဆိုရင်နှစ်ပိုင်းပါတာကို တွေ့ရပါမယ်။ she has manners နဲ့ but she doesn't have language တို့ဖြစ်ပါတယ်။ ဒီအပိုင်း နှစ်ပိုင်းကို but ဆိုတဲ့ sentence connector နဲ့ဆက်ထားလို့ but ဆိုတဲ့ sentence connector ရဲ့ရှေ့မှာ comma ( , ) ရှိရပါမယ်။ ဆက်ပြီးကြည့်မယ်ဆိုရင် doesnt ဆိုတဲ့ စကားလုံးဟာ spelling မမှန်ပါဘူး ။ does နဲ့ not ကိုအတိုကောက် (contracted form) နဲ့ ရေးတာဖြစ်လို့ 'n' နဲ့ 't' ကြားမှာ apostrophe (') ရှိရပါမယ်။ ပြီးတော့ ဝါကျရဲ့အစတွေကို capital letter နဲ့စပြီးရေးရမှာဖြစ်ပြီး ဝါကျရဲ့အဆုံးမှာ full stop ရှိရပါမယ်။ ဒီပေးထားတဲ့ဝါကျကို ကြည့်မယ်ဆိုရင် punctuation marks စုစုပေါင်း (၁၂)ခုလိုပါတယ်။

မေးခွန်းနံပါတ်(၇)မှာ အပိုင်း ၂ ပိုင်း ပါဝင်ပါတယ်။

မေးခွန်းနံပါတ်(၇)ပထမပိုင်း VII A က Stylistic Transformation လို့ခေါ်ပါတယ်။ Finish each sentence in such a way that it means exactly the same as the sentence that is given လို့ မေးမှာဖြစ်တယ်။ ပေးထားတဲ့စာကြောင်း(၁၀)ကြောင်းကို အဓိပ္ပာယ်မပြောင်းလဲစေဘဲ ပြန်ရေးပေးရမှာဖြစ်တယ်။ ပြဋ္ဌာန်းစာအုပ်ထဲမှာ ဒီလို အဓိပ္ပာယ်မပြောင်းလဲဘဲ တည်ဆောက်ပုံမတူတဲ့ဝါကျတွေ Grade 10 မှာရော Grade 11 ပြန်ရေးခိုင်းတဲ့ လေ့ကျင့်ခန်းတွေ အများကြီး ပေးထားတဲ့အတွက် အဲဒီ Grammar Exercise တွေ များများလုပ်ရင် ဒီအပိုင်းကို ကောင်းကောင်းဖြေဆိုနိုင်ကြမှာ ဖြစ်တယ်။

မေးခွန်း(၇)ရဲ့ ဒုတိယပိုင်း VII B ကတော့ paragraph writing ဖြစ်တယ်။ ပေးထားတဲ့ prompts များကိုသုံးပြီး စာပိုဒ်တိုလေးတစ်ပိုဒ်ရေးရမှာ ဖြစ်တယ်။ ကြိုတင်ပြင်ဆင်ရေးသားထားတာတွေကို ဘာမှမစဉ်းစားဘဲ ချရေးတာမျိုး မလုပ်ပါနဲ့။ မေးခွန်းက Using the prompts given, write a very short paragraph on:-ဆိုပြီး ရွေးစရာ (၂)ပုဒ် ပေးပါမယ်။ ကိုယ်ပိုင်တဲ့တစ်ပုဒ်ကို ရွေးပြီး ရေးပါ။ မလိုတာတွေထည့်မရေးပါနဲ့။ Write a short paragraph ဆိုတာကို သတိပြုပါ။ ပေးထားတဲ့ prompts အားလုံးကို ပြန်သုံးပြီး ရေးရမှာမို့လို့ ကိုယ်ပိုင်ဝါကျတွေ တည်ဆောက်တတ်အောင် လေ့ကျင့်ထားကြပါ။ Question VII B. ကို ဖြေတဲ့အခါမှာ ကျောင်းသား၊ကျောင်းသူ တော်တော်များများက အားနည်းတာကို တွေ့ရတယ်။ ပေးထားတဲ့ prompts တွေနဲ့ သဒ္ဒါမှန်တဲ့ ဝါကျတွေ ဆောက်တတ်ဖို့လိုတယ်။ ဥပမာ Dengue Fever အကြောင်းကို ရေးခိုင်းတယ်ဆိုပါစို့။ ပေးထားတဲ့ prompts တွေက

- Dengue fever – viral disease – carried – Aedes mosquito
- Disease occurs mainly – tropical – subtropical regions လို့ ပေးထားတယ်ဆိုပါစို့။

ပထမဝါကျမှာ dengue fever ဟာ viral disease ဖြစ်တယ်လို့ အဓိပ္ပာယ်ရလို့ ဖြစ်ခြင်းကိုပြတဲ့ verb to be ဖြစ်တဲ့"is" ကိုသုံးရပါမယ်။ ပြီးတော့ အဲဒါဝါကျမှာ viral disease ဟာ singular noun ဖြစ်လို့ article 'a' ထည့်ပေးရမယ်။ ပြီးတော့ dengue fever ကို Aedes ခြင်က သယ်ဆောင်တာဖြစ်လို့ which is carried by Aedes mosquito လို့ရေးရပါမယ်။ ဒီနေရာမှာ which ဆိုတဲ့ relative pronoun နဲ့ verb to be ဖြစ်တဲ့ is ကို ထားခဲ့ရင်လည်းပဲ ရပါတယ်။ ဒီအပိုင်းကို passive voice နဲ့ ရေးထားတဲ့အတွက် ပြုလုပ်သူ (agent) ဖြစ်တဲ့ Aedes mosquito ရှေ့မှာ by ထည့်ဖို့ လိုပါမယ်။ ပြီးတော့ Aedes mosquito ဆိုတာ ခြင်အမျိုးအစားတစ်မျိုးရဲ့ ကိုယ်ပိုင်နာမည်ဖြစ်လို့ အဲဒီအမည်ရဲ့ရှေ့မှာ definite article 'the' လိုပါမယ်။

ဒါကြောင့် Dengue fever – viral disease – carried – Aedes mosquito ဆိုတဲ့ prompts တွေကို ပြန်ရေးရာမှာ Dengue fever is a viral disease, (which is) carried by the Aedes mosquito လို့ ပြန်ရေးရပါမယ်။

နောက်တစ်ကြောင်းကို ရေးပြရမယ်ဆိုရင်ပေးထားတဲ့ prompts တွေက disease occurs mainly – tropical – subtropical regions ဖြစ်ပါတယ်။ ဒီဝါကျကိုကြည့်မယ်ဆိုရင် disease ဆိုတဲ့စကားလုံးနဲ့ စတာဖြစ်ပေမယ့် ပထမဝါကျမှာနိဒါန်းပျိုးပြီးသားဖြစ်တဲ့ dengue fever အကြောင်းကို ပြောတာဖြစ်လို့ definite article 'the' လိုပါမယ်။ ပြီးတော့ ဒီရောဂါဟာ tropical နဲ့ subtropical ဒေသတွေမှာ ဖြစ်တဲ့အတွက် နေရာကို ဖော်ပြဖို့ in ဆိုတဲ့ preposition လိုပါမယ်။ ပြီးတော့ နေရာဒေသနှစ်ခုအကြောင်းကိုပြောလို့ tropical နဲ့ subtropical ကို and ဆိုတဲ့ conjunction နဲ့ ဆက်ရပါမယ်။ ဒါကြောင့် disease occurs mainly – tropical – subtropical regions ဆိုတဲ့ prompts တွေကို ပြန်ရေးရာမှာ The disease occurs mainly in tropical and subtropical regions. လို့ ပြန်ရေးရပါမယ်။

ဒီလို prompts တွေကိုသုံးပြီး ဝါကျဖြစ်အောင် ပြန်ရေးရာမှာ article တွေဖြစ်တဲ့ "a" တို့ "an" တို့ "the" တို့လိုရင် ထည့်ရမယ်။ verb to be ဖြစ်တဲ့ "am" တို့ "is" တို့ "are" တို့လိုရင် ထည့်ပေးရမယ်။

မေးခွန်းနံပါတ်(၈)ကတော့ letter writing ဖြစ်ပါတယ်။ ပေးထားတဲ့ မေးခွန်း(၃)ပုဒ်ထဲက ကြိုက်ရာတစ်ပုဒ်ပဲ ဖြေရပါမယ်။ ဒီမေးခွန်းကို ဖြေဆိုတဲ့အခါ သတိပြုရမယ့် အချက်တွေကတော့ ပေးထားတဲ့ ညွှန်ကြားချက်တွေကို သေသေချာချာဖတ်ဖို့ပဲ ဖြစ်တယ်။ ဒီနေရာမှာ - (၁)စာရေးမယ့်သူက ဘယ်သူလဲဆိုတာ သိဖို့လိုပါတယ်။ (၂) ဘယ်သူ့ဆီကို ရေးရမလဲဆိုတာ ကြည့်ပါ။ (၃) ဘာအကြောင်းအရာရေးရမလဲဆိုတာအရင် သေသေချာချာဖတ်ပါ။ ရေးခိုင်းတဲ့ အကြောင်းအရာ တစ်ချက်လား၊ နှစ်ချက်လားဆိုတာ သေသေချာချာဖတ်ပြီးမှ ရေးဖို့လိုပါတယ်။ အရေးကြီးတဲ့ အချက်တစ်ချက်ကတော့ မေးခွန်းမှာ စာရေးသူ (addresser) နဲ့ စာလက်ခံရရှိမယ့်သူ (addressee) တွေရဲ့ နာမည်ကို ပေးထားပြီးသားဖြစ်တယ်။ ဒါကြောင့် ကိုယ်ဟာ ဘယ်သူဘယ်ဝါ ဖြစ်တယ်၊ ဘယ်ကျောင်းဘယ်မြို့နယ်ကဖြစ်တယ် ဆိုတာ လုံးဝထည့်မရေးဖို့ အထူးသတိပေးချင်ပါတယ်။

နမူနာမေးခွန်းတစ်ပုဒ်ကိုကြည့်ကြရအောင်၊ You are Bo Bo. You live at No.1, Pagoda Road, Pyay. Write a letter to your friend Aung Aung who lives in Bago, telling him about the school activities you participated in and how useful they are for students.

ဒီမေးခွန်းကိုကြည့်ရင် စာရေးမယ့်သူက Bo Bo ဖြစ်တယ်။ ဘယ်သူ့ဆီကို ရေးမလဲဆိုတော့ Aung Aung ဆီကို ရေးရမှာဖြစ်လို့ Dear Aung Aung လို့စရေးမယ်။ ပြီးတော့ ရေးခိုင်းတဲ့အကြောင်းအရာကို ကြည့်မယ်ဆိုရင် telling him about the school activities you participated in နဲ့ how useful they are for students ဆိုတဲ့ အကြောင်းအရာနှစ်ချက် ပါတဲ့အတွက်ကြောင့် နှစ်ချက်လုံးပါအောင်ရေးမှသာ အမှတ်ကောင်းကောင်းရမှာဖြစ်တယ်။ အလွတ်ကျက်ထားတဲ့ စာတွေကို ရေးပေးလိုက်တာမျိုး မလုပ်ပါနဲ့။ ရေးရမယ့်အကြောင်းအရာကို မသိဘဲ အလွတ်ကျက်ထားတာအားလုံး ချရေးပြီး ဖြေတာမျိုးဟာ အမှတ်ကောင်းကောင်း မရနိုင်ပါဘူး။ လိုရင်းအချက် အားလုံးပါမှ အမှတ်ကောင်းကောင်းရမယ်။

မေးခွန်းနံပါတ်(၉) ကတော့ essay writing ဖြစ်ပါတယ်။ ပေးထားတဲ့ ခေါင်းစဉ်(၃)ခုထဲက ကြိုက်ရာတစ်ခုကို ရေးရမှာ ဖြစ်တယ်။ တက္ကသိုလ်ဝင်စာမေးပွဲအဆင့်မှာ စာစီစာကုံးနဲ့ ပေးစာတွေကို ကောင်းအောင်ရေးနိုင်ဖို့

(၁) Organization- ဖွဲ့စည်းပုံ ကောင်းခြင်း။ အကြောင်းအရာအချက်အလက်တွေကို နိဒါန်း၊ စာကိုယ်၊ နိဂုံးစသည်ဖြင့် အစီအစဉ်ကျကျ ရေးနိုင်ခြင်းဖြစ်တယ်။

(၂) Relevancy- သက်ဆိုင်မှုရှိခြင်း။ မိမိရေးရမယ့် အကြောင်းအရာနဲ့ သက်ဆိုင်တာကိုပဲ ရေးရမှာ ဖြစ်တယ်။ လုံးဝသက်ဆိုင်မှုမရှိတဲ့ အကြောင်းအရာတွေကိုရေးခဲ့ရင် သက်ဆိုင်မှု မရှိဘူးလို့ သတ်မှတ်မှာဖြစ်လို့ အမှတ်မရနိုင်ဘူး။

(၃) Content- အချက်အလက်မှန်ကန်ပြည့်စုံခြင်း။ ရေးရမယ့် အကြောင်းအရာနဲ့ စပ်လျဉ်းတဲ့အချက်အလက်နဲ့ ဥပမာတွေကို ပြည့်ပြည့်စုံစုံ ထည့်သွင်းရေးသားနိုင်ဖို့ လိုပါတယ်။

(၄) Language- အသုံးအနှုန်း မှန်ကန်ခြင်း။ သုံးတဲ့စကားလုံးဝေါဟာရတွေမှန်ခြင်း၊ ကောင်းခြင်း၊ လှခြင်း၊ ကြွယ်ဝခြင်းနဲ့ သဒ္ဒါမှန်မှန်၊ ဝါကျဖွဲ့စည်းပုံ မှန်မှန်နဲ့ ဝါကျအမျိုးမျိုး ရေးတတ်ခြင်းတို့ ဖြစ်တယ်။

(၅) Presentation- တင်ပြပုံကောင်းခြင်း။ ရေးတဲ့အကြောင်းအရာကို စာဖတ်သူ ဖတ်လို့ကောင်းအောင် ဖွဲ့နွဲ့တင်ပြနိုင်စွမ်းရှိရပါမယ်။

ပေးစာရေးရာမှာဖြစ်ဖြစ်၊ စာစီစာကုံးရေးရာမှာပဲဖြစ်ဖြစ် မလိုအပ်ဘဲ အလွန်ရှည်လျားတဲ့ စာတွေ၊ စာစီစာကုံးတွေကို တချို့ကျောင်းသားတွေရေးတာကို တွေ့ရပါတယ်။ ပေးစာများကို ၅ မျက်နှာ ၆ မျက်နှာလောက်ရေးခြင်း၊ စာစီစာကုံးကိုလည်း ၁၀ မျက်နှာ ၁၂ မျက်နှာလောက်ရေးပြီး ရေးတဲ့အကြောင်းအရာတွေ ကျစ်လျစ်ထိမိမှုမရှိခြင်း၊ ဆက်စပ်မှုမရှိခြင်းတို့ကို တွေ့ရပါတယ်။ အကြောင်းအရာတွေကို မနိုင်မနင်း အဆက်အစပ်မရှိဘဲ ထပ်ခါတလဲလဲ ရေးတာမျိုးကိုလည်း ရှောင်ကြဉ်ကြပါ။ မေးထားတဲ့ အကြောင်းအရာက တစ်ချက်လား နှစ်ချက်လားဆိုတာ သေသေချာချာဖတ်ပါ။

ဥပမာ Places of recreation in Myanmar ဆိုတဲ့ စာစီစာကုံးရေးခိုင်းရာမှာ မြန်မာနိုင်ငံမှာရှိတဲ့ အပန်းဖြေနိုင်တဲ့ နေရာများလို့ ပြောတဲ့အတွက် အပန်းဖြေနေရာ တစ်ခုထက်မက ရေးမှ အမှတ်ကောင်းကောင်း ရမှာဖြစ်တယ်။ Places of recreation လို့ ပြောတဲ့အတွက် နေရာတစ်နေရာတည်းအကြောင်းကိုပဲရေးရင် အမှတ်ကောင်းကောင်း မရနိုင်ပါဘူး။ တက္ကသိုလ်ဝင် စာမေးပွဲကို ဖြေဆိုကြမယ့် ကျောင်းသား ကျောင်းသူတွေကို အထူးမှာချင်တာကတော့ ပြဋ္ဌာန်း စာအုပ်မှာပါတဲ့ unit (၁၄)ခုလုံးက စာပိုဒ် passages တွေကို တစ်ခုမကျန် သေသေချာချာ ဖတ်ရှုမှတ်သားဖို့၊ ပေးထားတဲ့ လေ့ကျင့်ခန်းတွေကို များများပြုလုပ်ကြဖို့၊ ကဗျာတွေကိုလည်း ရွတ်ဆိုနိုင်ရုံသာမက၊ အဓိပ္ပာယ်ဖွင့်ဆိုတတ်အောင် ကြိုးစားဖို့လိုပါတယ်။ ဒါမှ တက္ကသိုလ်ဝင်စာမေးပွဲကို ထူးထူးချွန်ချွန်နဲ့ ဖြေဆိုအောင်မြင်နိုင်မှာ ဖြစ်တယ်။ တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုကြမယ့် ကျောင်းသား ကျောင်းသူအားလုံး မိမိတို့ကျက်မှတ်ရမယ့် စာတွေကို ကြိုးကြိုးစားစား ကျက်မှတ်လေ့လာပြီး အောင်မြင်မှု ရရှိနိုင်ကြပါစေ။ ။

**အင်းစိန်မြို့နယ် ရွာမအနောက်ရပ်ကွက် နယ်မြေ ၅၊ ၆၊ ၇ ရှိ သုခလမ်း၊ မြို့ပတ်လမ်း၊ ကျောင်းလမ်းတို့၏ လျှပ်စစ်မီးတိုင်များမှ ဟောင်းနွမ်းသောကြိုးများ အသစ်လဲလှယ် တပ်ဆင်ခြင်းလုပ်ငန်းများကိုဇန်နဝါရီ ၈ ရက်က အင်းစိန်မြို့နယ် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့မှဝန်ထမ်းများတပ်ဆင်လဲလှယ်နေစဉ်။**

**မြင့်ဦး(အင်းစိန်)**

## အသေးစား ချေးငွေလုပ်ငန်း ရှင်းလင်း

**ခန္တီး ဇန်နဝါရီ ၁၅**

ခန္တီးမြို့နယ် သမဝါယမဦးစီးဌာန၌ ဇန်နဝါရီ ၁၀ ရက် နံနက် ၁၀ နာရီက သမဝါယမအသင်းများ ဖွံ့ဖြိုးတိုးတက်ရေးနှင့်အသေးစားချေးငွေလုပ်ငန်းဆိုင်ရာ ရှင်းလင်းပွဲကျင်းပရာ စစ်ကိုင်းတိုင်းဒေသကြီး သမဝါယမဦးစီးဌာနမှ ဦးစီးအရာရှိ ဦးကျော်ဝင်းက သမဝါယမအသင်းများ အနေဖြင့် ဆောင်ရွက်ရမည့်ကိစ္စရပ်များ၊ အသေးစားချေးငွေလုပ်ငန်းများ စနစ်တကျဆောင်ရွက်ကြရန်နှင့် ရရှိသောချေးငွေများကို မိမိတို့၏လုပ်ငန်းများတွင် ထိထိရောက်ရောက်အသုံးပြုရန်လိုအပ်ကြောင်း ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

## အရန်မီးသတ်တပ်ဖွဲ့ဝင်များအား တူညီဝတ်စုံပေးအပ်

**မြို့သစ် ဇန်နဝါရီ ၁၅**

မကွေးခရိုင် မြို့သစ်မြို့နယ် ပြည်ထဲရေးဝန်ကြီးဌာန မီးသတ်ဦးစီးဌာနက ထောက်ပံ့သည့် တူညီဝတ်စုံပေးအပ်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၁၀ ရက် နံနက် ၉ နာရီက မြို့ နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ကျင်းပသည်။

အဆိုပါ တူညီဝတ်စုံများကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်၊ မြို့နယ်ရဲတပ်ဖွဲ့မှူးနှင့် မြို့နယ်မီးသတ်ဦးစီးဌာနမှူးတို့က ရပ်/ကျေး(၅၂)အုပ်စု အုပ်ချုပ်ရေးမှူးများထံ အရန်မီးသတ်ဝတ်စုံ စုစုပေါင်း ၈၆၄ စုံ၊ တန်ဖိုး ငွေကျပ်(တစ်စုံလျှင် ၁၀၀၀၀ နှုန်းဖြင့် ၈၆၄၀၀၀၀)အား ပေးအပ်ခဲ့ကြောင်း သိရသည်။

**ဇော်ဇော်(မြို့သစ်)**

# မြန်မာ့ဝါးတောများ ထိန်းသိမ်းကာကွယ်ရေး မြန်မာနိုင်ငံဝါးချစ်သူများ အသင်းဖွဲ့စည်းမည်

**ရန်ကုန် ဇန်နဝါရီ ၁၅**

မြန်မာနိုင်ငံသည် ကမ္ဘာပေါ်တွင် တတိယမြောက် ဝါးပင်အများဆုံး ပေါက်ရောက်ဆုံးနိုင်ငံဖြစ်ပြီး ယခင်နှစ်ပေါင်းများစွာကတည်းက ၇၀ ရာခိုင်နှုန်းရှိသော ကျေးလက်ပြည်သူများ အဓိကအသုံးပြုသည့် သဘာဝသယံဇာတပစ္စည်းတစ်ခု ဖြစ်ခဲ့ကြောင်း၊ မျက်မှောက်ခေတ်တွင်မူ ဝါးရှာဖွေရရှိမှုတဖြည်းဖြည်း လျော့နည်းလာခဲ့ကြောင်း၊ ထို့ကြောင့် ဝါးတောများ ထိန်းသိမ်းရန် လိုအပ်ခြင်းနှင့်အရည်အသွေးကောင်းဝါးစိုက်ပျိုးမှုများရှိရန် လိုအပ်ကြောင်း၊ မြန်မာနိုင်ငံဝါးချစ်သူများအသင်းတည်ထောင်သွားမည့် အကြောင်းကို ဒေါ်ဒေဝီသန့်ဇင်၊ (သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့)နှင့်(အောင်ပင်လယ်မန္တလေးမဂ္ဂဇင်းအယ်ဒီတာချုပ်)က ပြောကြားသည်။

"မြန်မာနိုင်ငံက ဝါးပင်အလွန်ပေါများတဲ့တိုင်းပြည်ဖြစ်တယ်။ အိမ်နီးချင်း တရုတ်နဲ့ အိန္ဒိယနိုင်ငံတို့ပြီးရင် ကမ္ဘာမှာ တတိယဝါးအများဆုံး ထွက်ရှိတယ်။ နိုင်ငံခြားမှာက ဝါးပင်ကနေ ဝင်ငွေမီလီယံနဲ့ချီပြီး ဝင်ငွေရှာနေကြတယ်။ မြန်မာနိုင်ငံမှာက ပေါများတဲ့ဝါးကို စိုက်ပျိုးဖို့မသိပဲ ခုတ်ဖို့ပဲအများစုက သိထားကြတယ်။ အရင်တုန်းက ဝါးရှာရင် နေ့ချင်းပြီးနဲ့ရခဲ့တယ်။ အခုဆိုရင် အနည်းဆုံး သုံးညအိပ်အထိရှာရတယ်လို့ သိရတယ်။ တချို့ နယ်ဒေသတွေမှာ နိုင်ငံခြားကဝယ်လို့ဝါးစေ့တွေကို ပြည်တောင်းနဲ့ချင်တွယ်ရောင်းကြတယ်။ ကြာလာရင်ဝါးပင်တွေပိုပြီးမရှားပါးဖို့ ထိန်းသိမ်းဖို့လိုအပ်တယ်လို့ ယူဆမိပါတယ်။ ဒါကြောင့် မကြာခင်မှာ ဝါးချစ်သူများအသင်းတည်ထောင်သွားဖို့ရှိပါတယ်။ ဒါမှလည်း ဒီလုပ်ငန်းကို ခိုင်ခိုင်မာမာတကယ်စိတ်ဝင်စားသူတွေပါလာမယ်။ ဒေါ်လေးအနေနဲ့ကတော့ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်သူဖြစ်ပေမယ့် ဝါးပညာရှင်တော့မဟုတ်ဘူး။ ဒါ့ကြောင့် ဝါးအကြောင်း သိရှိနားလည်တဲ့ပညာရှင်တွေဖိတ်ကြားပြီး ဗဟုသုတတွေကို ပြည်သူသိအောင်ဆောင်ရွက်ဖြစ်တာပါ" ဟု ပြောကြားခဲ့သည်။

ဝါးပင်တို့သည် ကျွန်းပင်များအတွက် အကောင်းဆုံးအဖော်များဖြစ်ကြောင်း ဂေဟစနစ်ကိုထိန်းသိမ်းသည့် အပင်များဖြစ်ကြောင်း၊ ရေစုပ်အား အကောင်းဆုံးဖြစ်ကြောင်း၊ မြန်မာနိုင်ငံတွင် ရခိုင်ရိုးမ၊ ပဲခူးရိုးမ၊ တနင်္သာရီရိုးမတို့တွင် ဝါးပင်အများဆုံး ပေါက်ရောက်ကြောင်း၊ ဝါးမျိုးစိတ်ပေါင်း ၁၀၂ မျိုးခန့်နှင့်ဝါးမျိုးပေါင်း ၂၃ မျိုးခန့်ရှိကြောင်း ယခုအချိန်တွင် ဝါးထွက်နှုန်း တဖြည်းဖြည်းလျော့နည်းခြင်း၊ အရည်အသွေးကောင်းဝါးမျိုးများရှားပါးလာခြင်းရှိကြောင်း သိရသည်။ မြန်မာ့ဝါးတောများကို ဂရုတစိုက်ထိန်းသိမ်းရန်၊ ဝါးပင်များပေါများခြင်းကြောင့် ကျေးလက်နေပြည်သူများအတွက် ဝင်ငွေရရှိရန် ဝါးမျိုးကောင်း မျိုးသန့်များကို ရွေးချယ်စိုက်ပျိုးရန်တို့ကို ပြည်သူများအား အသိပညာပေးခြင်းပြုလုပ်သွားရမည်ဖြစ်ကြောင်း ဝါးကျွမ်းကျင်ပညာရှင်များက ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

"နိုင်ငံတော်အစိုးရက ဦးဆောင်ပြီး အောက်ခြေကျေးလက်အထိ ဝါးပင်တွေထိန်းသိမ်းဖို့ ပွားများဖို့ ဆောင်ရွက်ပေးစေချင်ပါတယ်။ မြန်မာပြည်သူတွေက ဝါးရဲ့တန်ဖိုးကိုသိပြီးတဲ့အခါ နိုင်ငံခြားကဝါးနဲ့ပတ်သက်တဲ့ ပစ္စည်းတွေကို ထိန်းသိမ်းခြင်းနည်းပညာတွေယူပြီး ပြည်တွင်းစီးပွားရေးလုပ်ငန်းရှင် SME တွေကလည်း စိတ်ဝင်တစား လုပ်ဆောင်ကြရင် ပြည်တွင်းဈေးကွက်မှာရော နိုင်ငံခြားဈေးကွက်မှာပါ လွှမ်းမိုးနိုင်တဲ့ဝါးပစ္စည်းတွေထုတ်လုပ်နိုင်တဲ့ မြန်မာပြည်ဖြစ်စေချင်ပါတယ်"ဟု ဒေါ်ဒေဝီသန့်စင်က ဆက်လက်ပြောကြားခဲ့ကြောင်း သိရသည်။

**မြတ်စန္ဒီသင်းဇော်**

# ထရန်စဖော်မာများ အဆင့်မြှင့်တိုးချဲ့တပ်ဆင်

**လားရှိုး ဇန်နဝါရီ ၁၅**

ရှမ်းပြည်နယ်(မြောက်ပိုင်း)လားရှိုးမြို့တွင် လျှပ်စစ်ဓာတ်အားရရှိစေရေးအတွက် နမ္မတူမြို့နယ်ရှိ 230 KV/66 KV မန်စံကြီးဓာတ်အားခွဲရုံမှ 66 KV ဓာတ်အားလိုင်းဖြင့်လည်းကောင်း၊ နမ့်မျှော်ရေအားလျှပ်စစ်စက်ရုံမှ 33 KV ဓာတ်အားလိုင်းဖြင့်လည်းကောင်း ဓာတ်အားရယူပြီး လားရှိုးမြို့ နမ့်ခိုက် ကွက်သစ်ရှိ 66 KV/ 33 KV (20 KVA + 10 KVA) လားရှိုးပင်မခွဲရုံမှ ဓာတ်အားလက်ခံ၍ 33 KV ဓာတ်အားလိုင်းသုံးလိုင်းဖြင့် နမ့်ခိုက်ကွက်သစ်ရှိ 33 KV/ 11KV(2500)KVA ခွဲရုံနှင့် ရပ်ကွက်(၁)ရှိ 33 KV/ 11KV(10000)KVA ခွဲရုံအမှတ်(၁) ရပ်ကွက်(၁၂)ရှိ 33 KV/ 11KV(5000+2500)KVA ခွဲရုံအမှတ်(၂)နှင့်ရပ်ကွက်(၅) နယ်မြေ(၂)ရှိ 33 KV/11 KV(5000)KVA ခွဲရုံအမှတ်(၃)တို့မှ 11 KV ဓာတ်အားလိုင်း ၁၁ လိုင်းဖြင့် ဓာတ်အားဖြန့်ဖြူးပေးလျက်ရှိသည်။သို့ဖြစ်ပါ၍ရပ်ကွက်နေပြည်သူများအားလျှပ်စစ်ဓာတ်အားပြည့်ဝစွာအသုံးပြုနိုင်စေရေးရည်ရွယ်ချက်ဖြင့် ဇန်နဝါရီ ၁၃ ရက် နံနက် ၇ နာရီကစတင်၍ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းမြို့နယ်အင်ဂျင်နီယာရုံးမှ ရပ်ကွက်(၅) နယ်မြေ(၂)ရှိ ဓာတ်အားခွဲရုံအမှတ်(၃)မှ 5mVA ထရန်စဖော်မာမှ 10mVA ထရန်စဖော်မာအဖြစ်သို့လည်းကောင်း၊ ဓာတ်အားခွဲရုံအမှတ်(၂)ရပ်ကွက်(၁၂) RTC ဝင်းဟောင်းတွင် ယခင် 2.5mVA ထရန်စဖော်မာနေရာတွင် 5 mVA ထရန်စဖော်မာအဖြစ်သို့လည်းကောင်း၊ ရပ်ကွက်(၁) နားမခေါ် ဓာတ်အားခွဲရုံအမှတ်(၄) 66 KV ဓာတ်အားခွဲရုံဝင်းတွင်လည်း ယခင် 2.5 mVA ထရန်စဖော်မာနေရာ၌လည်းထပ်မံ၍ 2.5 mVA ထရန်စဖော်မာအသစ်တစ်လုံးကို တိုးချဲ့တပ်ဆင်ဆောင်ရွက်ပေးခဲ့သည်။ **ဟန်ဌေး(iprd)**

# ကျောင်းပြင်ပမူလတန်းပညာရေး မော်လမြိုင်၌ဆွေးနွေး

**မော်လမြိုင် ဇန်နဝါရီ ၁၅**

၂၀၁၃-၂၀၁၄ ပညာသင်နှစ် ကျောင်းပြင်ပမူလတန်းပညာရေး ဒုတိယအကြိမ် ကွင်းဆင်းကြီးကြပ်စစ်ဆေးမှု တွေ့ရှိချက်များ ရှင်းလင်းဆွေးနွေးပွဲကို ဇန်နဝါရီ ၁၁ ရက်က မွန်ပြည်နယ် အထက(၆)မော်လမြိုင်မြို့၌ ကျင်းပရာ ပြည်နယ်ပညာရေးညွှန်ကြားရေးမှူး ဦးမင်းထွန်းတင်က အမှာစကားပြောကြားပြီး NFPE တာဝန်ခံဦးအေးကြိုင် (ညွှန်ကြားရေးမှူး ပညာ(ငြိမ်း)က NFPE နှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ဆွေးနွေးပွဲတွင် ပဲခူးနှင့်တနင်္သာရီတိုင်းဒေသကြီး၊ ကရင်နှင့်မွန်ပြည်နယ်တို့မှ တိုင်းဒေသကြီး/ပြည်နယ်ကြီးကြပ်ရေးမှူးများက မြို့နယ်များအလိုက် စစ်ဆေးတွေ့ရှိချက်များ၊ အားနည်းချက်၊ အားသာချက်များ၊ စာအုပ်၊ စာရေးကိရိယာနှင့်သင်ထောက်ကူပစ္စည်းများပြည့်စုံမှု၊ အာဟာရကျွေးမွေးနိုင်မှုများကို ရပ်ရွာလူထု ပူးပေါင်းပါဝင်လာစေရန် စည်းရုံးဆောင်ရွက်မှုများကို ဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **ကျော်သန်း(မော်လမြိုင်)**

## ပြည်တွင်းသတင်းနှင့်ကြော်ငြာ

# အံ့မခန်းအစွမ်းထက်လှသော မုန်လာဥနီ ဖျော်ရည်

၁။ မုန်လာဥနီဖျော်ရည် သောက်သုံးခြင်းဟာ ကြွက်သားအဆက်မပြတ်နာကျင်ကိုက်ခဲခြင်းနဲ့ခန္ဓာကိုယ်ပြင်ပနာကျင်ထိခိုက်ခြင်းဝေဒနာတွေကို ဖယ်ရှားသုတ်သင်နိုင်ဖို့ ကူညီပေးပါတယ်။
၂။ အဆုတ်ကို ပိုမိုကျန်းမာလာအောင် အားဖြည့်ပေးနိုင်ပါတယ်။
၃။ နှလုံးတိုက်ခိုက်ခံရခြင်းမှ ကာကွယ်ပေးပါတယ်။
၄။ ရောဂါပြီးတဲ့ ခန္ဓာကိုယ်ဖြစ်အောင်တည်ဆောက်ပေးနိုင်ပါတယ်။
၅။ ဓမ္မတာလာစဉ် နာကျင်ကိုက်ခဲခြင်းကို လျော့ပါးသက်သာစေပါတယ်။
၆။ အသည်း၊ ကျောက်ကပ်နဲ့ ပန်ကရိယရောဂါတွေဖြစ်ပွားမှုမှ ကာကွယ်ပေးပါတယ်။
၇။ ကင်ဆာဆဲလ်တွေကြီးထွားပြန့်ပွားလာခြင်းကို ဟန့်တားထိန်းချုပ်ပေးပါတယ်။
၈။ ကိုယ်အလေးချိန် လျှော့ချလိုသူများ ဆောင်ထားသင့်တဲ့ ဆေးတစ်ခွက်ဆိုလည်းမမှားပါဘူး။
၉။ သွေးပေါင်ချိန်မြင့်တက်မှုကို တားဆီးပေးပါတယ်။
၁၀။ အမြင်အာရုံကို ပိုမိုကြည်လင်စေပါတယ်။
၁၁။ အဆိပ်အတောက်ဖြစ်စေသော ဓာတ်ပစ္စည်းများကို ဖယ်ရှားထုတ်ပယ်ပေးပါတယ်။
၁၂။ အူမကြီးလှုပ်ရှားမှုကို ပိုမိုကောင်းမွန်လာအောင် ကူညီပေးပြီး ဝမ်းချုပ်ခြင်းမှကင်းဝေးစေပါတယ်။
၁၃။ ခန္ဓာကိုယ် တွင်း/ပြင်မှာဖြစ်ပွားတဲ့ အနာရောဂါတွေကို သက်သာပျောက်ကင်းစေနိုင်ပါတယ်။ **(ဘာသာပြန်-ဇင်ဇင်မင်းလွင်)**

ဗလင်းတန် ဖွံ့ဖြိုးဖို့
စာအုပ်စာပေ လေ့လာစို့

## ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံအရှေ့မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၄၊ မြေကွက်အမှတ် ၅၉၀၊ မြေကွက်တည်နေရာအမှတ် ၅၉၀၊ ၁၄ ရပ်ကွက်၊ ဒဂုံအရှေ့မြို့နယ် ဒေါ်ခင်ညို အမည်ပေါက်ပါမစ်မြေအား အမည်ပေါက် ဒေါ်ခင်ညိုထံမှ အရပ်စာချုပ်အဆင့်ဆင့်ဖြင့် ဝယ်ယူထားသူ ဒေါ်နှောင်းဝဿန် ၁/ဗမန(နိုင်)၀၄၆၇၂၃ မှ ပါမစ်ပျောက်ဆုံးကြောင်း ကျမ်းကျိန်လွှာ၊ ရဲစခန်းနှင့် အုပ်ချုပ်ရေးမှူး ထောက်ခံချက်များတင်ပြ၍ ပါမစ်ပျောက်ဖြင့် နှစ် ၆၀ ဂရန်လျှောက်ထားလာရာ ခိုင်လုံသော အထောက်အထားများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(င)၊ မြေကွက်အမှတ် ၁၀၀၆ဦ၊ မြေကွက်တည်နေရာအမှတ် ၁၀၀၆ဦ၊ ဝဇီယာ ၇လမ်း၊ (င)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ် ဒေါ်တင်လှ အိုင်အက်စ်အန်-၁၈၇၃၂ အမည်ပေါက်နှစ် ၆၀ဂရန်မြေအား အမည်ပေါက် မိခင်ဒေါ်တင်လှ၊ ဖခင်ဦးတင်စိန် ကွယ်လွန်သဖြင့် ဦးတင်ဝင်း ၁၂/ဥကမ(နိုင်)၀၈၆၃၇၈က တစ်ဦးတည်းသောသားတော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ သေစာရင်းတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

မင်္ဂလာဒုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၄၉၇ (ကျောက်တန်းကွင်း)၊ မြေကွက်အမှတ် ၁၂၁၊ မြေကွက်တည်နေရာအမှတ် ၁၂၁၊ ရွှေနံ့သာကျေးရွာအုပ်စု၊ ရွှေနံ့သာသစ်ခွ(ဘားလား)ရှိ မြေကွက်ကို ရန်ကုန်တိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ၏ လုပ်ငန်းလုပ်ကိုင်ခွင့်အမိန့်စာရရှိထားသူ ဦးစိန်ဝင်း ၁၂/ဒဂန(နိုင်)၀၁၀၂၆၃ကိုယ်တိုင်မှ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ရွှေနံ့သာကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးထောက်ခံချက် လုပ်ငန်းလုပ်ကိုင်ခွင့် အမိန့်စာတို့ကိုတင်ပြ၍ နှစ် ၆၀ မြေငှားစာချုပ်ဂရန် လျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၄/စီမံကိန်း-၂၊ မြေကွက်အမှတ် ၈၂၊ မြေကွက်တည်နေရာအမှတ် ၈၂၊ ကျန်စစ်သားလမ်း၊(၁၄/၂)ရပ်ကွက်၊တောင်ဥက္ကလာပ ဦးတင်အောင် အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဦးတင်အောင် ကွယ်လွန်သဖြင့် ဒေါ်စမ်းကြည် ၁၂/ဥကတ(နိုင်)၁၀၂၈၁၆က တစ်ဦးတည်းသောဇနီးတော်စပ်ကြောင်းကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသော အထောက်အထားများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

မင်္ဂလာဒုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ရွှေနံ့သာစံပြ၊ မြေကွက်အမှတ် ၃၊ မြေကွက်တည်နေရာအမှတ် ၃၊ (၁)လမ်း၊ ရွှေနံ့သာစံပြ ဦးမြဒင် ၁၂/လကန(နိုင်)၀၆၄၈၉၁ အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဦးမြဒင်ကိုယ်တိုင်မှ ဂရန်ပျောက်ဆုံးသွားကြောင်း မင်္ဂလာဒုံမြို့နယ် ကျေးရွာအုပ်ချုပ်ရေးမှူးရုံးနှင့် ရဲစခန်းတို့၏ ထောက်ခံချက်၊ ကျမ်းကျိန်လွှာတင်ပြ၍ ဂရန်မိတ္တူ လျှောက်ထားလာရာ တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ **မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

သဃ်ာန်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် ရန်ကုန်သစ်၊ မြေကွက်အမှတ် ၂၀၇/က၊ မြေကွက်တည်နေရာအမှတ်(၁၄/ခ)၊ ၁၅ လမ်း၊ ရန်ကုန်သစ်ရပ်ကွက်၊ သဃ်ာန်းကျွန်းမြို့နယ်ဦးကျော်ရွှေ၊ ဒေါ်သန်းသန်းဝေအမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက်တစ်ဦးဖြစ်သူ ဦးကျော်ရွှေ(ခင်ပွန်း) ကွယ်လွန်သဖြင့် ကျန်ပူးတွဲအမည်ပေါက်တစ်ဦးဖြစ်သူ ဒေါ်သန်းသန်းဝေ ၁၂/သဃက(နိုင်)၀၈၆၉၀၈က တစ်ဦးတည်းသောဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် GPNo $\frac{၂၂၆၁၂/၁၃}{၁၂-၁၁-၁၃}$ ရသဒေါ်ယဉ်ယဉ်အေး ၇/သကန(နိုင်)၀၀၆၁၃၂က ပါဝါပေးသူ သက်ရှိထင်ရှားရှိကြောင်းနှင့် ပါဝါရုပ်သိမ်းခြင်း မရှိသေးကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ မြေပုံကူးလျှောက်ထားလာရာ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

ဗဟန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၅CG၊ မြေကွက်အမှတ် ၁E၊ မြေကွက်တည်နေရာအမှတ် ၁၉၇၊ ဦးချစ်မောင်လမ်း၊ ဗဟန်းမြို့နယ် ပါမစ်မြေအား ဒေါ်သန်းသန်း ၁၂/ဗဟန(နိုင်)၀၁၁၈၆၈က အရပ်ကတိအရောင်းအဝယ်စာချုပ်၊မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနမှ ၁၉၇၆/၁၉၇၇ခုနှစ် ကျူးလွန်နေထိုင်သော မြေငှားခငွေထမ်းဆောင်ပြီးကြောင်း ပြေစာတင်ပြ၍ မြေကွက်အမှတ် ၁E၊ ဧရိယာမှာ မြေရာဇဝင်မြေပုံအရဝဒသမ ၀၁၃ဧကဖြစ်၍ ယခင်က ကျူးလွန်ခြင်း မြေငှားခကို ဒေါ်ရွှေရီအမည်ဖြင့် သုံးလပတ်တစ်ကြိမ်နှုန်းပြင် ခြောက်ကျပ်နှုန်း စည်းကြပ်ခဲ့ကြောင်းမြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန၏ (၁၁-၁၀-၁၃)ရက်စွဲပါ စာအမှတ် မခတ/မပမယ/ဗဟ/၂၀၁၃ (၂၁၀၇) ပြန်ကြားစာတို့အရ နှစ် ၆၀ မြေငှားစာချုပ်ဂရန်သစ် လျှောက်ထားလာရာ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

အောက်ပါပုဂ္ဂိုလ်များသည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲရေးဌာနသို့ ယှဉ်တွဲဖော်ပြပါအကြောင်းအရာအတိုင်း လျှောက်ထားလာပါသည်။ သို့ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤသတင်းစာတွင် ကြော်ငြာပါသည့်ရက်မှ နှစ်ပတ်အတွင်း ဤဌာနသို့ သက်ဆိုင်ရာစာရွက်စာတမ်း အထောက်အထားများနှင့် လာရောက်ကန့်ကွက်နိုင်ကြောင်း ကြေညာအပ်ပါသည်-

| စဉ် | လျှောက်ထားသူ | | | လျှောက်ထားသည့် | | | | လျှောက်ထားသည့် အကြောင်းအရာ |
|---|---|---|---|---|---|---|---|---|
| | အမည် | မှတ်ပုံတင် | လိပ်စာ | မြို့နယ် | မြေတိုင်း | မြေကွက် | မြေအမည်ပေါက် | |
| | ဒေါ်ကြည်ညီလေး | ၁၂/ဥကမ(နိုင်)၀၆၁၆၃၆ | ၇၀၆၊ ဗိုလ်လတ်ညွှန့်ပင်လမ်း၊ (၁၁)ရပ်ကွက် | ဒဂုံမြောက် | ၃၃ | ၇၀၆ | ဒေါ်တင်မြဆွေ | အမည်ပြောင်း |

**ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**

## ကန့်ကွက်နိုင်ပါကြောင်း

ကြည့်မြင်တိုင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၆A၁၊ မြေကွက်အမှတ် V၁၂၅၊ မြေကွက်တည်နေရာအမှတ် ၁၄၊ ဥယျာဉ်လမ်း၊ ကြည့်မြင်တိုင်မြို့နယ်၊ ဒေါ်မေပုအမည်ပေါက် နှစ် ၃၀ မြေငှားဂရန်(သက်ကုန်)မြေအား အမည်ပေါက်ဒေါ်မေပုနှင့် ခင်ပွန်း ဦးစိန်၊ သမီး ဒေါ်မမကြီး(အပျိုကြီး)၊ သား ဦးလှအောင်နှင့်ဇနီး ဒေါ်ခင်မြင့်မြင့်၊ သမီးဒေါ်ခင်မြင့်(အပျိုကြီး)၊ ကိတ္တိမမွေးစားစာချုပ်အမှတ် ၁၉၁၃/၉၃ ဖြင့် မွေးစားသမီး ဒေါ်ရင်မေ(ခ)ဒေါ်မမလေးနှင့် ခင်ပွန်း ဦးလှရွှေ၊ မြေးဖြစ်သူ ဦးအောင်သန်းထွဋ်နှင့်ဇနီး ဒေါ်သန်းသန်းလွင်တို့ကွယ်လွန်သဖြင့် (၁) ဒေါ်လှလှမြင့် ၁၂/ဥကတ(နိုင်)၀၀၄၅၁၇၊ (၂) ဦးအောင်မြင့်သူ ၁၀/မဒန(နိုင်)၀၃၃၀၃၃၊ (၃) ဦးသိန်းအောင် ၁၂/မရက(နိုင်)၀၉၁၆၀၇၊ (၄) ဦးအောင်သိန်းညွှန့်၁၂/မဂတ(နိုင်)၀၁၉၉၉၀၊ (၅) ဦးအောင်သန်းလွင် ၇/ပမန(နိုင်)၁၀၂၄၂၆၊ (၆) ဒေါ်မေသက်လွင် ၇/ပမန(နိုင်)၀၀၀၂၆၈၊ (၇) ဒေါ်မေသက်ခိုင် ၇/ပမန(နိုင်)၀၀၀၂၆၉၊ (၈) ဒေါ်မေသက်ထွေး ၇/ပမန(နိုင်)၀၀၂၉၇၇၊ (၉) ဒေါ်မေသက်အေး ၇/ပမန(နိုင်)၁၂၇၁၇၀၊ (၁၀) ဒေါ်စိုးစိုးမြင့် ၁၂/စခန(နိုင်)၀၂၄၉၈၆၊ (၁၁) ဒေါ်ခင်သန့်ဇင် ၁၄/မမက(နိုင်)၀၅၁၂၃၀၊ (၁၂) ဒေါ်ခင်ခင်ထား ၁၂/စခန(နိုင်)၀၂၁၉၂၃၊ (၁၃) မောင်ကျော်ထွန်း ၃/ဘအန(နိုင်)၀၀၆၅၇၃၊ (၁၄) ဒေါ်မြင့်မြင့်ရီ ၁၂/စခန(နိုင်)၀၂၆၅၀၁၊ (၁၅)ဒေါ်ရီရီထွေး ၁၂/စခန(နိုင်)၀၀၃၇၂၃၊ (၁၆) ဒေါ်လှလှအေး ၁၂/အလန(နိုင်)၀၁၃၉၉၉တို့က မြေး၊ မြစ်များတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ ဦးသိန်းအောင်ကိုယ်တိုင်နှင့် ကျန် ၁၅ဦးထံမှ GP ရယူပြီး အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

**မှုခင်းသတင်းနှင့်ကြော်ငြာ**

## စလင်းမြို့တွင် မီးလောင်မှုဖြစ်

**စလင်း ဇန်နဝါရီ ၁၅**

မကွေးတိုင်းဒေသကြီး စလင်းမြို့တွင် ဇန်နဝါရီ ၁၂ ရက် ညနေ ၃နာရီခွဲခန့်က စလင်းမြို့ မြင်တင်ရပ် ဦးကျော်ကျော်လတ်၏နေအိမ်နှင့် တွဲလျက်ရှိသော ကုန်သိုလှောင်ရုံမှ မီးလောင်မှုစတင်ဖြစ်ပွားခဲ့သည်။

အဆိုပါမီးလောင်သောနေရာမှာ မီးသတ်ဦးစီးဌာနရုံးနှင့် လေးဖာလုံခန့်သာဝေးသဖြင့် တာဝန်ကျကင်းသမားက မီးရောင်မြင်၍ စခန်းမှူး ဦးငွေးမော်အား သတင်းပို့ရာ သန္နေတပ်ဖွဲ့ဝင် ၁၂ ဦး၊ အရန်တပ်ဖွဲ့ဝင် ၃၀ ခန့်တို့သည် ဖိုက်တာပင်မမီးသတ်ယာဉ်တစ်စီး၊ အကူရေသယ်ယာဉ်(ဒိုင်းရှင်းပါ)နှစ်စီးဖြင့် အချိန် ၁၅ မိနစ်အတွင်း သွားရောက်ငြိမ်းသတ်ခဲ့သည်။

ရပ်ကွက်နေပြည်သူများကလည်း အသိစိတ်ဓာတ်ဖြင့် ဝိုင်းဝန်းကူညီငြိမ်းသတ်သဖြင့် အဆိုပါကုန်လှောင်ရုံတစ်လုံးသာ လုံးဝလောင်ကျွမ်းပြီး ပတ်ဝန်းကျင်သို့ မကူးအောင် ငြိမ်းသတ်နိုင်ခဲ့သည်။ မီးစတင် လောင်ကျွမ်းရခြင်းမှာ မီးလုံ့ရာမှ မီးပွားလွင့်စင်လောင်ကျွမ်းခဲ့၍ ပေါ့ဆစွာ မီးသုံးစွဲသူ ဦးကျော်ကျော်လတ်အား စလင်းမြို့နယ်ရဲစခန်းက အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

**စစ်ကြည်(စလင်း)**

## သာစည်နှင့်ပုသိမ်ကြီးမြို့နယ်များတွင် တရားမဝင်သစ်များဖမ်းဆီးရမိ

**သာစည် ဇန်နဝါရီ ၁၅**

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာနသည် ၂၀၁၃ ခုနှစ် ဧပြီလမှ ဒီဇင်ဘာလအထိ တိုင်းဒေသကြီးနှင့်ပြည်နယ်မှ တရားမဝင် ကျွန်း၊ သစ်မာနှင့်အခြားသားသစ်မျိုးစုံ၂၂၅၈၇ဒသမ ၈၄၆၄ တန်၊ မီးသွေး ၁၀၈၈၃ ဒသမ ၈၉၇၉ တန်၊ ယာဉ်ယန္တရား ၁၁၅၅စီးနှင့် သစ်စက်/အင်ဂျင် ၂၃၂ လုံးကို ဖမ်းဆီးရမိခဲ့သည်။

မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ် သစ်တောဦးစီးဌာနမှ ဝန်ထမ်းများသည် ဇန်နဝါရီ ၃ ရက်တွင် သာစည်မြို့နယ် ကွမ်းခြံရိုးကျေးရွာ မိုင်တိုင်(၁၁/၀)အနီးမှ ထော်လာဂျီ အမှတ် ၇၅/--- လေးလုံးထိုး အပြာရောင်နှင့်အတူ တရားမဝင် ထောက်ကြန့်နှင့်အခြားသား ၄ ဒသမ ၆၉၇၉ တန်အား ယာဉ်မောင်း ဦးမြင့်မောင် (ကြပ်စခန်းကျေးရွာ) တို့နှင့်အတူ ဖမ်းဆီးရမိ၍ သစ်တောဥပဒေ ပုဒ်မ ၄၁(က) အရလည်းကောင်း၊ ပုသိမ်ကြီးမြို့နယ်သစ်တောဦးစီးဌာနမှ ဝန်ထမ်းများသည် ပုသိမ်ကြီးမြို့နယ်(၁၆)မိုင် ရှောင်ကွင်းလမ်း၊ ကျောက်ချောရွာနှင့် ကျွဲနဖားရွာကြား အေသုံးလုံး၊ ဘိလပ်မြေသွားလမ်းပေါ်မှ ယာဉ်အမှတ် ၉ခ/---နှင့်အတူ တရားမဝင် တမလန်း၊ ခါးရွှေနှင့်တိုင် ၀ ဒသမ ၅၃၆၆ တန်ကို ယာဉ်မောင်း ဦးမြင့်ဇော်ဦး (မန္တလေးမြို့)နှင့် ယာဉ်အမှတ် ၄၈/--- နီဆန်အက်တလက်နှင့်အတူ တရားမဝင် တမလန်း၊ ခါးရွှေနှင့်တိုင် ၀ ဒသမ ၉၇၈၄ တန်ကို ယာဉ်မောင်း ဦးသန့်ဇင်အောင် (မန္တလေးမြို့)တို့အား ဖမ်းမိ၍သစ်တောဥပဒေ ပုဒ်မ ၄၂(ခ)အရ လည်းကောင်း အရေးယူထားကြောင်း သိရသည်။

**သစ်တောဦးစီးဌာန**

## ဗန်းမောက်မြို့နယ် ဂဏန်းဒေသစိတ် လိပ်စောကျေးရွာတွင် သိန်း ၉၆၀ ကျော်တန်ဖိုးရှိ မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**ဗန်းမောက် ဇန်နဝါရီ ၁၅**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ဗန်းမောက်မြို့နယ် ဂဏန်းဒေသစိတ် လိပ်စောကျေးရွာလမ်းမပေါ်တွင် မူးယစ်ဆေးဝါးဘိန်းမည်း ၁၉ ပိဿာ ၇၅ ကျပ်သားခန့် ဖမ်းဆီးရမိကြောင်း သိရသည်။

ဖြစ်စဉ်မှာ ကသာခရိုင် ရဲတပ်ဖွဲ့မှူးကြီး ဒုတိယရဲမှူးကြီး စိုးမြင့်၏ မူးယစ်ဆေးဝါးပပျောက်ရေးစီမံချက်အရ ဗန်းမောက်မြို့နယ် ခေတ္တမြို့နယ်ရဲတပ်ဖွဲ့မှူး ဒုရဲမှူး သောင်းဝင်း၏ ကြီးကြပ်မှုဖြင့် ဇန်နဝါရီ ၁၀ ရက် ညနေ ၄ နာရီက ဗန်းမောက် မြို့နယ် ရွှေတော်ရဲကင်းမှ ဒုရဲအုပ် အေးသန်းစိန်နှင့်အဖွဲ့သည် မူးယစ်ဆေးဝါး သတင်းအရ သက်သေများနှင့်အတူ ဂဏန်းဒေသစိတ် လိပ်စောကျေးရွာ လမ်းမပေါ်တွင် စောင့်ဆိုင်းနေစဉ် တရုတ်နိုင်ငံလုပ် ရှန်ယန် အမျိုးအစား 125 ဆိုင်ကယ်စီးနင်းလာသူ သာငွေးမြင့်ဆိုသူကို ရပ်တန့်ရှာဖွေစစ်ဆေးရာ ဆိုင်ကယ်ပေါ်တင်ဆောင်လာသည့် စက္ကူဂျုပ်ဖာ နှစ်ဖာအတွင်းမှ အဝါရောင်တိတ်ဖြင့် ပတ်လျက် ဘိန်းမည်းဟု ယူဆရသော အမည်းရောင်အစေးအထုပ် ၃၀၊ စုစု ပေါင်း အလေးချိန် ၁၉ ပိဿာ ၇၅ ကျပ်သားခန့် (၃၂ ဒသမ ၂၅၀၄၁ ကီလိုဂရမ်ခန့် ကာလတန်ဖိုး ငွေကျပ် ၉၆၇ ၅၀၂၃၅ ခန့်ကို သိမ်းဆည်းရမိခဲ့သည်။

သို့ဖြစ်ပါ၍ မူးယစ်ဆေးဝါး လက်ဝယ်ကိုင်ဆောင်သူ သာငွေးမြင့် (၁၉ နှစ်)နန်းဇာကျေးရွာ ဗန်းမောက်မြို့နယ်နေသူအား ရွှေတော်ရဲကင်းက အရေးယူ ဆောင်ရွက်ထားကြောင်း သိရသည်။

**လှအောင်(ကသာ)**

## တနင်္သာရီမြို့၌ အလင်းသစ်စာကြည့်တိုက်ဖွင့်ပွဲနှင့် မော်တော်ယာဉ်လှူဒါန်းပွဲ ကျင်းပ

**တနင်္သာရီ ဇန်နဝါရီ ၁၅**

တနင်္သာရီတိုင်းဒေသကြီး တနင်္သာရီမြို့ ချောင်းကြီးကျောင်းတိုက် ပဓာနနာယကဆရာတော်ဘဒ္ဒန္တပညာဒီပက ဦးစီးတည်ထောင်၍ စာကြည့် တိုက်ဖြစ်မြောက်ရေးကော်မတီတို့ပူးပေါင်းလျက် ချောင်းကြီးကျောင်းတိုက်ပရိဝုဏ်အတွင်း ဆောက်လုပ်ခဲ့သော အလင်းသစ်စာကြည့်တိုက်အဆောက်အအုံဖွင့်ပွဲအခမ်းအနားကို ၎င်းစာကြည့်တိုက်ရှေ့တွင် ဇန်နဝါရီ ၁၂ ရက် နံနက် ၉ နာရီက ကျင်းပရာ ချောင်းကြီးကျောင်းတိုက်ဆရာတော်နှင့်မြို့မိမြို့ဖ ဦးလှရွှေ တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ချောင်းကြီးကျောင်းတိုက် ဆရာတော်မှ စာကြည့်တိုက်နှင့်ပတ်သက်၍ ဩဝါဒစကားချီးမြှင့်ပြီး ဦးစိုးရီ(နောင်စိုးရီ)က အလင်းသစ်စာကြည့်တိုက် ဖွင့်လှစ်ရခြင်းရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်သူက ဘိလပ်မြေ၁၀အိတ်နှင့်ငွေကျပ်ငါးသောင်းကိုလည်းကောင်း၊ ချောင်းငယ်ရပ်ကွက် ကမ်းနားလမ်းနေ ဦးဝင်းလှိုင်၊ ဒေါ်လှလှငွေးမိသားစုက စာကြည့်တိုက်အတွက် ငွေကျပ်သုံးသိန်းကိုလည်းကောင်း၊ ပေးအပ်လှူဒါန်းရာ မြို့နယ်စာရေးဆရာအသင်း ဥက္ကဋ္ဌ ဦးသန်းစိုးဝင်းကလက်ခံရယူကာ သံဃာတော် အရှင်သူမြတ်များက စာကြည့်တိုက် အတွင်းအမွှေးနံ့သာများ ပက်ဖျန်းဆုတောင်းပေးကြသည်။

ယင်း စာကြည့်တိုက်သည်အလျား ၁၈ပေ၊ အနံ ၁၂ပေ၊ အမြင့် ၁၁ ပေ၊ အင်္ဂတေအခင်း၊ အင်္ဂတေအကာ၊ အုတ်ကြွပ်မိုး တစ်ထပ်တိုက်ဖြစ်ပြီး ၂၅ သိန်းခန့်ကုန်ကျကြောင်း သိရှိရသည်။

တစ်ဆက်တည်းမှာပင် ချောင်းကြီးကျောင်းတိုက်ဓမ္မာရုံ၌ သက်တော်ရှည်ဆရာတော်အား အမှူးထားလျက် သံဃာတော်များ အသုံးပြုရန်အတွက် ချောင်းကြီးရပ်ကွက်နှင့်ချောင်းငယ်ရပ်ကွက်နေ ဒေသခံစေတနာရှင်ပြည်သူများစုပေါင်းအလှူငွေဖြင့် MARK-2 အမျိုးအစား မော်တော်ယာဉ်တစ်စီးကို ဆရာတော်ထံလွှဲပြောင်းပေးအပ်ပြီး လှူဒါန်းခဲ့ကြောင်း သိရသည်။

**နန်းသာရီ-ထိန်ဝင်း**

## မူးယစ်ဆေးဝါးများဖမ်းဆီးရမိ

**ကောလင်း ဇန်နဝါရီ ၁၅**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ကောလင်းမြို့နယ် ကန်ပေါက်ကြီးရွာထိပ် သစ်ထုတ်လုပ်ရေးလမ်းဘေးတွင် စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိကြောင်း သိရသည်။

ဖြစ်စဉ်မှာ ကသာခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး စိုးမြင့်၏မူးယစ်ဆေးဝါးပပျောက်ရေးစီမံချက်အရ ဇန်နဝါရီ ၁၁ ရက် ညနေ ၄ နာရီက ကောလင်းမြို့နယ်ရဲတပ်ဖွဲ့မှူးရုံးမှ ရဲမှူးညွန့်ဇော်၏စီစဉ်ညွှန်ကြားမှုဖြင့် ရဲအုပ် ဟုန်းထန်း၊ နယ်ထိန်းတပ်ဖွဲ့ဝင်များ၊ မြို့နယ်ရဲတပ်ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မူးယစ်ဆေးဝါးသတင်းအရ သက်သေများနှင့်အတူ ကောလင်းမြို့နယ် ကန်ပေါက်ကြီးရွာထိပ် သစ်ထုတ်လုပ်ရေးလမ်းဘေးတွင် စောင့်ဆိုင်းနေစဉ် ၄ယ/-------နံပါတ်ပါ နီ/နက် DT ဆိုင်ကယ်အား ရပ်တန့်ရှာဖွေစစ်ဆေးခဲ့ရာ မောင်းနှင်လာသူမှာ စိုးအောင်ဖြစ်ကြောင်းနှင့် ၎င်းဝတ်ဆင်လာသည့် သားရေအင်္ကျီအိပ်ကပ်အတွင်းမှ WY စာတန်းပါ ပန်းရောင် စိတ်ကြွရူးသွပ်ဆေးပြား ၂၅ ပြား ၂ ဒသမ ၅ ဂရမ်ခန့် ကာလတန်ဖိုး ၅၀၀၀၀ ဘိမ်းမည်းဖြင့်ပြုလုပ်ထားသော အညိုရောင်အမှုန် ခြောက် ၂ ဒသမ ၅ ဂရမ်ခန့် ကာလတန်ဖိုး ၂၅၀၀၊ ZTE အမျိုးအစားဆင်းကတ်ပါ ဖုန်းတစ်လုံးတို့အား ရှာဖွေတွေ့ရှိသိမ်းဆည်းရမိခဲ့သည်။

အဆိုပါအမှုအား ကောလင်းရဲစခန်းက အမြန်ဆုံးတရားစွဲတင်ပို့နိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**လှအောင်(ကသာ)**

## ပေါင်မြို့နယ်၌ ကားနှင့်ဆိုက်ကား တိုက်မှုဖြစ်ပွား

**ပေါင် ဇန်နဝါရီ ၁၅**

မွန်ပြည်နယ် ပေါင်မြို့နယ် ကျွဲခြံကျေးရွာတွင် ဇန်နဝါရီ ၁၁ ရက် ည ၁၁ နာရီက ရန်ကုန်-မော်လမြိုင်ကားလမ်းမိုင်တိုင်အမှတ်(၁၇၃)အနီးတွင် ယာဉ်မောင်း ရန်အောင်လှိုင်၊ (၃၁နှစ်) လှိုင်မြို့နယ် ရန်ကုန်တိုင်းဒေသကြီးနေသူနှင့်ယာဉ်ပေါ်၌ အတူလိုက်ပါလာသူ ကျော်တင်ချစ် (၂၆နှစ်) ကျောက်မြောင်း တာမွေမြို့နယ်နေသူတို့မောင်းနှင်လာသည့်ယာဉ်အမှတ် ၃ခ/-- RVအနက်ရောင် ယာဉ်သည် ပေါင်မြို့နယ် ဘန့်ဘွေးကုန်းကျေးရွာပေါ်တော်မူ ဘုရားပွဲဈေးမှ ပြန်လာသည့် အမှတ်---အနေးယာဉ် ဆိုက်ကားနင်းလာသည့် ကိုကိုဦး (၃၆နှစ်) ကျွဲခြံကျေးရွာနေသူတို့ တိုက်မိခဲ့၍ ကိုကိုဦးတွင် ဒဏ်ရာများ (စိုးရိမ်ရ) ရရှိခဲ့သဖြင့် ပေါင်မြို့နယ်ဆေးရုံကြီးသို့ ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

**မိချို(iprd)**

### အများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၅)ရပ်ကွက်၊ ဗိုလ်မင်းရောင်လမ်း၊ အိမ်အမှတ် ၄၃၀၊ (အလျား ၄၀ပေ×အနံ၆၀ပေ)ရှိ မြေနှင့်အိမ်အား အိမ်ဂရန်အမည်ပေါက် ပိုင်ရှင်ဖြစ်သူ ဦးဘိုညွန့် O/RGN-၀၀၀၉၉၃၊ ၁၂/ပဇတ(နိုင်)၀၁၆၆၈၀ ကွယ်လွန်သွားသည့်အတွက် မြန်မာ့ဓလေ့ထုံးတမ်းဥပဒေနှင့်အညီ တရားဝင် အမွေဆက်ခံပိုင်ဆိုင်သော ဇနီးဒေါ်နှင်း ၁၂/ပဇတ(နိုင်)၀၁၆၆၉၂ထံမှ ကျွန်ုပ်၏မိတ်ဆွေသည် အပြီးအပိုင်လက်ရောက်ဝယ်ယူရန်စရန်ငွေ တစ်စိတ်တစ်ဒေသပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက တရားဝင်ခိုင်လုံသော စာရွက်စာတမ်းမူရင်းများ အထောက်အထားများဖြင့် ကျွန်ုပ်ထံသို့ ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ ထိုရက်ကျော်လွန်သည့်တိုင် လာရောက်ကန့်ကွက်မှုများမရှိပါက ဤမြေနှင့် အိမ်အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးအာကာလင်း အထက်တန်းရှေ့နေ၊ လိုင်စင်အမှတ်-၂၅၁၃၄**

**အမှတ် ၈၅၈၊ အင်းဝလမ်း၊ (၆)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ဖုန်း-၀၉-၄၉၇၈၂၆၅၇**

### ကန့်ကွက်နိုင်ပါကြောင်း

သဃ်ာန်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၆/၃၊ မြေကွက်အမှတ် ၁၁၆၇/က၊ မြေကွက်တည်နေရာအမှတ် ၁၁၆၇/က၊ ဂန့်ဂေါ်ရိပ်သာလမ်း၊ (၁၆/၃)ရပ်ကွက်၊ သဃ်ာန်းကျွန်း ဦးမောင်ကောက်(ခ)ဦးထွန်းထွန်း ISN-၁၉၈၄၅၄ အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဦးမောင်ကောက်(ခ)ဦးထွန်းထွန်း (ခင်ပွန်း)ကွယ်လွန်သဖြင့် ဒေါ်ကြူကြူ ၁၂/သဃက(နိုင်)၀၂၃၈၁၅က ဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

### ကန့်ကွက်နိုင်ပါကြောင်း

လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် သကမ-၁၀၊ မြေကွက်အမှတ် ၅၆၁/က၊ မြေကွက်တည်နေရာအမှတ် ၅၆၁/က၊ ပေါ်ဆန်းမွှေး ၃ လမ်း၊ (၁၂)ရပ်ကွက်၊ ဒေါ်ဘီအမည်ပေါက် ပါမစ်မြေအား အမည်ပေါက် ဒေါ်ဘီထံမှ အရပ်ကတိ အရောင်းအဝယ်စာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်သူဒေါ်ဝင်းဝင်းထိုက် ၁၂/လသယ(နိုင်)၀၁၉၇၂၄က ပါမစ်ပျောက်ဆုံးကြောင်း ကျမ်းကျိန်လွှာ၊ ခံဝန်ကတိ၊ ရပ်ကွက်ထောက်ခံစာ၊ ရဲစခန်းထောက်ခံစာ၊ EO ရုံးမှ ထောက်ခံစာတို့တင်ပြပြီး ဂရန်သစ်လျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

### အများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ မြေတိုင်းရပ်ကွက်အမှတ်-ဂျီ၊ မြေကွက်အမှတ်(၂၈)၊ တတိယတန်းစား၊ မြေအမျိုးအစား၊ မြေကွက်တည်နေရာ ရန်ကုန်တိုင်းဒေသကြီး၊ ဗိုလ်တထောင်မြို့နယ်၊ (၆)ရပ်ကွက်၊ ၄၃ လမ်း၊ အမှတ် ၂၅/၂၇မြေပေါ်ရှိ လေးခန်းတွဲ သုံးထပ်တိုက်၏ ⅓ (သုံးပုံတစ်ပုံ)ဖြစ်သော လမ်းမှ တိုက်ဘက်သို့ မျက်နှာမူလျှင် ယာအစွန်းဘက်ရှိ (၁)မြေညီထပ်(ယာ)၊ (၂)ပထမထပ်(ယာ)၊(၃)ဒုတိယထပ်(ယာ)၊(၄)ဒုတိယထပ်(ဝဲ)လေးခန်းနှင့်တည်ရှိရာ မြေကွက်၏ ⅓(သုံးပုံတစ်ပုံ)အကျိုးခံစားခွင့်အရပ်ရပ်ကို ဖတေးအလီက ဝယ်ယူပိုင်ဆိုင်ခဲ့ပါသည်။

ထိုသို့ဝယ်ယူပိုင်ဆိုင်လာရာမှ ဖတေးအလီ ကွယ်လွန်ပြီးနောက် တစ်ဦးတည်းသောသမီး ဒေါ်ရုစ္စလ်ဘီဂန် ၁၂/ကတတ(ဧည့်)၀၀၀၂၇၉က အမွေဆက်ခံပိုင်ဆိုင်ပြီး ယခုအခါ မိမိအား အပြီးအပိုင်လွှဲပြောင်းပေးအပ်လိုက်ပြီးဖြစ်ကြောင်းနှင့် အထက်ဖော်ပြပါ အကျိုးခံစားခွင့်အရပ်ရပ်တို့အား မည်သူတစ်ဦးတစ်ယောက်မှ ကျွန်မ မသိရှိဘဲ ရောင်းဝယ်ခြင်း၊ ငှားရမ်းခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း၊ အာမခံတင်သွင်းခြင်း၊ တစ်နည်းနည်းဖြင့် စီမံခန့်ခွဲခြင်းမပြုလုပ်ရန် အသိပေးကြေညာအပ်ပါသည်။

**ဒေါ်ခင်ခင်စိုး ၁၂/ကတတ(နိုင်)၀၀၀၂၈၁**
**အမှတ် ၃၅(အေ)၊ ၁၅၅ လမ်း၊ တာမွေကြီး**
**(က+ဂ)ရပ်ကွက်၊ တာမွေမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး**

### ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၄ယ/၈၁၇၁၃ ကန်ဘို 100 ယာဉ်လက်ဝယ်ရှိသူ ဒေါ်စုစုလှိုင် ၉/တတဥ(နိုင်)၀၈၂၄၆၁က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ကျောက်ဆည်)**

### ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ မြေတိုင်းရပ်ကွက်(၁၆၈)၊ မြေကွက်အမှတ်(၂၆၅/က)၊ အလျားပေ ၂၀×အနံပေ ၆၀ မြေကွက်ရရှိသူ အမည်ပေါက်ဦးသတိုးရွှေ၏ဇနီး မခိုင်ခိုင်ဦး (ဘ) ဦးစိန်လွင် ၇/ပခန(နိုင်)၂၄၉၉၂၆က မြေချစလစ်ပြား ပျောက်ဆုံးသွားပါသဖြင့် မြေချပါမစ်ပြုလုပ်ပေးရန် လျှောက်ထားလာပါသဖြင့်ယင်းမြေကွက်နှင့်ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ကြော်ငြာပါသည့်ရက်မှ ၁၅ရက်အတွင်း ဤဦးစီးဌာနသို့ သက်ဆိုင်ရာစာရွက်စာတမ်း အထောက်အထားမူရင်းများတင်ပြ၍ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိကန့်ကွက်ခြင်းမရှိပါက မြေပါမစ်ပြုလုပ်ပေးရန်အတွက် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြေယာရုံးခွဲ(၁၂)**
**မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန**

### ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်ာန်းကျွန်းမြို့နယ်၊ သုမင်္ဂလာအိမ်ရာစီမံကိန်း၊ နှစ်ခန်းတွဲ သုံးထပ်တိုက်၊ တိုက်အမှတ်(အို၃)၊ အခန်းအမှတ် ၂၀၁၊ ဧရိယာ ၁၀၈၀ စတုရန်းပေအကျယ်ရှိ တိုက်ခန်းအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အဆက်စပ်စာချုပ်ဖြင့် ရောင်းချပိုင်ခွင့်ရှိသူထံမှ ကျွန်ုပ်မိတ်ဆွေက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်စရန်ငွေပေးချေပြီးဖြစ်ပါသည်။ ထို့ကြောင့် အထက်ပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ပိုင်ဆိုင်မှုစာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပြီး သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အဆိုပါအရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်သန္တာစိုး (စဉ်-၂၀၇၅၈) LL.B**

**အမှတ်၃/၄၆၊ဗိုလ်ရာညွန့်လမ်း၊ဒဂုံမြို့နယ်၊ရန်ကုန်မြို့၊ဖုန်း-၀၉-၄၉၂၅၂၈၇၉၊၀၉-၄၂၁၀၅၉၂၃၃**

### ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၁၊ မြေကွက်အမှတ် ၈၃ ဒုတပ်ကြပ်ညိုအေး ကိုယ်ပိုင်အမှတ် ၆၉၄၇၀၆အမည်ပေါက်မြေကွက်အား ဝယ်ယူထားသူ ဒေါ်မြင့်မြင့် ၈/ပခက(နိုင်)၁၉၁၅၄၀က အရောင်းအဝယ်စာချုပ်များတင်ပြ၍ ပါမစ်မူရင်း ထုတ်ယူခွင့်ပြုပါရန် လျှောက်ထားလာသဖြင့် ကန့်ကွက်ရန်ရှိပါက ကြော်ငြာသည့်ရက်မှစ၍ ၁၅ ရက်အတွင်း ဤဦးစီးဌာနသို့ လာရောက်၍ သက်ဆိုင်ရာ စာရွက်စာတမ်းအထောက်အထားမူရင်းများ တင်ပြ၍ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက မြေချပါမစ်မူရင်း ထုတ်ပေးရေးကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြေနှင့်အခွန်ဌာနခွဲ၊မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန**
**နေပြည်တော်**

### ကန့်ကွက်နိုင်ပါကြောင်း

အလုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၃M၊ မြေကွက်အမှတ် II ၂B၊ မြေကွက်တည်နေရာ ၁၀၊ သစ်တောလမ်း၊ စော/နောက်ရပ်ကွက်၊ အလုံ ဦးထွန်းရွှေအမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက်ထံမှ ပိုင်ဆိုင်စာချုပ်အမှတ် ၄၄၉၂ / ၂-၁၂-၁၃ ဖြင့် ပိုင်ဆိုင်လာသူ ဦးညီညီထွန်း ၁၂/စခန(နိုင်)၀၃၂၈၈၈၊ ဒေါ်မြစန္ဒါထွန်း ၁၂/အလန(နိုင်)၀၁၁၂၃၀တို့မှ ဂရန်ပျောက်ဆုံးကြောင်း ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး ထောက်ခံစာ၊ ရဲစခန်းထောက်ခံစာ၊ကျမ်းကျိန်လွှာ၊မှတ်ပုံတင်မိတ္တူ၊စာချုပ်မိတ္တူတင်ပြ၍ ဂရန်မိတ္တူလျှောက်ထားလာခြင်းအား၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

16-1 (18).pmd 1 1/15/2014, 10:29 AM

နယ်သတင်းနှင့်ဆောင်းပါး

## ငဖဲမြို့နယ်တောင်ပေါ်ဒေသ ငဖဲကျေးရွာ စိမ့်စမ်းရေသွယ်ခြင်းလုပ်ငန်းဖွင့်

**ငဖဲ ဇန်နဝါရီ ၁၅**

(၆၆)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် ငဖဲမြို့နယ် တောင်ပေါ်ဒေသ ပဇီကျေးရွာ စိမ့်စမ်းရေသွယ်ခြင်းလုပ်ငန်း ဖွင့်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၁ ရက် နံနက် ၁၁နာရီက အဆိုပါ ကျေးရွာ စိမ့်စမ်းရေထိန်းသိမ်းရေး ရေလှောင်ကန်ရှေ့၌ ကျင်းပရာ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးလှပြုံး၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးနိုင်ဝင်း ဇော်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ)**

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူးဦးနိုင်ဝင်းက တောင်ပေါ်ဒေသ စိမ့်စမ်းရေသွယ်ယူရေးနှင့်ပတ်သက်ပြီး အဖွင့်အမှာစကား ပြောကြားပြီး မြို့နယ်စည်ပင်သာယာရေးအဖွဲ့ တာဝန်ခံအင်ဂျင်နီယာ ဦးထွန်းမင်းသန့်က စိမ့်စမ်းရေသွယ်ယူခြင်းနှင့်ပတ်သက်ပြီး အသေးစိတ် ရှင်းလင်းပြောကြားသည်။

ထို့နောက် တောင်ပေါ်ဒေသ ပဇီကျေးရွာအုပ်ချုပ်ရေးမှူး ဦးသိန်းဌေးက ယခင်က မိမိတို့ကျေးရွာသောက်သုံးရေရရှိရန် ဝါးလုံးများ သွယ်တန်းပြီး အဆင့်ဆင့်ရယူခဲ့ရကြောင်း ယခုဆိုရင် အိမ်ထောင်တစ်စုချင်း အိမ်ပေါ်အရောက် အခက်အခဲမရှိ သောက်သုံးရေ ရရှိမှာဖြစ်တယ်။ ဒါကြောင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး၊ စိမ့်စမ်းရေသွယ်ခြင်းလုပ်ငန်းအား အဘက်ဘက်မှ ကူညီဆောင်ရွက်ပေးကြတဲ့ တာဝန်ရှိပုဂ္ဂိုလ်အားလုံးအား အထူးပင် ကျေးဇူးတင်ရှိပါကြောင်း ပြောကြားခဲ့ပြီး မြို့နယ်အုပ်ချုပ်ရေးမှူးက အိမ်တိုင်ရာရောက်သွယ်တန်းထားသည့် ရေပိုက်လိုင်းရေဘဲအား ဖွင့်လှစ်ပေးကြောင်း သိရသည်။ **သန်းနိုင်ဦး(ငဖဲ)**

## ကျေးလက်ဒေသဖွံ့ဖြိုးရေး ကျေးရွာချင်းဆက် လမ်းဖောက်လုပ်ဆောင်ရွက်

**တွံတေး ဇန်နဝါရီ ၁၅**

ရန်ကုန်တိုင်းဒေသကြီး ရန်ကုန် တောင်ပိုင်းခရိုင် တွံတေးမြို့နယ် တွံတေးရေကျော်လမ်းနှင့် တွံတေးတူးမြောင်းအကြားတွင် ကျေးရွာပေါင်း ၁၀ ရွာခန့်ရှိပြီး လူဦးရေ တစ်သောင်းကျော် နေထိုင်ကြပြီး အဆိုပါ ကျေးလက်နေပြည်သူများသည် လမ်းပန်းဆက်သွယ်ရေးတွင် ကုန်းလမ်းဖြင့်သွားလာရန် အလွန်ခက်ခဲပြီး ရေလမ်းကိုသာ အသုံးပြုလျက်ရှိသည်။

သို့ဖြစ်၍ ပြည်ထောင်စုလွှတ်တော်နာယက၊ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ သူရဦးရွှေမန်း၏ တွံတေးခရီးစဉ်တွင် လမ်းညွှန် မှာကြားချက်အရ တွံတေးမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုးသာ၊ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်များဖြစ်ကြသော ဒေါက်တာသိန်းဇော်မြင့်၊ ဒေါက်တာအုန်းကြွယ်တို့၏ လမ်းညွှန်စီမံမှု၊ မြို့အထောက်အကူပြုကော်မတီတို့ ပူးပေါင်း၍ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးအစီအစဉ်တို့ဖြင့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျေးရွာချင်းဆက်မြေသားလမ်းကို စက်ယန္တရားများဖြင့် ဖောက်လုပ်နေပြီဖြစ်သည်။ **(အောက်ပုံ)**

ယခုအချိန်တွင် အဆိုပါလမ်းဖောက်လုပ်ဆောင်ရွက်မှုသည် တစ်ကြောင်းထိုး မြေသားလမ်း အကျယ် ၁၈ ပေ၊ အမြင့် ၆ ပေ၊ အရှည် ၁ မိုင်၂ ဖာလုံခန့်ပြီးစီးပြီဖြစ်၍ ကျေးရွာချင်းဆက်မြေသားလမ်း အရှည်မှာ ၇ မိုင် ၅ဖာလုံဖောက်လုပ်မည်ဖြစ်ရာ ယင်းကျေးရွာချင်းဆက် မြေသားလမ်းသည် ရှမ်းစုလေး၊ အုန်းပင်ချောင်း၊ ငွေပန်းစု၊ သဲကုန်း၊ ရွှေလှေချောင်(တွံ)၊ တမွတ်၊ အမွတီ၊ ကြံလမုကျေးရွာများကိုဖြတ်၍ ဖောက်လုပ်မည်ဖြစ်ကြောင်း အနီးပတ်ဝန်းကျင်ရှိ ကျေးရွာပေါင်း ၂၀ ခန့်၏ ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူ ပြုလာတော့မည်ဖြစ်သည်။

ယင်းဒေသခံ ပြည်သူများသည် လမ်းပန်းဆက်သွယ်ရေးတွင် ယခင်က တွံတေးတူးမြောင်းကိုသာ လမ်းမကြီးသဖွယ်အားထားအမှီပြု နေထိုင်ကြသော်လည်း ရှမ်းစုလေး၊ အုန်းပင်ချောင်း၊ ရွှေလှေချောင်(တွံ)ကျေးရွာချင်းဆက် မြေသားလမ်းဖောက်လုပ်ပြီးပါက ၂၀၁၄ ခုနှစ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ အစီအမံဖြင့် ကွန်ကရစ်ဘီလမ်း ၂ မိုင်ခွဲ ဆက်လက် ခင်းပေးသွားမည်ဖြစ်သည့်အတွက် ကုန်းလမ်းခရီးဖြင့် အချိန်မရွေးသက်သာလွယ်ကူစွာ သွားလာနိုင်ကြတော့မည်ဖြစ်သည်။ ကူးသန်းရောင်းဝယ်ရေးတွင် ဒေသထွက်ကုန် သား၊ ငါး၊ ခြံထွက်သီးနှံများ တင်ပို့ရာတွင် ရေကြောင်းကိုသာ အားထားရန်မလိုဘဲ ကုန်းလမ်းခရီးဖြင့် တွံတေးမှတစ်ဆင့် ရန်ကုန်မြို့နှင့် အခြား မြို့များသို့ ကျေးရွာချင်းဆက်လမ်းကို အသုံးပြု၍ တင်ပို့နိုင်တော့မည် ဖြစ်သည်။

အဆိုပါ ကျေးရွာချင်းဆက်လမ်း ပြီးစီးပါက လမ်းပန်းဆက်သွယ်ရေး ဖွံ့ဖြိုးတိုးတက် ကောင်းမွန်လာမည် ဖြစ်သောကြောင့် ကျန်းမာရေး၊ ပညာရေး၊ စီးပွားရေးနှင့် လူမှုရေး အခက်အခဲများကို အချိန်တိုအတွင်း ဆောင်ရွက်နိုင်တော့မည် ဖြစ်သည့်အတွက် ဒေသခံပြည်သူအားလုံးသည် ကျေးရွာချင်းဆက်လမ်း ဖြစ်မြောက်အောင်စီစဉ်ဆောင်ရွက်ကြသူအားလုံးကို ကျေးဇူးတင် ဝမ်းမြောက်လျက်ရှိကြောင်းသိရသည်။ **မျိုးလှိုင်(တွံတေး)**

## ပညာရေးစုံညီပွဲတော် ဟိုပုံးမြို့၌ကျင်းပ

**ဟိုပုံး ဇန်နဝါရီ ၁၅**

ကျောင်းနေပျော်၍ စာတော်ရမည် ဟူသောရည်ရွယ်ချက်ကို ဦးတည်လျက် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့ အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်း၏ ၂၀၁၃-၂၀၁၄ ပညာသင်နှစ် ပညာရေးစုံညီပွဲတော် အခမ်းအနားကို ဇန်နဝါရီ ၉ရက် နံနက် ၉ နာရီက အဆိုပါ ကျောင်းရှေ့ကွင်းပြင်၌ ကျင်းပရာ ဒေသဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးခွန်စံလွင် တက်ရောက်၍ ကျောင်း၌ ဝဝေဆာဆာ ခင်းကျင်းပြသထားသည့် ကျောင်းသား ကျောင်းသူ လက်ရာများဖြစ်သော သိပ္ပံခန်း၊ အိမ်တွင်းမှုသက်မွေးခန်း၊စာကြည့်တိုက်တို့ကို လိုက်လံကြည့်ရှုရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်ဌေးဝင်းနှင့်တာဝန်ရှိသူ ဆရာမများက လိုက်လံရှင်းလင်းပြသကြသည်။

ဆက်လက်၍ အထက(၂) ဟိုပုံး ဘင်ခရာတပ်ဖွဲ့မှ သရုပ်ပြတီးမှုတ်ဧည့်ခံ၍ အခမ်းအနားကို ဖွင့်လှစ်ပေးပြီး ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ ဥက္ကဋ္ဌ ဦးခွန်စံလွင်က အမှာစကားပြောကြားပြီး မြို့နယ် လက်ထောက်ပညာရေးမှူးဦးဇော်လွင်က ပညာရေးစုံညီပွဲတော်ကျင်းပရခြင်း၏ ရည်ရွယ်ချက်နှင့် လုပ်ငန်းများအကြောင်းကို ရှင်းလင်း၍လည်းကောင်း၊ ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဥက္ကဋ္ဌ ဦးထွက်ဝက ပအိုဝ်းဘာသာစကားဖြင့် ကျေးဇူးတင်ကြောင်း ပြောကြားသည်။

ယင်းနောက် အထက(၂) ဟိုပုံး ဘင်ခရာတပ်ဖွဲ့အတွက် ဂုဏ်ပြုဆုငွေကျပ်တစ်သိန်းကို ဒေသဦးစီးအဖွဲ့ ဥက္ကဋ္ဌကချီးမြှင့်ရာ ဘင်ခရာတပ်ဖွဲ့ဝင်တစ်ဦးက လက်ခံယူကြသည်။

ဆက်လက်၍ ပညာရေး၊ အားကစားများတွင် အသင်းလိုက် ထူးချွန်ဆုရရှိခဲ့ကြသည့် ကျောင်းသား ကျောင်းသူများအား တာဝန်ရှိသူများက ဆုများအသီးသီး ပေးအပ်ချီးမြှင့်ကြပြီး ကျောင်းသား ကျောင်းသူလေးများက တိုင်းရင်းသားရိုးရာ အကများဖြင့် ကပြဖျော်ဖြေကြသည်။

**(မြို့နယ် ပြန်/ဆက်)**

## စံပြမိခင်များအား လျှုဖွယ်ပစ္စည်း လှူဒါန်း

**ကျွန်းလှ ဇန်နဝါရီ ၁၅**

စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့၌ (၆၆)နှစ်မြောက် လွတ်လပ်ရေးနေ့တွင် မွေးဖွားသော စံပြမိခင်များအား မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက် ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ထားထားအေးနှင့် အဖွဲ့ဝင်များက ဇန်နဝါရီ ၇ ရက် မွန်းလွဲ ၂ နာရီက ပြည်သူ့ဆေးရုံသားဖွားဆောင်တွင် လှူဖွယ်ပစ္စည်းများ လှူဒါန်းကြကြောင်းသိရသည်။

ထိုစံပြမိခင်များမှာ ကန့်ဘလူမြို့နယ်၊ အင်းမကျေးရွာနေ ဒေါ်ဦး က ငါးပေါင်ခွဲနှင့် ငါးပေါင်ရှိ မိန်းကလေးအမြွှာပူးကိုလည်းကောင်း၊ ကျွန်းလှမြို့နယ်ညောင်ကိုင်းကျေးရွာမှ ဒေါ်ညိုညိုက ခြောက်ပေါင်ရှိ ယောက်ျားလေးကိုလည်းကောင်း၊ ကောလင်းမြို့နယ် ကြာအင်းကျေးရွာနေ ဒေါ်ဖြူဖြူက ၇ ဒသမ၅ ပေါင်ရှိ ယောက်ျားလေးတို့အား မြို့နယ်ဆရာဝန်ကြီး ဒေါက်တာစန်းဌေးက အောင်မြင်စွာ ခွဲစိတ်မွေးဖွားပေးကြောင်း သိရသည်။

**(ယာပုံ) (မြို့နယ်ပြန်/ဆက်)**

### လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
### ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်
## အိတ်ဖွင့်တင်ဒါကြော်ငြာခေါ်ယူခြင်း

အထက်ပါအကြောင်းအရာနှင့်ပတ်သက်၍ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်တွင် ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်၊ ငွေလုံးငွေရင်း အသုံးစရိတ်ခွင့်ပြုရန်ပုံငွေဖြင့် တည်ဆောက်မည့် ကျောင်းသားကျောင်းသူ Foot Court အဆောက်အအုံ တည်ဆောက်ခြင်းလုပ်ငန်းအတွက် ပြည်တွင်းစီးပွားရေးလုပ်ငန်းရှင်များထံမှ တင်ဒါအဆိုပြုလွှာများ တင်သွင်းနိုင်ပါသည်။

တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များအား တစ်စုံလျှင် ကျပ်တစ်သောင်းနှုန်းဖြင့် ၁၅-၁-၂၀၁၄ ရက်မှစ၍ အောက်ဖော်ပြပါလိပ်စာတွင် လာရောက်ထုတ်ယူနိုင်ပါသည်။

**တင်ဒါပုံစံပိတ်ရက်နှင့်အချိန်** - ၁၄-၂-၂၀၁၄ ရက်၊ ညနေ ၄ နာရီ

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**
**ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်**
**ဆက်သွယ်ရန် ဖုန်း-၀၉-၄၉၂၀၁၀၅၁**



## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ သဃ်ာန်းကျွန်းမြို့နယ်၊ ရန်ကုန်သစ်ရပ်ကွက်၊ ကမ်းနားလမ်း၊ အမှတ် ၁၄ နေ ဦးကျော်တင့် ၁၂/သဃက(နိုင်)၀၈၉၄၈၅၊ ဒေါ်ဝေဝေနိုင် ၁၂/သဃက(နိုင်)၀၈၇၇၅၈ ကိုင်ဆောင်သူတို့၏ လွှဲအပ်ချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်။ ရန်ကုန်မြို့၊ သဃ်ာန်းကျွန်းမြို့နယ်၊ ရန်ကုန်သစ်ရပ်ကွက်၊ ကမ်းနားလမ်း၊ မြေတိုင်းရပ်ကွက်အမှတ်-ရန်ကုန်သစ်၊ မြေကွက်အမှတ် ၉၆၉၊ (အလျား ၁၉ ပေ×အနံ ၆၆ ပေ)၊ ဧရိယာ ၀ ဒသမ၀၂၈၇ ဧက၊ စတုရန်းပေ ၁၂၅၄ ရှိ နှစ်(၆၀)မြေငှားဂရန်မြေကွက်တည်ရှိသည့် အထက်ပါလိပ်စာတွင် အဆောက်အအုံဆောက်လုပ်မည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောစာရွက်စာတမ်းအထောက်အထားဖြင့် ကျွန်ုပ်ထံသို့ သတင်းစာကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးတင်မျိုးညွန့်(အထက်တန်းရှေ့နေ၊ စဉ်-၂၂၀၀၆)**
**အမှတ် ၃၅၊ ၃၅ လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့**



## မွေးနေ့ဆုတောင်း

**၁၆-၁-၂၀၁၄**

ချစ်ခင်ပွန်း၊ ချစ်ဖေဖေ ဗိုလ်မှူးအောင်နိုင်ဦးရဲ့ ၁၆-၁-၂၀၁၄ ရက် မွေးနေ့ရက်မြတ်မှသည် နောင်နှစ်ပေါင်းများစွာတိုင် ကိုယ်ကျန်းမာ၊ စိတ်ချမ်းသာစွာဖြင့် လောကီ၊ လောကုတ္တရာအကျိုးများကို ချစ်သောမိသားစုနှင့်အတူ ပိုင်ဆိုင်နိုင်ပါစေ-

**ချစ်ဇနီး-ဗိုလ်ကြီးမြင့်မြင့်သန်း**
**ချစ်သား-မောင်ထက်ရဲရင့်(VII-A၊ အထက-၂၊ နေပြည်တော်)**
**ချစ်သမီး-မကုဋ္ဌေထက်ခိုင်(I-A၊ အထက-၂၊ နေပြည်တော်)**

## နက်နဲထူးဆန်း မြတ်ပဋ္ဌာန်းတရားတော်သင်တန်း

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ အာဇာနည်လမ်း၊ မင်္ဂလာဗျူဟာအသင်းချုပ်၌ အရှင်အာစာရာဘိဝံသ မဟာဓမ္မာစရိယ (M.A - Buddhism) ပိဋကတ္တယပါရဂူဆရာတော်မှ မြတ်ဗုဒ္ဓ၏ကြောင်းကျိုးပြပဋ္ဌာန်းတရားတော်သင်တန်းကို ၂၅-၁-၂၀၁၄ရက် မွန်းလွဲ ၁း၃၀နာရီ မှ ညနေ ၃း၃၀နာရီအထိ အပတ်စဉ် စနေ၊ တနင်္ဂနွေနေ့တိုင်း ခုနစ်ပတ်ဓမ္မဒါန ဖွင့်လှစ်ပို့ချမည်ဖြစ်ပါ၍ စိတ်ပါဝင်စားသူ ဓမ္မမိတ်ဆွေများ တက်ရောက်သင်ကြားနိုင်ပါသည်။

**ဓမ္မစာပေသင်တန်းအဖွဲ့**
**မင်္ဂလာဗျူဟာအသင်းချုပ်**
**ဖုန်း-၀၁-၃၇၀၉၅၈၊ ၃၇၅၇၅၉**



## ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်

တောင်ကြီးခရိုင်၊ ကလောမြို့၊ အမှတ်(၃)ရပ်ကွက်၊ အမှတ် ၄၅၊ ဗိုလ်ကုန်းအရှေ့ပိုင်း၊ ဂရန်အမည်ပေါက် ၃ ဒသမ ၁၃၆ ဧက၊ ရောင်းရန်ရှိသည်။

**ဆက်သွယ်ရန်-ဖုန်း-၀၉-၄၃၁၅၈၂၅၉၊ ၀၉-၄၂၀၀၁၅၅၁၀**



## ကန့်ကွက်နိုင်ပါသည်

မင်္ဂလာတောင်ညွှန့်မြို့နယ်၊ ယုဇနပလာဇာ၊ ပထမထပ်ဆိုင်ခန်းအမှတ် ခ-၃/၄တွင် တပ်ဆင်ထားသော ဒေါ်သန်းသန်းမြင့် ၁၀/မလမ(နိုင်)၀၁၇၆၈၀ ဝယ်ယူတပ်ဆင်ထားသော ယုဇနပလာဇာ လိုင်းခွဲဖုန်း-၁၄၆၆ ၏ ဘောက်ချာမူရင်းပျောက်ဆုံးသွားပါ၍ မိတ္တူမှန်ထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ယုဇနပလာဇာ၊ ဒုတိယထပ်ရုံးခန်း**
**ဖုန်း-၂၀၀၈၀၁၊ ၂၀၀၇၄၇၊ လိုင်းခွဲ-၄၄၄၄**

# ဌာနဆိုင်ရာကြော်ငြာ

## ပြန်ကြားရေးဝန်ကြီးဌာန
## မြန်မာ့အသံနှင့်ရုပ်မြင်သံကြားအတွက်
## စက်ပစ္စည်းများဝယ်ယူရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားအတွက် လိုအပ်သော အောက်ဖော်ပြပါစက်ပစ္စည်းများကို ပြည်တွင်းသုံးငွေ(ကျပ်)ဖြင့် ဝယ်ယူလိုပါသဖြင့် အိတ်ဖွင့်တင်ဒါများ တင်သွင်းကြရန် ဖိတ်ခေါ်ပါသည်။

| | | |
|---|---|---|
| (က) | 3 KW TV Transmitter (Dual Cast) | 1 Set |
| (ခ) | Rail Camera (Studio Type) | 1 Set |
| (ဂ) | News Room Computer System | 1 Lot |
| (ဃ) | Broadcasting Equipment | 1 Lot |
| (င) | Air Condition System | 1 Lot |

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ၁၃-၁-၂၀၁၄ ရက်မှ ၂၄-၁-၂၀၁၄ ရက်အထိ နေ့စဉ်နံနက် ၉း၃၀နာရီမှ ညနေ ၄း၃၀နာရီအတွင်း မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၊ နေပြည်တော်(တပ်ကုန်း)တွင် လာရောက်ထုတ်ယူနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါများကို ၂၅-၁-၂၀၁၄ရက် နံနက် ၉း၃၀နာရီမှ ညနေ ၄း၃၀နာရီအတွင်း မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၊ နေပြည်တော်(တပ်ကုန်း)ရှိ တင်ဒါအဖွဲ့ဝင်များရှေ့မှောက်တွင် လာရောက်ပေးသွင်းရန် ဖြစ်ပါသည်။ သတ်မှတ်အချိန်ကာလထက်ကျော်လွန်သော တင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၄။ အိတ်ဖွင့်တင်ဒါပုံစံစည်းကမ်းချက်များ၊ စက်ပစ္စည်းစာရင်းနှင့်အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် စုံစမ်းထုတ်ယူနိုင်ပါသည်။

**စက်ပစ္စည်းများဝယ်ယူရေးကော်မတီ**
**မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၊ နေပြည်တော်**
**ပြန်ကြားရေးဝန်ကြီးဌာန**
**ဖုန်း-၀၆၇-၇၉၄၈၃၊ ၀၆၇-၇၉၁၃၅၊ ၀၆၇-၇၉၄၁၁**

## ပြန်ကြားရေးဝန်ကြီးဌာန
## ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန
## နံရံကပ်စာပေရေချမ်းစင် (Mini Book Corner)အိတ်များ ဝယ်ယူရန်
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ပြည်သူများ ဗဟုသုတအသိပညာတိုးပွားစေရေးအတွက် အခမဲ့လေ့လာဖတ်ရှုနိုင်ရန် စီစဉ်ဆောင်ရွက်ပေးလျက်ရှိသော နံရံကပ်စာပေရေချမ်းစင်(Mini Book Corner)နံရံကပ်အိတ်များကို အောက်ပါအတိုင်း ဝယ်ယူလိုပါသည်-

| **ပစ္စည်းအမျိုးအမည်** | **အရေအတွက်** |
|---|---|
| နံရံကပ်စာပေရေချမ်းစင် (Mini Book Corner) အလျား ၂ပေ၊ အနံ ၂ပေ၊ ပတ္တူစအပြာရောင် နံရံကပ်အိတ်၊ စာအုပ်/စာစောင်များထည့်ရန်အဆင့်သုံးဆင့်ပါရှိပြီး စုစုပေါင်း ပညာရပ်စာအုပ် (၁၂)မျိုးထည့်ရန် အိတ်ကပ်အငယ်များ (၁၂)အိတ်ပါရမည်။ **(လက်ရှိ-ကားဂိတ်၊ ဘူတာ၊ ဆေးရုံ၊ ဘဏ် စသည်တို့တွင် ထားရှိသောနမူနာအတိုင်း ဖြစ်ပါသည်)** | ၅၀၀၀ အိတ် |

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ၁၂-၁-၂၀၁၄ ရက်မှ ၂၇-၁-၂၀၁၄ ရက်အထိ နေ့စဉ် ၀၉း၃၀ နာရီမှ ၁၆း၃၀ နာရီ ရုံးဖွင့်ရက်အတွင်း အောက်ပါလိပ်စာများတွင် လာရောက်ထုတ်ယူနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါများကို ၂၈-၁-၂၀၁၄ ရက် ၀၉း၃၀နာရီမှ ၁၆း၃၀နာရီအတွင်း ပြန်ကြားရေးဝန်ကြီးဌာန၊ ရုံးအမှတ် (၇)၊ နေပြည်တော်ရှိ တင်ဒါအဖွဲ့ဝင်များရှေ့မှောက်၌ လာရောက်ပေးသွင်းရန်ဖြစ်ပါသည်။ သတ်မှတ်ကာလထက်ကျော်လွန်သော တင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၄။ အိတ်ဖွင့်တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဖုန်း-၀၆၇-၄၁၂၃၆၅၊ ၀၆၇-၄၁၂၁၆၄ တို့သို့လည်းကောင်း၊ နံရံကပ်စာပေရေချမ်းစင်ပုံစံများကို အသေးစိတ်သိရှိလိုပါက ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုံးစိုက်ရာ တိုင်းဒေသကြီး/ပြည်နယ်နှင့် ခရိုင်ရုံးများသို့ သွားရောက်ကြည့်ရှုမေးမြန်းစုံစမ်းနိုင်ပါသည်။

| **တင်ဒါပုံစံများထုတ်ယူရန်လိပ်စာ** | **တင်ဒါတင်သွင်းရန်လိပ်စာ** |
|---|---|
| **ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန** | **ပြည်တွင်း/ပြည်ပ ပစ္စည်းများဝယ်ယူရေးနှင့်** |
| **ပြန်ကြားရေးဝန်ကြီးဌာန** | **ထုခွဲရောင်းချရေးကော်မတီ** |
| **ရုံးအမှတ်(၇)၊ နေပြည်တော်** | **ပြန်ကြားရေးဝန်ကြီးဌာန** |
| **ဖုန်း-၀၆၇-၄၁၂၃၆၉၊ ၀၆၇-၄၁၂၃၆၆** | **ရုံးအမှတ်(၇)၊ နေပြည်တော်** |
| | **ဖုန်း-၀၆၇-၄၁၂၃၂၇** |

## သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
## အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန
## ကွန်ပျူတာတက္ကသိုလ်(ပင်လုံ) တင်ဒါခေါ်ယူခြင်း

၁။ ကွန်ပျူတာတက္ကသိုလ်(ပင်လုံ)၏ (က) ကွာကျပျက်စီးနေသော မျက်နှာကြက်နှင့် နိမ့်ကျွံကွဲအက်သော ကြွေပြားများပြင်ဆင်ရန်၊ (ခ) ပင်မသုံးထပ်ကျောင်းဆောင်နှင့် ကျောင်းအုပ်ကြီးနေအိမ်၊ ဆရာမဆောင်များဆက်သွယ်သောလမ်းခင်းရန် (One Lane 2'-6', Length 935 ft) and Two Lane (1'-6", Length 1360 ft) အတွက် တင်ဒါတင်သွင်းရန် ဖိတ်ခေါ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့်စည်းကမ်းချက်များကို ကြော်ငြာပါသည့်ရက်မှစ၍ ရုံးချိန်အတွင်း ကွန်ပျူတာတက္ကသိုလ် (ပင်လုံ)တွင် ဝယ်ယူနိုင်ပြီး အဆိုပါအိတ်ဖွင့်တင်ဒါများကို ၂၇-၁-၂၀၁၄ရက် ၁၆း၀၀နာရီတွင် နောက်ဆုံးထား၍ ကွန်ပျူတာတက္ကသိုလ်(ပင်လုံ)သို့ လာရောက်တင်သွင်းရန်ဖြစ်ပါသည်။ အသေးစိတ်အချက်အလက်များအား အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးအဖွဲ့ ဖုန်း-၀၈၁-၃၀၄၅၃၊ ၀၉-၈၃၆၂၆၂၉၊ ကွန်ပျူတာတက္ကသိုလ်(ပင်လုံ)**

## ကျန်းမာရေးဝန်ကြီးဌာန
## ကျန်းမာရေးဦးစီးဌာန
## ပြည်သူ့ဆေးရုံကြီး၊ ဟားခါးမြို့
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကျန်းမာရေးဦးစီးဌာန၊ ပြည်သူ့ဆေးရုံကြီး၊ ဟားခါးမြို့တွင် တက်ရောက်ကုသလျက်ရှိသော လူနာများ ကုသပေးရန် လိုအပ်သောဆေးဝါးများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါများပေးသွင်းရန် ခေါ်ယူအပ်ပါသည်။

၂။ **ဈေးနှုန်းတင်သွင်းလွှာပုံစံများ**

| | | |
|---|---|---|
| **စတင်ရောင်းချမည့်ရက်** | - | ၁-၁-၂၀၁၄ ရက် |
| **တင်ဒါပိတ်မည့်ရက်နှင့်အချိန်** | - | ၃၁-၁-၂၀၁၄ ရက် ညနေ ၄း၀၀နာရီ |

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းချက်များနှင့် ပစ္စည်းများ စာရင်းအသေးစိတ်ကို သိရှိလိုပါက နေ့စဉ် ရုံးချိန်အတွင်း အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းနိုင်ပါသည်။

**ဆေးရုံအုပ်ကြီး**
**ပြည်သူ့ဆေးရုံကြီး၊ ဟားခါးမြို့၊ ဖုန်း-၀၇၀-၂၁၀၆၉**

**တစ်ဦးတည်း ဖြစ်ကြောင်း**

ကော့ကရိတ်မြို့၊ အမှတ် (၃)ရပ်ကွက်နေ စောအောင်ကျော်ဇင်၏ ဖခင်အမည်မှန်မှာ ဦးစောလွန်းတင်(ခ)ဦးလွန်းတင် ၃/ကကရ(နိုင်) ၀၀၄၂၈၇ ဖြစ်ပါကြောင်း။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## တင်ဒါခေါ်ယူရေးအဖွဲ့
## မွန်ပြည်နယ်
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်နှင့် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်များတွင် မွန်ပြည်နယ်၊ မော်လမြိုင်မြို့ ကိုယ်ပွားသတင်းစာတိုက်နှင့် သတင်းဗျူရိုရုံးဆောက်လုပ်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် စိတ်ပါဝင်စားသော ဆောက်လုပ်ရေးလုပ်ငန်းရှင်များမှ အိတ်ဖွင့်တင်ဒါများ တင်သွင်းနိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်။

| | | | |
|---|---|---|---|
| ၂။ | **တင်ဒါစတင်ရောင်းချမည့်ရက်** | - | ၁၆-၁-၂၀၁၄ ရက် (ကြာသပတေးနေ့) |
| | **တင်ဒါပိတ်မည့်ရက်** | - | ၃၁-၁-၂၀၁၄ ရက် (သောကြာနေ့) |
| | **တင်ဒါပိတ်မည့်အချိန်** | - | ညနေ ၄ နာရီ |

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းများနှင့် တင်ဒါခေါ်ယူသည့်အချက်အလက်များ အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း စုံစမ်းမေးမြန်းနိုင်ပါသည်။

(က) ဖုန်း-၀၅၇-၂၅၉၁၄ (တင်ဒါခေါ်ယူရေးအဖွဲ့)
(ခ) ဖုန်း-၀၅၇-၂၇၃၀၃ (မွန်ပြည်နယ်အစိုးရအဖွဲ့ရုံး)
(ဂ) ဖုန်း-၀၅၇-၂၇၀၇၃ (မွန်ပြည်နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန)

**တင်ဒါခေါ်ယူရေးအဖွဲ့**
**မွန်ပြည်နယ်**

## လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
## ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနမှ အောက်ဖော်ပြပါပစ္စည်းများအား ဝယ်ယူလိုပါသဖြင့် ရောင်းချနိုင်မည့်ဈေးနှုန်းကို နမူနာ(၂)ခုစီနှင့်အတူ အိတ်ဖွင့်တင်ဒါ လာရောက်ပေးသွင်းနိုင်ပါသည်-

| | | |
|---|---|---|
| (က) | **အညာချည်စောင် (အလျား ၁၅၀'' အနံ ၅၀''၊ ၆၅ ကျပ်သား)** | **၁၀၀၀၀ ထည်** |
| (ခ) | **ဒန်အိုး (၁၀'') အဖုံးပါ (၁)ပေါင်** | **၁၀၀၀၀ လုံး** |
| (ဂ) | **ပီနံအိတ် (အထူ) (အလျား၂၆'' အနံ ၄၈'')** | **၂၀၀၀၀ လုံး** |

၂။ အိတ်ဖွင့်တင်ဒါဈေးနှုန်းတင်သွင်းလွှာများအား ကြော်ငြာပါသည့်ရက် ၀၉း၃၀ နာရီမှစ၍ စည်းကမ်းချက်/တင်ဒါပုံစံတစ်စုံလျှင် (၁၀၀၀၀ိ/-)(ကျပ်တစ်သောင်းတိတိ)နှုန်းဖြင့် ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဦးစီးဌာန၊ ရုံးအမှတ် (၂၃)၊ နေပြည်တော်တွင် ၂၄-၁-၂၀၁၄ ရက်အထိ ရုံးချိန်အတွင်းဝယ်ယူနိုင်ပြီး အသေးစိတ်သိရှိလိုပါက ဖုန်း-၄၀၄၃၁၇၊ ၄၀၄၃၆၉ တို့သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဦးစီးဌာန**

## ဈေးပြိုင်စနစ်ဖြင့် လေလံတင်ရောင်းချခြင်း

၁။ လားရှိုးမြို့နယ် အကောက်ခွန်ဦးစီးဌာနမှ ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းထားသည့် အထွေထွေလူသုံးကုန်ပစ္စည်းများအား အောက်ပါအတိုင်း လေလံတင်ရောင်းချသွားမည်ဖြစ်ပါသည်-

| | | | |
|---|---|---|---|
| (က) | **လေလံတင်ရောင်းချမည့်ရက်စွဲ** | - | ၂၈-၁-၂၀၁၄ ရက် (အင်္ဂါနေ့) |
| (ခ) | **လေလံတင်ရောင်းချမည့်အချိန်** | - | နံနက် ၉း၃၀နာရီ |
| (ဂ) | **လေလံတင်ရောင်းချမည့်နေရာ** | - | မြို့နယ်အကောက်ခွန်ဦးစီးဌာနမှူးရုံး၊ လားရှိုးမြို့ |

၂။ လေလံတင်ရောင်းချခြင်းနှင့်ပတ်သက်၍ အသေးစိတ်သိရှိလိုပါက လားရှိုးမြို့နယ် အကောက်ခွန်ဦးစီးဌာနမှူးရုံး ဖုန်း-၀၈၂-၂၃၇၁၀ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**လေလံတင်ရောင်းချရေးအဖွဲ့**

## မြန်မာ့သစ်လုပ်ငန်း
## သစ်သားဂန်ထရီဟောင်းတစ်လုံးနှင့် ဂိုဒေါင်ဟောင်းသုံးလုံးအား
## အိတ်ဖွင့်လေလံတင်ရောင်းချရန်ကြော်ငြာခြင်း

၁။ မြန်မာ့သစ်လုပ်ငန်း၊ ပြည်ပရောင်းဝယ်ရေးနှင့် သစ်စက်ဌာနလက်အောက်ရှိ အမှတ် (၁) သစ်စက် (ကြည့်မြင်တိုင်မြို့နယ် ကမ်းနားလမ်းနှင့် နတ်စင်လမ်းထောင့်)အတွင်းရှိ သစ်သားဂန်ထရီဟောင်းတစ်လုံးနှင့် ဂိုဒေါင်ဟောင်းသုံးလုံးအား ဖျက်သိမ်းဝယ်ယူရန် အိတ်ဖွင့်လေလံဈေးပြိုင်စနစ်ဖြင့် ရောင်းချမည်ဖြစ်ပါသည်-

| | | | |
|---|---|---|---|
| (က) | **ပစ္စည်းအမျိုးအမည်** | - | သစ်သားဂန်ထရီဟောင်းတစ်လုံးနှင့် ဂိုဒေါင်ဟောင်းသုံးလုံး |
| (ခ) | **လေလံတင်ရောင်းချမည့်ရက်** | - | ၆-၂-၂၀၁၄ ရက် (ကြာသပတေးနေ့) နံနက် ၉း၃၀ နာရီ |
| (ဂ) | **လေလံတင်ရောင်းချမည့်နေရာ** | - | အမှတ် (၁) သစ်စက် |
| (ဃ) | **လျှောက်လွှာရောင်းချမည့်ရက်** | - | ၂၀-၁-၂၀၁၄ ရက် (တနင်္လာနေ့)မှ ၄-၂-၂၀၁၄ ရက် (အင်္ဂါနေ့)အထိ |

၂။ လျှောက်လွှာနှင့်စည်းကမ်းချက်များကို ၄-၂-၂၀၁၄ ရက်နောက်ဆုံးထား၍ ရုံးချိန်အတွင်း အမှတ် (၁) သစ်စက်တွင် ဝယ်ယူနိုင်ပါသည်။

**လေလံတင်ရောင်းချရေးအဖွဲ့**
**ဖုန်း-၀၁-၅၃၄၄၇၀၊ ၀၉-၅၃၁၀၈၈၀၊ ၀၉-၂၀၃၂၇၉၅**

## စွမ်းအင်ဝန်ကြီးဌာန
## မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)
## (၁/၂၀၁၄)

၁။ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းအတွက် အောက်ဖော်ပြပါ ရေနံတူးဖော်/ထုတ်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများအား နိုင်ငံခြားငွေ (အမေရိကန်ဒေါ်လာ)/မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

| စဉ် | တင်ဒါအမှတ် | ပစ္စည်းအမျိုးအမည် | အရေအတွက် | မှတ်ချက် |
|---|---|---|---|---|
| (၁) | IFB-164 (2013-2014) | 7"Liner Hanger and Accessories | 2 Sets | US$ |
| (၂) | IFB-165 (2013-2014) | Ariel Compressor JGK-4 with Waukesha L-7042 GSI Spares | 14 Items | US$ |
| (၃) | IFB-166 (2013-2014) | Ariel Compressor JGE-2 with Waukesha F-2895 GSI Spares | 23 Items | US$ |
| (၄) | IFB-167 (2013-2014) | Ariel Compressor JGK-4 with Waukesha P-9390 GL Spares | 11 Items | US$ |
| (၅) | IFB-168 (2013-2014) | Cooper MH64 with Waukesha P-9390 GL Spares | 20 Items | US$ |
| (၆) | IFB-169 (2013-2014) | Cooper MH64 with Waukesha 12 VAT 27 GL Spares | 27 Items | US$ |
| (၇) | IFB-170 (2013-2014) | AJAX DPC 600 Engine Spares | 16 Items | US$ |
| (၈) | IFB-171 (2013-2014) | H 2475 G Waukesha Engine Spares | 22 Items | US$ |
| (၉) | IFB-172 (2013-2014) | NKK / Kobelco Compressor KJB-2 & KB-2 Spares | 24 Items | US$ |
| (၁၀) | IFB-173 (2013-2014) | Spares for Hydraulic Mobile Grove Crane | 1 Item | US$ |
| (၁၁) | IFB-174 (2013-2014) | Geological Survey Instrument | 1 Item | US$ |
| (၁၂) | IFB-175 (2013-2014) | Industrial Chamber Oven and Core Plug Drilling Machine for Applied Research Center | 2 Items | US$ |
| (၁၃) | DMP/ L-051 (2013-2014) | Mechanical Spares for ZJ 70L SRI & II | 1 Lot | Ks |
| (၁၄) | DMP/ L-052 (2013-2014) | 3.25 MM, 4.0 MM & 5.0 MM Welding Electrode | 3 Items | Ks |

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ကြော်ငြာပါသည့်ရက်မှစ၍ ရုံးချိန်အတွင်း စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၊ ရုံးအမှတ် ၄၄ နေပြည်တော်တွင် လာရောက်ဝယ်ယူနိုင်ပါသည်။

၃။ အဆိုပါအိတ်ဖွင့်တင်ဒါများကို ၁၀-၂-၂၀၁၄ရက် ၁၆း၃၀ နာရီတွင် နောက်ဆုံးထား၍ ပစ္စည်းစီမံဌာန၊ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၊ ရုံးအမှတ် ၄၄ နေပြည်တော်သို့ လာရောက်ပေးသွင်းရန် ဖြစ်ပါသည်။

**မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း**
**ဖုန်း-၀၆၇-၄၁၁၀၉၇၊ ၀၆၇-၄၁၁၂၀၆**

## ကန့်ကွက်နိုင်ပါကြောင်း

မင်္ဂလာဒုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၄၉၇၊ ကျောက်တန်းကွင်း၊ မြေကွက်အမှတ် ၁၁၀၊ မြေကွက်တည်နေရာအမှတ် ၁၁၀၊ ရွှေနံ့သာကျေးရွာအုပ်စု၊ ရွှေနံ့သာ (ဘားလား) သစ်ခွဇုန်အတွင်းရှိ မြေကွက်ကို ရန်ကုန်တိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ၏ လုပ်ငန်းလုပ်ကိုင်ခွင့်အမိန့်စာရရှိထားသူ ဦးမြတ်ဟိန်းထံမှ အရောင်းအဝယ်ကတိစာချုပ်ဖြင့် ပိုင်ဆိုင်ခဲ့သူ ဒေါ်အေးအေးသိန်း ၁၂/မရက(နိုင်)၀၇၁၅၈၃၈၏ အထွေထွေကိုယ်စားလှယ်လွှဲစာရရှိထားသူ ဦးရဲလင်းထိုက် ၁၂/မဂဒ(နိုင်) ၀၀၀၅၉၉ နှင့် မအေးချမ်းပြည့် ၁၂/မရက(နိုင်)၁၄၅၅၂၇ ကိုယ်တိုင်မှ လုပ်ငန်းလုပ်ကိုင်ခွင့်အမိန့်စာ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးဦးစီးဌာန အုပ်ချုပ်ရေးမှူး၊ ကျေးရွာအုပ်ချုပ်ရေးမှူးထောက်ခံချက်များ၊ GP မိတ္တူ၊ ကျမ်းကျိန်လွှာ၊ အရောင်းအဝယ်ကတိစာချုပ်တို့ကိုတင်ပြ၍ နှစ်(၆၀)မြေငှားစာချုပ်ဂရန် လျှောက်ထားလာရာ တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ (၂)ရပ်ကွက်၊ အာသာဝတီ ၁ လမ်း၊ အမှတ် ၆၈ နေ ကျွန်မ၏သား မောင်ဇော်မင်းနောင်(ခ)နောင်နောင်သည် မိဘညီအစ်ကိုမောင်နှမဆွေမျိုးသားချင်းတို့၏ ဂုဏ်သိက္ခာညှိုးနွမ်းစေရန် မည်သူ့မျက်နှာမှ မထောက်ထားဘဲ မိမိဆန္ဒအလျောက် နေအိမ်မှဆင်းသွားပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သောကိစ္စအဝဝကို တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)**

**မိခင်- ဒေါ်သန်းသန်းတိုး ၁၂/ဥကမ(နိုင်)၀၄၉၅၂၀**

လူမှုရေးနှင့်စီးပွားရေးကြော်ငြာ

# အထူးဂုဏ်ယူဝမ်းမြောက်ခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတရုံး၊ အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၁၄)ဖြင့် စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့၊ ချမ်းမြသာစည်ရပ်၊ မန်ကျီးကုန်းလမ်း **ဦးသန်းထွန်း** (မန်နေဂျင်းဒါရိုက်တာ၊ မုံရွာအုပ်စုဆောက်လုပ်ရေးကုမ္ပဏီလီမိတက်) အား **သီဟသုဓမ္မမဏိဇောတဓရ ဘွဲ့တံဆိပ်တော်** ချီးမြှင့်အပ်နှင်းခြင်းခံရသည့်အတွက် မိသားစုနှင့်အတူ အထူးပင်ဂုဏ်ယူဝမ်းမြောက်မိပါသည်။ နောင်တွင်လည်း သက်ရှည်ကျန်းမာ ချမ်းသာစွာဖြင့် ဘာသာသာသနာအကျိုးကို ဆတက်ထမ်းပိုး ရွက်ဆောင်နိုင်ပါစေရန် ဆုမွန်ကောင်းတောင်း၍ အထူးပင် ဂုဏ်ယူဝမ်းမြောက်မိပါသည်။

**သန်းကုဋေအောင် စက်သုံးဆီအရောင်းဆိုင်**
**အမှတ်(၁)၊ အမှတ်(၂)၊ အမှတ်(၃)၊ အမှတ်(၄)၊ အမှတ်(၅)၊ အမှတ်(၆)မှ ဝန်ထမ်းများ**
**TGA သောက်ရေသန့်မှ ဝန်ထမ်းများ**

## အထက(၅) မင်္ဂလာတောင်ညွန့် မြတ်ဆရာပူဇော်ပွဲ

၁၉၇၆-၂၀၀၂ ခုနှစ် ကျောင်းသား ကျောင်းသူဟောင်းများ၏ တတိယအကြိမ် မြတ်ဆရာ ပူဇော်ပွဲကျင်းပနိုင်ရန် ကျောင်းသား ကျောင်းသူဟောင်းများအားလုံး အထူး အစည်းအဝေးကြီးကို ၁၉-၁-၂၀၁၄ရက် (တနင်္ဂနွေနေ့)မွန်းလွဲ ၁နာရီတွင် အထက (၅)မင်္ဂလာတောင်ညွန့်ကျောင်း၌ ပြုလုပ်မည်ဖြစ်ပါသဖြင့် စိတ်ပါဝင်စားသူ ကျောင်းသား ကျောင်းသူဟောင်းများအားလုံး တက်ရောက်ပါဝင် ဆွေးနွေးနိုင်ပါသည်။

**ဖုန်း-၀၉-၄၂၀၁၁၁၁၀၉**

## ငွေချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ကိုဧဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
ဝေါမြို့နယ်တရားမရုံး၌
၂၀၁၃ခုနှစ် တရားမကြီးမှုအမှတ်-၁၃၉

| | | |
|---|---|---|
| ဒေါ်ခင်သီ | နှင့် | ၁။ ဦးအောင်စိုး |
| | | ၂။ ဒေါ်တင်လှိုင် |
| | | ၃။ မောင်ရန်နိုင်အောင် |
| **တရားလို** | | **တရားပြိုင်များ** |

ဝေါမြို့၊ နောင်ပတ္တရာကျေးရွာနေ (၃)တရားပြိုင်မောင်ရန်နိုင်အောင် (ယခုနေရပ်လိပ်စာမသိသူ)သိစေရမည်။

သင့်အပေါ်၌ တရားလိုက တရားပြိုင်များထံမှ နစ်နာကြေးငွေ ၂၀၀၀၀၀၀ိ/- ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၄င်းရှေ့နေနှင့် ပါစေ၍ဖြစ်စေ ၂၀၁၄ ခုနှစ် ဇန်နဝါရီ ၂၇ရက် (၁၃၇၅ခုနှစ် ပြာသိုလပြည့်ကျော် ၁၂ ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၄င်းအပြင် သင်သိစေရမည်မှာ အထက်က ဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငွေချက်များကို ထုတ်ပေးလိမ့်မည်။ ၄င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၄ခုနှစ် ဇန်နဝါရီ ၂ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ခင်မျိုးသင်း)**
**ဒုတိယမြို့နယ်တရားသူကြီး**
**ဝေါမြို့နယ်တရားရုံး**

**မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေမြို့နယ်၊ မဟာမြိုင်(၂)ရပ်ကွက်၊ ၄၂ လမ်းနေ ဦးအောင်နိုင်ဦး ၁၃/သလန(နိုင်)၀၀၀၂၁၇နှင့်**

## အများသိစေရန်ကြေညာခြင်း

**ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ ကန်လမ်း၊ အမှတ် ၈၇ နေ ဦးဝင်းတင် ၁၂/လကန(နိုင်)၀၉၀၀၉၇ ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်သည်။**

၁။ အထက်ခေါင်းစီးပါ ဦးအောင်နိုင်ဦးသည် ကျွန်ုပ်၏မိတ်ဆွေ ဦးဝင်းတင်နှင့် ခင်မင်ရင်းနှီးမှုကိုပင် မငဲ့ကွက်သည့်ပြင် ကျွန်ုပ်မိတ်ဆွေက ၄င်းအတွက် မော်တော်ကား ၁၀ စီး မှတ်ပုံတင်လွှဲပြောင်းခွင့်ဝယ်လိုမှုလိုအပ်ချက်ကို သဘောရိုးဖြင့် မည်သည့်အကျိုးအမြတ်တစ်စုံတစ်ရာမျှ ရယူမှုမရှိဘဲ လှည်းကူးမြို့အင်းတိုင်နေ စီးပွားရေးအခြေခိုင်မာသော ဦးစိုးတင့်ဆွေနှင့် အဆက်အသွယ်ပြုလုပ်ပေးခဲ့သည့် စေတနာကိုမထောက်ထားဘဲ ယင်းမော်တော်ကားကိစ္စအတွက် ၄င်းတွင်လည်း နစ်နာမှုတစ်စုံတစ်ရာ မပေါ်ပေါက်ပါဘဲလျက် ကျွန်ုပ်မိတ်ဆွေ၏ ဂုဏ်သရေနှင့် ကောင်းမွန်သောစီးပွားရေး ဂုဏ်သတင်းများကို လူအများ၏ ယုံကြည်မှုတွင် ထင်ယောင်ထင်မှား သို့မဟုတ် အထင်သေးအမြင်သေး ဖြစ်ပေါ်စေရန်အတွက် ၁၂-၁၂-၂၀၁၃ရက်ထုတ် မြန်မာတိုင်း(မ်)သတင်းစာနှင့် ၁၃-၁၂-၂၀၁၃ရက်ထုတ် မော်ဒန်သတင်းဂျာနယ်များတွင် မမှန်သည့် မှုခင်းတစ်ရပ်ပါရှိအောင် ဆောင်ရွက်ခဲ့ကြောင်းသိရှိရပါသည်။

၂။ ထို့အတွက် ဦးအောင်နိုင်ဦး၏ ကျွန်ုပ်မိတ်ဆွေအပေါ် မဟုတ်မမှန်စွပ်စွဲမှုကြောင့် ကျွန်ုပ်မိတ်ဆွေက သက်ဆိုင်ရာတွင် သွားရောက်ရှင်းလင်းရာ အပြစ်ကင်းသူတစ်ယောက်ဖြစ်ကြောင်း အသိအမှတ်ပြုခံရတော့မှ အနှောင့်အယှက်ဖြစ်နေသော စိတ်ဆင်းရဲမှုမှအနည်းအကျဉ်း သက်သာရာရခဲ့ပါသည်။ ထို့ကြောင့် ဥပဒေပါ အခွင့်အရေးနှင့်အထောက်အထားတစ်စုံ တစ်ရာမရှိဘဲ ကျွန်ုပ် မိတ်ဆွေ၏ ဂုဏ်သရေအပါအဝင် အကျိုးစီးပွားပျက်ပြားရာပျက်ပြားကြောင်းကို ကြံစည်လုပ်ဆောင်ခဲ့သူ ဦးအောင်နိုင်ဦးအပေါ် ရာဇဝတ်ကြောင်းနှင့် တရားမကြောင်းတို့တွင် နစ်နာသူတို့အား ပေးအပ်ထားသော ဥပဒေပါရပိုင်ခွင့်များကို အသုံးပြုလျက် ကျွန်ုပ်မိတ်ဆွေအတွက် ကာကွယ်စောင့်ရှောက်သွားရတော့မည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ** | **လွှဲအပ်ညွှန်ကြားချက်အရ-** |
| **ဦးဝင်းတင်** | **ဦးစိုးမြင့်** |
| | **B.Sc,(Geol); H.G.P, R.L, D.B.L,** |
| | **D.M.L, D.I.L, D.A.Psy; WIPO(Switzerland)** |
| | **တရားလွှတ်တော်ရှေ့နေ(၆၃၉၉)** |
| | **ရုံးအမှတ်-၇၇(ပထမထပ်)၊ ၃၈လမ်း(အောက်)၊** |
| | **ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊** |
| | **ဖုန်း-၀၉-၅၀၇၉၄၈၆၊ ၀၉-၄၉၇၄၄၃၃၂၊ ၀၁-၂၉၅၈၂၄** |

**ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့၊ ဗိုလ်ချုပ်ကျေးရွာအုပ်စု၊ ဗိုလ်ချုပ်ရွာမကွင်း၊ ကွင်းအမှတ်(၆၇၆/အေ)၊ ဦးပိုင်အမှတ်(၁၈)၊ ဧရိယာ(၂.၈၀)ဧကရှိ ဦးသန်းထွန်း အမည်ပေါက်(၃-ခ)ရရှိပြီး မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်နှင့်စပ်လျဉ်း၍**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

အထက်ဖော်ပြပါပစ္စည်းနှင့်စပ်လျဉ်း၍ အမည်ပေါက် ဦးသန်းထွန်း(ကွယ်လွန်)၏ ဇနီးထံမှ ဝယ်ယူ၍ လက်ရောက်လွှဲပြောင်းရရှိပြီး ပြန်လည်ရောင်းချခွင့်ရှိသည်ဟု အဆိုပြုပြောဆိုသော ဒေါ်ချယ်ရီ ၉/မခန(နိုင်)၁၅၅၈၈၂နှင့် ဦးအောင်မင်းမင်းကို ၁၂/ရကန(နိုင်)၀၀၁၉၇၅ တို့ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက ဝယ်ယူရန် စရန်ငွေတချို့ တစ်ဝက်ပေးချေပြီးဖြစ်သဖြင့် အဆိုပါအရောင်းအဝယ်ကိစ္စကို ကန့်ကွက်လိုပါက ခိုင်မာသော အထောက်အထားမူရင်း အပြည့်အစုံဖြင့် ကျွန်ုပ်တို့ထံသို့ ဤကြော်ငြာပါ သည့်ရက်မှ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကုန်ဆုံးသည်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဝင်းနီသန်း (B.Com,R.L), ဦးသောင်းထွန်း(B.A, H.G.P, R.L)**
**တရားလွှတ်တော်ရှေ့နေများ**
**အမှတ် ၆၂(ပထမထပ်)၊ အခန်း ၂၀၊ ပန်းဆိုးတန်းလမ်းနှင့် ကုန်သည်လမ်းထောင့်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း-၀၉-၈၆၁၃၆၁၂၊ ၀၉-၅၁၃၁၅၅၇၊ ၀၉-၇၃၀၅၇၂၅၀**

## အများသိစေရန်

နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ အလျင်လိုအုပ်စု၊ အလျင်လိုရွာရှိ အရှေ့လားသော် ရန်ကုန်-မန္တလေးကားလမ်းဟောင်း၊ အနောက်လားသော် ဦးအောင်ကျော်မြင့်၊ တောင်လားသော် ဦးအောင်ကျော်မြင့်၊ မြောက်လားသော် ဦးမှတ်ကယ်စသည့်အလား(၄)ရပ်အတွင်းရှိ အရှေ့အနောက် ပေ ၁၀၀၊ တောင်မြောက်ရှေ့မျက်နှာစာပေ ၆၀၊ တောင်မြောက်နောက်မျက်နှာစာပေ ၉၀ ရှိ အိမ်ပိုင်းမြေကွက်နှင့် ယင်းမြေပေါ်ရှိ အုတ်ညှပ်တစ်ထပ်တိုက်နေအိမ်တစ်လုံးနှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့အား ဒေါ်မြစန်း ၁၂/မဂဒ(နိုင်)၀၉၂၆၉၈ ထံမှ တစ်ဆင့် အဆက်အစပ်ကတိစာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်လက်ဝယ်ရှိသူ ဦးတူးတူး ၁၂/ရကန(နိုင်)၀၆၄၁၉၂ ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်သန်းသန်းနွယ်မှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ ခိုင်လုံသည့်အထောက်အထားမူရင်းများနှင့်တကွ ဤကြော်ငြာ ပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ဖော်ပြပါနေအိမ်၊ ဝိုင်းမြေကွက်နှင့် အကျိုးခံစားခွင့်တို့အား တရားဝင် အရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးအပြတ်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကျွန်ုပ်၏လွှဲအပ်ညွှန်ကြားချက်နှင့် အညီဖြစ်ပါသည်။**
**ဒေါ်သန်းသန်းနွယ်**
**၁၂/သကတ(နိုင်)၁၄၃၃၉၉**

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဇင်မာဝင်း**
**LL.B, D.B.L,W.I.P.O,D.L.P (Switzerland),**
**P.G, Dip in English (MUFL)**
**အထက်တန်းရှေ့နေ (စဉ်-၃၂၆၈၆)**
**အမှတ် (၁၄/၂၂၃)၊ ပေါင်းလောင်း ၁၀လမ်း၊**
**ပျဉ်းမနားမြို့၊ ဖုန်း-၀၉-၄၂၀၇၄၁၂၄၅**

## ကန့်ကွက်နိုင်ပါကြောင်း

လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ဇုန်-၅ တိုးချဲ့၊ မြေကွက်အမှတ် ၁၄၀၊ မြေကွက်တည်နေရာအမှတ် ၁၄၀၊ ရွှေရင်အေး ၂လမ်း၊ လှိုင်သာယာမြို့နယ်၊ ဦးတင်ထွေး အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက်ခင်ပွန်း ဦးတင်ထွေးကွယ်လွန်သဖြင့် ဒေါ်အုန်းကြည် ၁၂/ကမတ(နိုင်)၀၃၄၉၇၉ က တစ်ဦးတည်းသော ဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-ဇုန်-၅ တိုးချဲ့၊ မြေကွက်အမှတ် ၁၂၉+ ၁၃၀၊ မြေကွက်တည်နေရာအမှတ်-၁၂၉+၁၃၀၊ ရွှေရင်အေး ၁ လမ်း၊ ဦးတင်ထွေး အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက်ခင်ပွန်း ဦးတင်ထွေးကွယ်လွန်သဖြင့် ဒေါ်အုန်းကြည် ၁၂/ ကမတ(နိုင်) ၀၃၄၉၇၉ က တစ်ဦးတည်းသောဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံ ပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

ကွန်ဒိုရောင်းမည်။(ပွဲစားမလို)
မင်္ဂလာဈေး-ယုဇနပလာဇာအနီး-
1800 သိန်း၊ အဆင့်မြင့်မြင့်ပြီး -
Ph: 09 73029696, 09 73165656

## ငွေချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ကိုဧဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး
၂၀၁၃ ခုနှစ် တရားမကြီးမှုအမှတ်-၄၉၉

| | | |
|---|---|---|
| ဒေါ်တင်လေးမြင့် (၄င်း၏အခွင့်ရကိုယ်စားလှယ် ဦးကျော်မြင့်) အမှတ် ၈၂၊ ဗဟိုလမ်း၊ ငွေကြာရုံ (၃)ရပ်ကွက်၊တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | နှင့် | ဦးထွန်းလွင် တိုက်(၁-ဘီ)၊ အခန်း(၂)၊ မြေညီထပ်၊ ဗိုလ်ရာညွန့်လမ်း၊ ယောမင်းကြီးရပ်ကွက်၊ ဒဂုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ (ယခုနေရပ်လိပ်စာမသိ) |
| **တရားလို** | | **တရားပြိုင်** |

တိုက်(၁-ဘီ)၊ အခန်း(၂)၊ မြေညီထပ်၊ ဗိုလ်ရာညွန့်လမ်း၊ ယောမင်းကြီးရပ်ကွက်၊ ဒဂုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး(ယခုနေရပ်လိပ်စာမသိ)နေ တရားပြိုင်သိစေရမည်။

သင့်အပေါ်၌ တရားလိုက မှတ်ပုံတင်အရောင်းစာချုပ်ချုပ်ဆိုပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၄င်းရှေ့နေနှင့် ပါစေ၍ဖြစ်စေ ၂၀၁၄ ခုနှစ် ဖေဖော်ဝါရီ ၇ ရက် (၁၃၇၅ခုနှစ် တပို့တွဲလဆန်း ၈ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၄င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့် နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငွေချက်များကို ထုတ်ပေးလိမ့်မည်။ ၄င်းပြင် တရားလိုက ကြည့်ရှုလိုသည့် အမှုနှင့်သက်ဆိုင်သည့်စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၄ ခုနှစ် ဇန်နဝါရီ ၁၀ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(လှမြင့်)**
**ဒုတိယခရိုင်တရားသူကြီး(၆)၊ ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး**

## ကြော်ငြာစာ

(အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ-၂၈၃)
ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံးတော်၌
၂၀၁၃ ခုနှစ် တရားမအထွေထွေမှုအမှတ်-၂၄၃

**(ကွယ်လွန်သူ အဘိုးဦးလော်ဟုတ်လှိုင်(ခ)ဦးအောင်စံ ကျန်ရှိသောပစ္စည်းနှင့်စပ်လျဉ်းသည့်အမှု)**

ရန်ကုန်တိုင်းဒေသကြီး၊ လသာမြို့နယ်၊ အမှတ်(၆)ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၁ဘီ^၂၊ မြေကွက်အမှတ်၈၉/၉၁၊ ၂၁ လမ်းရှိ အကျယ်ပေ(၄၀×၄၀)၊ မြေပိုင်မြေအမျိုးအစား မြေကွက်တွင် နေထိုင်ခဲ့သော ကွယ်လွန်သူဦးလော်ဟုတ်လှိုင်(ခ)ဦးအောင်စံ၏ ကျန်ရစ်သော ရန်ကုန်တိုင်းဒေသကြီး၊ ၊ လသာမြို့နယ်၊ အမှတ်(၆)ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၁ဘီ^၂၊ မြေကွက်အမှတ်၈၉/၉၁၊ ၂၁ လမ်းရှိ အကျယ်ပေ(၄၀×၄၀)၊ မြေပိုင်မြေအမျိုးအစား မြေကွက်နှင့်မြေကွက်ပေါ်ရှိ ဆောက်လုပ်ထားသော သုံးထပ်အုတ်ညှပ်လူနေအိမ်တစ်လုံး၏ အကျိုးခံစားခွင့်နှင့်စပ်လျဉ်း၍ အမွေထိန်းလက်မှတ်ထုတ်ပေးပါမည့်အကြောင်းနှင့် ဒေါ်အေးအေးခိုင် ၁၂/ဗတထ(နိုင်)၁၃၁၉၃၉ က အမွေဆက်ခံခြင်း အက်ဥပဒေအရလျှောက်ထားချက်ရှိသဖြင့် ဤအမှုကို ၂၀၁၄ခုနှစ် ဖေဖော်ဝါရီ ၁၀ ရက်(၁၃၇၅ ခုနှစ် တပို့တွဲလဆန်း ၁၁ ရက်) နံနက်၁၀နာရီတွင် ဆိုင်ဆိုကြားနာရန် ချိန်းဆိုထားသည်ဖြစ်သောကြောင့် ထိုကွယ်လွန်သူဖြစ်သည့်အဘိုး ဦးလော်ဟုတ်လှိုင်(ခ)ဦးအောင်စံ၏ ကျန်ရှိရစ်သောပစ္စည်းများတွင် အကျိုးစီးပွားတစ်ခုခု သက်ဝင်သည်အဆိုရှိ သူခပ်သိမ်းတို့အား အဆိုပါအမှုတွင် ၄င်းတို့လာရောက်ဆိုင်ဆိုရန် သင့်လျော်မည်ဟုအထင်ရှိလျှင်ဆိုခဲ့သော ၂၀၁၄ခုနှစ် ဖေဖော်ဝါရီ ၁၀ ရက် (၁၃၇၅ ခုနှစ် တပို့တွဲလဆန်း ၁၁ ရက်)တွင် မိမိတို့ကိုယ်တိုင်သော်လည်းကောင်း၊ မိမိတို့က နေရာတကျအမိန့်ပေးထားသူ ကိုယ်စားလှယ်တစ်ဦးဖြင့်သော်လည်းကောင်း၊ လာရောက်ဆိုင်ဆိုရန်နှင့် အမွေထိန်းလက်မှတ်မထုတ်ပေးမီ မှုခင်းမှတ်တမ်းများကိုကြည့်ရှုရန် အမွေဆက်ခံခြင်း အက်ဥပဒေပုဒ်မ-၂၈၃နှင့်အညီ ယခုမိန့်ကြားဆင့်ဆိုလိုက်သည်။ ယခု ၄င်းကဲ့သို့ လာရောက်ခြင်းတစ်ခုခုမရှိပျက်ကွက်ခဲ့လျှင် ရုံးတော်ကဆိုခဲ့သော ဒေါ်အေးအေးခိုင်၏ လျှောက်လွှာအပေါ်၌ စစ်ဆေးဆောင်ရွက်ပြီးလျှင် ၄င်းအမှုအကြောင်းအရာတွင် စီရင်ချက်ချမှတ် လိမ့်မည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

၂၀၁၄ခုနှစ် ဇန်နဝါရီ ၉ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(တင်မောင်လတ်)**
**တ/၂၀၆၀**
**ဒုတိယခရိုင်တရားသူကြီး(၆)**
**ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး**

## စီးပွားရေးနှင့်လူမှုရေးကြော်ငြာ

### အရွယ်မရောက်သေးသောသူငယ်ကို အုပ်ထိန်းသူလူကြီးအဖြစ် ခန့်ထားရန်လျှောက်ထားကြောင်း အကြောင်းကြားစာ

**(အုပ်ထိန်းသူလူကြီးတို့နှင့် အုပ်ထိန်းခံရသူလူငယ်တို့အက်ဥပဒေပုဒ်မ-၁၁)**
**ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး၌**
**၂၀၁၄ ခုနှစ် တရားမအထွေထွေမှုအမှတ်-၃**

ဦးကျော်မင်း
အမှတ်(၁/အေ)၊ ယုဇနလမ်း၊ (၄)ရပ်ကွက်၊
လှိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ **လျှောက်သူ**

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ (၄)ရပ်ကွက်၊ ယုဇနလမ်း၊ အမှတ်(၁/အေ)နေ အရွယ်မရောက်သေးသောသူငယ် မဇင်နွယ်ဦးနှင့် မောင်လှမျိုးမောင်တို့နှင့် ၎င်းတို့ပိုင်သောပစ္စည်းအကြောင်း။

လှိုင်မြို့နယ်၊ (၄)ရပ်ကွက်၊ ယုဇနလမ်း၊ အမှတ်(၁/အေ)နေ ဦးကျော်မင်းက အပေါ်ကအမည်ရေးသားပါရှိသော အရွယ်မရောက်သေးသောသူငယ် မဇင်နွယ်ဦးနှင့် မောင်လှမျိုးမောင်တို့ဖြစ်သည်ဟူ၍ ၎င်းသူငယ်တို့၏ ကိုယ်နှင့်ပစ္စည်းတို့ကို အုပ်ထိန်းသူအဖြစ် ခန့်ထားပါမည့်အကြောင်းနှင့် လျှောက်ထားချက်ရှိသည်ဖြစ်၍ ထိုသို့သောလျှောက်ထားခြင်းကို လူအများကြားသိစေခြင်းငှာ ဤကြော်ငြာစာကို ထုတ်ဆင့်တော်မူသည်။ ထိုလျှောက်ချက်ကိုလည်း ၂၀၁၄ ခုနှစ် ဖေဖော်ဝါရီ ၃ရက် (၁၃၇၅ ခုနှစ် တပို့တွဲလဆန်း ၄ရက်)တွင် ဆိုင်ဆိုရန် ချိန်းချက်မှုသည်။

၂၀၁၄ ခုနှစ် ဇန်နဝါရီ ၉ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ခင်သစ်ဆွေ)**
**ဒုတိယခရိုင်တရားသူကြီး(၈)**
**ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး**

### ယာဉ်အိုယာဉ်ဟောင်း အပ်နှံ/လက်ခံရရှိခြင်း ပြေစာ (ပုံစံ-စ) မိတ္တူထုတ်ယူခွင့်လျှောက်ထားခြင်း

ယာဉ်အမှတ် ၁၁/၃၃၇၄ Nissan Sunny HB12, S/L (4x2)R FWD ယာဉ်လက်ဝယ်ရှိသူ ဦးဇော်မျိုးအောင် ၉/သပက(နိုင်)၀၅၂၈၁၈က ယာဉ်အိုယာဉ်ဟောင်းအပ်နှံ/လက်ခံရရှိခြင်း ပြေစာ (ပုံစံ-စ)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း)မန္တလေးမြို့**

### ဝမ်းနည်းကြေကွဲခြင်း
## ဦးစောရှားထွန်းဖောင်
### ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်
### အသက်(၄၀)

ဘားအံမြို့၊ အမှတ်(၅)ရပ်ကွက်နေ ဒေါ်နန်းအေးအေးနွယ်၏ခင်ပွန်း၊ မောင်စောကော်ခလိန်းမိန်၊ မောင်စောထူးမြတ်သူတို့၏ဖခင် ကရင်ပြည်နယ်လွှတ်တော်၊ လှိုင်းဘွဲ့မြို့နယ် မဲဆန္ဒနယ်မြေအမှတ် ၂၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစောရှားထွန်းဖောင်သည် ၁၁-၁-၂၀၁၄ ရက် ညနေ ၅း၁၅ နာရီတွင် (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်သွားပါ၍ ကျန်ရစ်သူမိသားစုဝင်များနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ကရင်ပြည်နယ်လွှတ်တော်**

### ငွေချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံး ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)**
**ဒိုက်ဦးမြို့နယ်တရားရုံး**
**၂၀၁၃ခုနှစ် တရားမကြီးအမှုအမှတ်-၈၄**

မဂ္ဂရာ (ဘ)ဦးသိန်းယော် **နှင့်** ဦးတင်ကို (ဘ)ဦးစံညွန့်
**တရားလို** **တရားပြိုင်**

ကရင်ပြည်နယ်၊ မြဝတီမြို့၊ အမှတ် (၅)ရပ်ကွက်နေ ဦးတင်ကို (ယခုနေရပ်လိပ်စာမသိသူ)သိစေရမည်။

သင့်အပေါ်၌ ပဲခူးတိုင်းဒေသကြီး၊ ပဲခူးခရိုင်၊ ဒိုက်ဦးမြို့နယ်၊ ဖောင်တော်သီကျေးရွာ၊ ဈေးပိုင်းရပ်ကွက် ဌာနာလမ်းနေ တရားလိုက လင်မယားကွာရှင်းပြတ်စဲပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ ချေပပြောဆိုနိုင်သူ သင်၏ကိုယ်စားလှယ် (သို့မဟုတ်)အခွင့်အမိန့်ရရှေ့နေဖြစ်စေ ၂၀၁၄ခုနှစ် ဖေဖော်ဝါရီ ၁၀ရက် (၁၃၇၅ခုနှစ် တပို့တွဲလဆန်း ၁၁ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်က ဆိုခဲ့သည့်နေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငွေချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့်စာရွက်စာတမ်းများနှင့် သင်ကထုချေ တင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့တည်းမဟုတ် သင်၏ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ရမည်။ သင်ကထုချေတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၄ခုနှစ် ဇန်နဝါရီ ၁၀ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**သန်းလွင်**
**ဒုတိယမြို့နယ်တရားသူကြီး**
**ဒိုက်ဦးမြို့နယ်တရားရုံး**

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၀ယ/၄၅၄၄၇ Kenbo CNA 125 M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်သီတာခိုင် ၉/မတရ(နိုင်)၀၉၂၅၉၉ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)မန္တလေးမြို့**

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၈ဃ/၅၀၃၈ Top TJ S/W (4x2) ® ယာဉ်လက်ဝယ်ရှိသူ ဦးစောလွင်ဦး ၉/ခအဇ(နိုင်)၀၀၀၄၇၅ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)မန္တလေးမြို့**

### ဝမ်းနည်းကြေကွဲခြင်း
## ဦးစောရှားထွန်းဖောင်
### ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်
### အသက်(၄၀)

ဘားအံမြို့၊ အမှတ် (၅)ရပ်ကွက်နေ ဒေါ်နန်းအေးအေးနွယ်၏ခင်ပွန်း၊ မောင်စောကော်ခလိန်းမိန်၊ မောင်စောထူးမြတ်သူတို့၏ဖခင် ကရင်ပြည်နယ်လွှတ်တော်၊ လှိုင်းဘွဲ့မြို့နယ် မဲဆန္ဒနယ်မြေအမှတ် ၂၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစောရှားထွန်းဖောင်သည် ၁၁-၁-၂၀၁၄ ရက် ညနေ ၅း၁၅ နာရီတွင် (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်သွားပါ၍ မိသားစုဝင်များ၊ မဲဆန္ဒရှင်ပြည်သူများနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ကရင်ပြည်နယ်အစိုးရအဖွဲ့**

### ဒီကရီအတည်ပြုလုပ်ရန်အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန် အကြောင်းကြားစာ

**(တရားမကျင့်ထုံးကိုဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၂၂)**
**ဧရာဝတီတိုင်းဒေသကြီး၊ ဟင်္သာတမြို့နယ်တရားရုံးတော်၌**
**၂၀၁၂ခုနှစ်၊ တရားမကြီးမှုအမှတ်-၄၃ နှင့်ဆက်သွယ်သည့်**
**၂၀၁၃ခုနှစ်၊ တရားမဇာရီမှုအမှတ်-၁၀၁**

ဦးရဲမြင့် **နှင့်** ၁။ ဦးထိန်ဝင်း
၂။ ဒေါ်တင်တင်ခိုင်

**တရားနိုင်** **တရားရှုံးများ**

၁။ ဦးထိန်ဝင်း
၂။ ဒေါ်တင်တင်ခိုင် — အမှတ် ၂၉၁၊ ပိတောက်လမ်း၊ မြဝတီရပ်ကွက်၊ ဟင်္သာတမြို့နေသူများ သိစေရမည်။

၂၀၁၂ ခုနှစ် တရားမကြီးမှုအမှတ်-၄၃တွင် ကျရှိသည့် ဒီကရီကိုအတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင်က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကိုမထုတ်သင့်ကြောင်း၊ အကြောင်းတစ်ခုခုရှိလျှင်ပြ၍ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ အကြောင်းပြချေဆိုနိုင်သူ အခွင့်ရကိုယ်စားလှယ်ဖြစ်စေ ၂၀၁၄ခုနှစ် ဖေဖော်ဝါရီ ၁၄ရက် (၁၃၇၅ခုနှစ် တပို့တွဲလပြည့်နေ့) မွန်းမတည့်မီ ၁၀နာရီတွင် ဤရုံးတော်သို့လာရောက်စေ။

၂၀၁၄ ခုနှစ် ဇန်နဝါရီ ၇ ရက်တွင် ရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ခင်စိုးညွန့်)**
**တွဲဖက်မြို့နယ်တရားသူကြီး**
**ဟင်္သာတမြို့နယ်တရားရုံး**

### အထူးဝမ်းနည်းကြေကွဲခြင်း
### ဦးတင်အေး
### အသက်(၇၈)နှစ်

သူငယ်ချင်း ဗိုလ်မှူးကိုကိုအောင်-ဒေါ်ဥမ္မာခင်တို့၏ဖခင်သည် ၁၀-၁-၂၀၁၄ရက်တွင် ကွယ်လွန်သွားကြောင်းကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၈၅)မှ ကျောင်းဆင်းဖက်သူငယ်ချင်းများ**

### အထူးဝမ်းနည်းကြေကွဲခြင်း

စစ်ကိုင်းတိုင်းဒေသကြီး ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးချစ်မြ၏ဖခင် ဦးအို အသက် (၈၃)နှစ်သည် ၁၁-၁-၂၀၁၄ ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါကြောင်း။

**တိုင်းဒေသကြီး/ပြည်နယ်**
**ညွှန်ကြားရေးမှူးများ**
**ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန**

### ဒီကရီအတည်ပြုလုပ်ရန် အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန် အကြောင်းကြားစာ

**(တရားမကျင့်ထုံးကိုဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၂၂)**
**ပဲခူးခရိုင်တရားမရုံးတော်၌**
**၂၀၁၁ခုနှစ်၊ တရားမကြီးမှုအမှတ်-၉၅ နှင့်ဆက်သွယ်သည့်**
**၂၀၁၃ခုနှစ်၊ တရားမဇာရီမှုအမှတ်-၃၅**

ဒေါ်ကျင်ကျင်ထွေး **နှင့်** ၁။ ဦးမင်းဇော် ၂။ ဒေါ်တင်မာကြူ
**တရားနိုင်** **တရားရှုံးများ**

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ ဗိုလ်အောင်ကျော်လမ်း၊ အမှတ် ၃၉၅နေ ဦးမင်းဇော်(ယခုနေရပ်လိပ်စာမသိ)သိစေရမည်။

၂၀၁၁ခုနှစ် တရားမကြီးမှုအမှတ်-၉၅တွင် ကျရှိသည့် ဒီကရီကိုအတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင် ဒေါ်ကျင်ကျင်ထွေးက လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကိုမထုတ်သင့်ကြောင်း၊ အကြောင်းတစ်ခုခုရှိလျှင် ပြ၍ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်အရရှေ့နေဖြစ်စေ၊ အကြောင်းပြချေဆိုနိုင်သူ အခွင့်ရကိုယ်စားလှယ်ဖြစ်စေ ၂၀၁၄ ခုနှစ် ဖေဖော်ဝါရီ ၇ ရက် (၁၃၇၅ခုနှစ် တပို့တွဲလဆန်း ၈ရက်) မွန်းမတည့်မီ ၁၀နာရီတွင် ဤရုံးတော်ရှေ့လာရောက်စေ။

၂၀၁၄ ခုနှစ် ဇန်နဝါရီ ၇ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(လှဲ့လှဲ့ဝင်း)**
**ဒုတိယခရိုင်တရားသူကြီး(၃)**
**ပဲခူးခရိုင်တရားရုံး**

### ဝမ်းနည်းကြေကွဲခြင်း
## ဦးကျော်ထွန်းအောင်(တက်ထွန်းနီ-မြောက်ဦး)
### အသက်(၆၄)နှစ်

ဒုတိယအကြိမ်မြောက် တန်းခိုးဆရာထွန်း စာပေဆုချီးမြှင့်ပွဲကျင်းပရေးကော်မတီ၏ နာယကအဖွဲ့ဝင် ဦးကျော်ထွန်းအောင် (သုတေသီ-တက်ထွန်းနီ၊ မြောက်ဦး)သည် ၁၁-၁-၂၀၁၄ရက်တွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**တန်းခိုးဆရာထွန်းစာပေဆုချီးမြှင့်ပွဲကျင်းပရေးကော်မတီ**
**ရခိုင်ပြည်နယ်**

### ဒီကရီကိုအတည်ပြုလုပ်ရန်အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန် အကြောင်းကြားစာ

**(တရားမကျင့်ထုံးကိုဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၂၂)**
**ပြည်မြို့နယ်တရားရုံး**
**၂၀၁၃ခုနှစ်၊ တရားမမှုကြီးအမှတ်-၉၀ နှင့်ဆက်သွယ်သည့်**
**၂၀၁၄ခုနှစ်၊ ဇာရီမှုအမှတ်-၁**

ဦးအောင်ကျော် **နှင့်** ပရင်ကူးမားရ်
အမှတ် ၅၉၊ လမ်းမတော်လမ်း၊ PME-၁၁၉၅၄၂
ကျောင်းကြီးအိုးတန်းရပ်ကွက်၊ အမှတ် ၁၅၃၊ လမ်းမတော်လမ်း၊
ပြည်မြို့၊ ပဲခူးတိုင်းဒေသကြီး၊ ကျောင်းကြီးအိုးတန်းရပ်ကွက်၊
ပြည်မြို့၊ ပဲခူးတိုင်းဒေသကြီး။
**တရားနိုင်** **တရားရှုံး**

အထက်ပါနေရပ်လိပ်စာနေ တရားရှုံး ပရင်ကူးမားရ်(ယခုနေရပ်လိပ်စာမသိ)သိစေရမည်။

၂၀၁၃ခုနှစ် တရားမကြီးမှုအမှတ်-၉၀တွင် ကျရှိသည့် ဒီကရီကိုအတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင် ဦးအောင်ကျော်က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကိုမထုတ်သင့်ကြောင်း၊ အကြောင်းတစ်ခုခုရှိလျှင် ပြ၍ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်အရရှေ့နေဖြစ်စေ၊ အကြောင်းပြချေဆိုနိုင်သူ အခွင့်ရကိုယ်စားလှယ်ဖြစ်စေ ၂၀၁၄ခုနှစ် ဖေဖော်ဝါရီ ၁၀ရက် (၁၃၇၅ ခုနှစ် တပို့တွဲလဆန်း ၁၁ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် ဤရုံးတော်ရှေ့လာရောက်စေ။

၂၀၁၄ ခုနှစ် ဇန်နဝါရီ ၆ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(နန်းစမ်ငင်း)**
**တွဲဖက်မြို့နယ်တရားသူကြီး(၂)**
**ပြည်မြို့နယ်တရားရုံး**

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်မှတ် သ/၅၂၄၈ Toyota Hilux YN 105, P/U (4x4) ® ယာဉ်လက်ဝယ်ရှိသူ ဦးဆန်းဝင်း၊ ၁၂/သဃက(နိုင်) ၀၃၁၅၂၀ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ (၁၅)ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့**

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

မော်တော်ဆိုင်ကယ်အမှတ် ၄ယ/၁၉၂၀၆ Hi-bird M/C လက်ဝယ်ရှိသူအမည် ဒေါ်မြင့်မြင့်ချို ၈/ပခက(နိုင်)၀၆၅၇၃၈၏ (ကမ-၃) စာအုပ်ပျောက်ဆုံး၍ မိတ္တူထုတ်ပေးပါရန် လျှောက်ထားသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန**
**ခရိုင်ရုံး(ပခုက္ကူ)**

### ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ကြောင်း အများသိစေရန်ကြေညာ

ယာဉ်အမှတ် ၂ဂ/၆၅၃၈၏ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန်လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး (ရန်ကုန်အနောက်ပိုင်း)**

### (၁)နှစ်ပြည့်လွမ်းဆွတ်သတိရအမှတ်ပေးဝေခြင်း
## ဗိုလ်မှူးကျော်မင်းထွဋ် (ကြည်း)၄၁၃၄၇
**B.Sc, M.Sc (D.S.A) (47)**
### အသက်(၂၈)နှစ်

**သားငယ်**

တိုင်းပြည်တာဝန်ထမ်းဆောင်ရင်း မိသားစုနဲ့ခွဲခွာသွားတာ ၁၆-၁-၂၀၁၄ရက်မှာ (၁)နှစ်ပြည့်သော်လည်း မနေ့တစ်နေ့ကလိုပဲ ခံစားရပါတယ်။ သားအတွက်ရည်စူးပြီး နေ့စဉ်၊ လစဉ် လှူဒါန်းခဲ့ရသော ကုသိုလ်ကောင်းမှုတို့အတွက် ရောက်ရာဘုံဘဝမှ အမျှရ၍ သာဓုခေါ်ဆိုနိုင်ပါစေ။

**သားငယ်-ကျော်မင်းထွဋ် အမျှ-အမျှ-အမျှ**

**အမေ ဒေါ်လှဦး**
**နှင့်**
**ကျန်ရစ်သူမိသားစု**

### (၁)နှစ်ပြည့်လွမ်းဆွတ်သတိရအမှတ်ပေးဝေခြင်း
## ဗိုလ်မှူးလင်းထွဋ်အောင် (ကြည်း-၄၄၄၂၅)
**B.C.Sc, D.S.A (48)**
### အသက် (၂၇)နှစ်

ကချင်ပြည်နယ် ရှေ့တန်းတစ်နေရာတွင် တိုင်းပြည်တာဝန်ထမ်းဆောင်ရင်း မမျှော်လင့်ဘဲ ခွဲခွာသွားခဲ့တာ ၁၆-၁-၂၀၁၄ ရက်မှာ တစ်နှစ်ဆိုတဲ့ အချိန်တစ်ခုကို ဖြတ်ကျော်ခဲ့ရပေမယ့် သံယောဇဉ်ကြီးမားချစ်ခင်လွန်းတဲ့ မိသားစုအတွက်တော့ အချိန်နှင့်အမျှ နှမြောတသလွမ်းဆွတ်သတိရနေဆဲပါ။

သားအတွက် ရည်စူးပြီး နေ့စဉ်အပတ်စဉ်လစဉ်နှင့် တစ်နှစ်ပြည့်ပြုသမျှကုသိုလ်အဝဝတို့ကို ရောက်လေရာ ဘုံဘဝကနေ မြင်နိုင်ကြားနိုင်သိနိုင်ပါစေ၊ သာဓုခေါ်ဆိုနိုင်ပါစေလို့သာ ဆုတောင်းလိုက်ရပါတော့တယ်။

**သားရေ အမျှ-အမျှ-အမျှ**

**ဖေဖေ ဦးစိုးသန်း၊ မေမေ ဒေါ်အုန်းနွဲ့၊ မမနှင်းသီရိမွန်**
**အမှတ် (၅၈)၊ ၂လမ်း၊ သမ္မတရပ်ကွက်၊ ပုသိမ်မြို့**

ကြော်ငြာ

## (၄)နှစ်ပြည့် လွမ်းဆွတ်သတိရ တမ်းတခြင်း

၁၆-၁-၂၀၁၀ - ၁၆-၁-၂၀၁၄

# ဗိုလ်ကြီးစိုင်းသီဟ

**(မန်နေဂျာ၊ မြန်မာ့သတင်းစဉ်)**

**D.S.T.A အမှတ်စဉ်(၄)**

(၄)နှစ်ပြည့် လွမ်းဆွတ်သတိရနေဆဲပါ။ ယနေ့ လှူဒါန်းမှုအစုစုကို အမျှပေးဝေပါသည်။ သားကြီး သာဓုခေါ်ဆိုနိုင်ပါစေ။

**မေမေငွေး**

---

## ဝမ်းနည်းကြေကွဲခြင်း

# ဦးအေး

**အသက်(၈၁)နှစ်**

ရန်ကုန်မြို့နေ၊ ဗိုလ်မှူးကျော်ကျော်(ငြိမ်း) (ညွှန်/မှူး၊ ငြိမ်း၊ အလည)-ဒေါ်တင်နွယ်ဦး(အလပြ၊ ငြိမ်း)တို့၏ဖခင် တိုက်ကြီးမြို့နေ ဦးအေး အသက်(၈၁နှစ်သည် ၈-၁-၂၀၁၄ရက်တွင် ကွယ်လွန်သွားကြောင်း ကြားသိရသည့်အတွက် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၇၂)မှ**

**သူငယ်ချင်းများ**

---

## ဝမ်းနည်းကြေကွဲခြင်း

# ဦးစိုးတင့်

**(ဆိပ်ကြီးခနောင်တို)**

**အသက်(၈၁)နှစ်**

သူငယ်ချင်း ဒေါ်လွင်နွယ်စိုး(ရန်ကုန်)၏ဖခင် ဦးစိုးတင့်သည် ၁၃-၁-၂၀၁၄ရက် နံနက်ပိုင်းတွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းရပါကြောင်း။

**ဒေါ်ခင်မေရီ(အထက-၂၊ ဗန်းမော်)**

**ဒေါ်ခင်နှင်းလတ်(အထက-၆၊ မန္တလေး)**

---

## ဝမ်းနည်းကြေကွဲခြင်း

# ဦးဖေဝင်း (ကလော/လှိုင်ကော်)

**ညွှန်ကြားရေးမှူး(ငြိမ်း)**

**အသက်(၇၆)နှစ်**

ကယားပြည်နယ်၊ လှိုင်ကော်မြို့၊ မ/၁၅၂/ကန္တာရဝတီလမ်းနေ ဒေါ်ယဉ်ယဉ်သန်း(မယ်ချိုး)၏ခင်ပွန်း ဦးဖေဝင်းသည် ၁၂-၁-၂၀၁၄ရက်တွင် ကွယ်လွန်ကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ဦးအောင်စိုး-ဒေါ်ရီရီမြင့် မိသားစု**

---

## (၄)နှစ်ပြည့် လွမ်းဆွတ်သတိရခြင်း

# မောင်စည်သူကို(ခ)ဆန်နီမွေး (ပခုက္ကူ)

**(၁၅-၁-၂၀၁၀)မှ(၁၅-၁-၂၀၁၄)**

သားကြီးရေ… အချိန်ကာလ (၄)နှစ်ဆိုပေမယ့် တစ်နေ့မှ မေ့မရဘူး သားရယ်၊ သားကြီးကို ရည်စူးပြီး နေ့စဉ်၊ လစဉ်ပြုရသော ကုသိုလ်များနှင့် ယနေ့(၄)နှစ်ပြည့်တွင်ပြုလုပ်ရသော ကောင်းမှုအစုစု၏ကုသိုလ်အဖို့ကို သားကြီးအား အမျှ-အမျှ-အမျှ ပေးဝေပါတယ်…သားကြီး မြင့်မြတ်သော ဘုံဘဝမှ သာဓုအနုမောဒနာ ခေါ်ဆိုနိုင်ပါစေ…

**ဖေဖေ-ဦးဇော်ဝင်းအောင်**

**မေမေ-ဒေါ်ငြိမ်းငြိမ်း**

---

## အထူးဝမ်းနည်းကြေကွဲခြင်း

# ဦးခင်မောင်စန်း (တွဲဖက်ပါမောက္ခ)

**သချာင်္ဌာန၊ ရေနံချောင်းဒီဂရီကောလိပ်**

**အသက်(၅၄)နှစ်**

ဦးခင်မောင်စန်း(တွဲဖက်ပါမောက္ခ)သည် ၁၃-၁-၂၀၁၄ရက်(တနင်္လာနေ့)တွင် ကွယ်လွန်ကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**၂၀၀၁ ဂုဏ်ထူးတန်း**

**ကိုထိန်လင်းအောင်၊ ကိုအောင်မင်း၊ မအိမြတ်မွန်**

**မပြည့်ဖြိုးလွင်၊ မမြမြမိုး၊ မသူဇာငြိမ်း၊ မသန္တာကြွယ်၊ မသီတာထွန်း**

---

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

# ဦးမြင့်ချို

**အသက်(၅၇)နှစ်**

(ဦးတောင်လုံး-ဒေါ်ကြီးမေ)တို့၏သား၊ ဦးမြင့်လွင်-ဒေါ်ညွန့်တင်တို့၏သားသမက်၊ ရန်ကုန်တိုင်းဒေသကြီး၊ လမ်းမတော်မြို့နယ်၊ ၁၁လမ်း၊ အမှတ် ၆၂နေ ဒေါ်ခင်စီလွင်၏ခင်ပွန်း၊ ဦးချိုလွင်ထွန်း-ဒေါ်သုလဲ့ရည်ကျော်၊ မသန္တာအောင်၊ မောင်ညီလွင်မြင့်တို့၏ဖခင်၊ မောင်ပိုင်ဇေသန့်၊ မသွန်းဖြိုးရတနာတို့၏အဘိုးသည် ၁၃-၁-၂၀၁၄ရက် နံနက်တွင် ကွယ်လွန်သွားပါသဖြင့် ၁၄-၁-၂၀၁၄ရက်တွင် ဂူသွင်းသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားသိစေအပ်ပါသည်။

ကွယ်လွန်သူအားရည်စူး၍ ၁၉-၁-၂၀၁၄ရက်(တနင်္ဂနွေနေ့)နံနက် ၈နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူခြင်း

# ဦးမျိုးညိမ်း(ခ) ဟာရှင်အာလီ

**(ဒု-ဦးစီးမှူး၊ငါးလုပ်ငန်းဦးစီးဌာန)**

**အသက်(၄၇)နှစ်**

ရန်ကုန်မြို့၊အင်းစိန်မြို့နယ်၊ ပိန္နဲကုန်းရပ်ကွက်၊သရက်ခြံ ၂လမ်း၊အမှတ် ၃၉၄နေ (ဦးငြိမ်း)-ဒေါ်ခင်ညိုတို့၏သားကြီး၊ မညိမ်းညိမ်းဦး၏မောင်၊မအေးအေးငြိမ်း၊ ကိုထွေးညိမ်းတို့၏အစ်ကို၊ တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်မြို့နယ်၊ ဈေးတန်းရပ်ကွက်၊ ဈေးခေါင်း ၁လမ်း၊ အမှတ် ၁၇နေ [ဦးသောင်းတင်(ခ)မူဆာ]-ဒေါ်နာရှီမာတို့၏သားသမက်၊ ဒေါ်မြတ်မြတ်မိုး၏ခင်ပွန်း၊ မမျိုးပပနိုင်၊ မောင်မျိုးဇေယျာနိုင်၊ မောင်ဝေယံနိုင်တို့၏ဖခင်သည် ၁၂-၁-၂၀၁၄ရက် (တနင်္ဂနွေနေ့) ညနေ ၃နာရီတွင် တိုင်းပြည်တာဝန်ထမ်းဆောင်ရင်း အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူသွားပါသဖြင့် ၁၃-၁-၂၀၁၄ရက် ဇိုဟိုရ်နမာဇ်အပြီး ထားဝယ်မြို့ အစ္စလာမ်ကဘာရ်စတန်တွင် ဒါဖနာပြုလုပ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်ဆွေအပေါင်းအား အသိပေးအပ်ပါသည်။ ကျန်ရစ်သူမိသားစု

---

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

# ဒေါ်တင်မမ

**အသက်(၉၇)နှစ်**

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မာန်အောင်ရပ်ကွက်၊ အေးသာယာလမ်း၊ အမှတ် ၃၄/စီနေ (ဦးလှတင်-ဒေါ်ခင်မလေး)တို့၏သမီးကြီး၊ (ဦးထွန်းရင်)၏ဇနီး၊ (ဦးတင်မောင်မြင့်)၊ ဒေါက်တာဒေါ်တင်ကြည်ကြည်၊ (ဦးခင်မောင်မောင်)၊ (ဒေါ်ခင်မေတင်)၊ ဦးတင်မောင်ဦး၊ ဒေါ်တင်တင်အုန်းတို့၏အစ်မသည် ၁၄-၁-၂၀၁၄ရက် (အင်္ဂါနေ့)နံနက် ၁၁း၂၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၆-၁-၂၀၁၄ရက် (ကြာသပတေးနေ့) နံနက် ၁၀နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကွယ်လွန်သူအားရည်စူး၍ ၂၀-၁-၂၀၁၄ရက်(တနင်္လာနေ့) နံနက် ၈နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

---

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

# ဒေါ်ကြည်မြိုင်

**အသက်(၉၀)**

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ ဝါးတန်းလမ်း၊ အမှတ် ၈၃နေ (ဦးကြည်အင်-ဒေါ်ညိုညို)တို့၏သမီးကြီး၊ [ဦးလှသိန်း(ခ) Mr.Forgarty၊ အင်စပက်တော်ချုပ်၊ ရေ/မီလ္လာဌာန၊ ရန်ကုန်မြူနီစီပယ်]၏ဇနီး၊ (ဦးကြည်ရှန်)-ဒေါ်တင်နွယ်၊ (ဦးအေးလှိုင်)-ဒေါ်ကြည်လှိုင်၊ (ဦးရှမ်းလေး-ဒေါ်ကြည်ဆိုင်)၊ (ဦးကြည်ဟန်)-ဒေါ်ခင်ခင်အေး၊ ဒေါ်ကြည်အေး၊ ဒေါ်ကြည်ထွေးတို့၏အစ်မကြီး၊ ဦးကျော်လှ(ဈေးတာဝန်ခံ၊ အလုံဈေး၊မြို့တော်စည်ပင်)-ဒေါ်သိမ်းသိမ်းကြည်(ခ) Cornnie (မူကြို-၄၊ အလုံမြို့နယ်၊ လူမှုဝန်ထမ်းဦးစီးဌာန)၊ ဦးစိုးသိန်း-ဒေါ်မိမိတို့၏မိခင်၊ မြေးငါးယောက်၊ မြစ်တစ်ယောက်တို့၏အဘွားသည် ၁၅-၁-၂၀၁၄ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၁၇-၁-၂၀၁၄ရက် မွန်းတည့် ၁၂နာရီတွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးနေ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

---

## ဝမ်းနည်းကြောင်း

# ဦးမျိုးငြိမ်း(ခ)ဟာရှင်အာလီ

**(ဒု-ဦးစီးမှူး)**

**တနင်္သာရီတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာန**

**အသက်(၄၇)နှစ်**

တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်မြို့နယ်၊ ဈေးတန်းရပ်ကွက်၊ ဈေးခေါင်း ၁လမ်း၊ အမှတ် ၁၇နေ ဦးမျိုးငြိမ်း (ဒု-ဦးစီးမှူး)၊ တနင်္သာရီတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနသည် ၁၂-၁-၂၀၁၄ရက်တွင် ရုတ်တရက် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ အထူးပင်ဝမ်းနည်းကြေကွဲရပါသည်။

**တနင်္သာရီတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာန**

**တိုင်းဒေသကြီးဦးစီးဌာနမှူးနှင့် ဝန်ထမ်းများ**

---

# ဦးအောင်လင်းကြည်(ခ) ဦးအောင်လေးကြည်

**အသက်(၅၇)နှစ်**

မော်လမြိုင်မြို့၊ မရမ်းကုန်းရပ်၊ အောက်လမ်းမကြီး၊ အမှတ် ၄၀၁-စီနေ (ဦးကင်းမာ - ဒေါ်ရှမ်းခင်)တို့၏သား၊ (ဦးမောင်သန်း-ဒေါ်ခင်သန်း)တို့၏သားသမက်၊ ဦးသက်လွင်-ဒေါ်ကြည်ကြည်ဝင်းတို့၏မောင်၊ ဒေါ်သန်းသန်းဌေး၏ခင်ပွန်း၊ ဗိုလ်မှူးတင်အောင်ကျော်-မသဇင်အောင်၊ ဗိုလ်မှူးအာကာကျော်ဆွေ-မသရဖီအောင်၊ ကိုသန်းထိုက်အောင်-မသင်းသင်းအိ၊ ကိုသူရအောင်တို့၏ဖခင်၊ မြေးသုံးယောက်တို့၏အဘိုးသည် ၁၄-၁-၂၀၁၄ရက် (အင်္ဂါနေ့) ညနေ ၄း၅၀နာရီတွင်ကွယ်လွန်သွားပါ၍ ၁၆-၁-၂၀၁၄ရက် (ကြာသပတေးနေ့) မွန်းလွဲ ၁နာရီတွင် အထက်ပါနေအိမ်မှ ပိန္နဲကုန်းသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အားအသိပေး အကြောင်းကြားအပ်ပါသည်။

ကွယ်လွန်သူအားရည်စူး၍ ၁၉-၁-၂၀၁၄ရက် (တနင်္ဂနွေနေ့) နံနက် ၆နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

# ဦးသန့်ဇင်(ခ) ဦးအောင်တိုး (Belle)

**အသက်(၄၈)နှစ်**

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ (၈)ရပ်ကွက်၊ နဝရတ် ၅လမ်း၊ အမှတ် ၂၅၉နေ (ဦးသောင်းရွှေ)-ဒေါ်မြအေးတို့၏သား၊ (ဦးမောင်ရွှေ)-ဒေါ်သန်းအုန်းတို့၏သားသမက်၊ မခိုင်သဇင်ဦး၊ မဆုလဲ့ရည်(Thein Kyaw Kyaw, Co., Ltd.)တို့၏ဖခင်၊ ဒေါ်အေးသိန်း၏ခင်ပွန်းသည် ၁၅-၁-၂၀၁၄ရက်(ဗုဒ္ဓဟူးနေ့) ညနေ ၃း၃၀နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး(ဦးနှောက်နှင့်အာရုံကြောဌာန)၌ ကွယ်လွန်သွားပါ၍ ၁၇-၁-၂၀၁၄ရက်(သောကြာနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

# ဒေါ်ခင်အေး(ခ) ဒေါ်ခင်စိမ်းမာ (နတ်တလင်း)

**အလက(၅)၊ မ-ဥ**

**အသက်(၇၀)**

ဦးရောင်ကြီး-ဒေါ်စန်းရီ(နတ်တလင်းအသင်း)တို့၏သမီး၊ မခင်အေး (မခင်စိမ်းမာ၊ အလက-၅၊ မ-ဥ၊ နတ်တလင်းအသင်း)၊ ဒေါ်အေးအေးမြင့် (နတ်တလင်း)၊ ဒေါ်လုံးတင်(နတ်တလင်း)၊ ဦးအောင်၊ ဦးလှဝေ၊ ဦးသန်းထွေးတို့ ၏အစ်မ/ညီမ၊ ဦးခင်မောင်မြင့်၏ဇနီး၊ မောင်ဝင်းထွန်းနိုင်(မင်္ဂလာဒုံ)၊ မောင်မျိုးမင်းဦး - ဒေါ်ခင်သန္တာမြင့်တို့၏ မိခင်သည် (၁)ရပ်ကွက်၊ အမှတ် ၇၂၊ ခတ္တာလမ်း၊ မ/ဥနေအိမ်၌ ၁၃-၁-၂၀၁၄ရက် ည ၁၀း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၇-၁-၂၀၁၄ရက် (သောကြာနေ့) ညနေ ၄နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်မည်ဖြစ်ပါသဖြင့် အသင်းသူ/သားများ လိုက်ပါပို့ဆောင်နိုင်ရန် အသိပေးအကြောင်းကြားအပ်ပါသည်။

အမှုဆောင်အဖွဲ့(နတ်တလင်းအသင်း)

---

# ဦးမျိုးမြင့်

**R/O, O.W Shipping**

**CDC No.7968**

**အသက်(၆၄)နှစ်**

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၈)ရပ်ကွက်၊ နေသိဒ္ဓိလမ်း၊ အမှတ် ၁၂၆နေ (ဦးချစ်ထွေး-ဒေါ်အေးကြည်)တို့၏သား၊ (ဦးမြခိုင်-ဒေါ်ငွေခင်)တို့၏သားသမက်၊ ဒေါ်စန်းမြင့်၏ခင်ပွန်း၊ မဆုမြတ်နွေး (Final Part II ၊ ဆေး-၁)တို့၏ဖခင်၊ ဦးမောင်ကို(M.D MSS Shipping Co., Ltd.)-ဒေါ်စန်းကြည်၊ ဦးအောင်ထွန်းဝင်း(R/O)-ဒေါ်ခင်ညိုညိုတို့၏ညီ၊ ဒေါ်ကြည်ကြည်ဝင်း-ဦးခင်ဇော်(R/O)၊ ဒေါ်စန်းစန်းဌေး - ဦးသိန်းဌေး (ခေတ္တ-USA)၊ ဒေါ်ကြည်ကြည်ထွေး-ဦးမြင့်သန်း(Yangon Airway)၊ မာမာချိုတို့၏အစ်ကို၊ တူ၊ တူမ ၁၀ယောက်တို့၏ဦးလေးသည် ၁၅-၁-၂၀၁၄ရက် နံနက် ၂း၄၅နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၇-၁-၂၀၁၄ရက်(သောကြာနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (အထက်ပါနေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

# ဒေါ်ခင်ရီ(ENID PATIN)

**အသက်(၈၈)နှစ်**

ရန်ကုန်မြို့၊ အမှတ် ၁၀၂၊ လမ်း ၅၀၊ ပုဇွန်တောင်မြို့နယ်နေ (ကြောင်တရာ မြသပိတ်ဘုရားဒကာကြီး ဦးဘချို-ဒေါ်သောင်းရင်)တို့၏မြေး၊ (ဦးဖေတင်-ဒေါ်ခင်ညွန့်)တို့၏သမီး၊ (ဦးအုံးသွင်-ဒေါ်တင်တင်)တို့၏သမီးချွေးမ၊ (ဦးတင်ဦး ဒု-ထွေ/ဂျာ၊ငြိမ်း)၏ဇနီး၊ ဦးမျိုးဦး-ဒေါ်ဝင်းဝင်းသန်း(ခေတ္တ-U.S.A)၊ ဦးဝင်းမြင့်ဦး(E.O MTM)-ဒေါ်ခင်စောလင်း၊ ဦးအေးဝင်း(ခေတ္တ-စင်ကာပူ)-ဒေါ်စမ်းစမ်းဦး၊ ဦးမျိုးအောင်-ဒေါ်ရင်ရင်ဦး(ခေတ္တ-U.S.A)၊ ဦးကျော်စံဝင်း-ဒေါ်ရီရီဦး (ခေတ္တ - U.S.A)တို့၏ မိခင်၊ မသော်တာအောင်၊မမြတ်ဆုပန်၊ မက္ကနွေချစ်စု၊ မအေးချမ်းပြည့်၊ မသင်းနန္ဒာတို့၏အဘွားသည် ၁၅-၁-၂၀၁၄ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၇း၁၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင်သင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကွယ်လွန်သူအားရည်စူး၍ ၂၁-၁-၂၀၁၄ရက် (အင်္ဂါနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

---

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

# ဒေါ်ရင်တင့် (သုံးဆယ်)

**အသက်(၈၄)နှစ်**

ရန်ကုန်မြို့၊တာမွေမြို့နယ်၊ကျားကွက်သစ်ရပ်ကွက်၊ အမှတ် ၃၀ (သုံးလွှာ)၊ စိတ္တသုခလမ်းနေ (ဦးတင်လှ)၏ဇနီး၊ ဦးသန်းဌေး၊ ဦးလွမ်းမိုး-ဒေါ်သန်းသန်းတင်၊ ဦးမောင်မောင်ချို-ဒေါ်တင့်စန်းရီ၊ ဦးဝင်းအောင်-ဒေါ်မြင့်မြင့်ဦးတို့၏မိခင်၊ မြေးကိုးယောက်၊ မြစ်ငါးယောက်တို့၏အဘွားသည် ၁၃-၁-၂၀၁၄ရက် နံနက် ၁၁နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၇-၁-၂၀၁၄ရက် (သောကြာနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

---

## သုံးဆယ်မြို့အသင်း(ရန်ကုန်)

**ကန်တော့ခံ၊ဂုဏ်ထူးဆောင်အသင်းဝင်**

# ဒေါ်ရင်တင့်

**အသက်(၈၄)နှစ်**

